# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၀၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထား

နေပြည်တော် ဒီဇင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ အင်းစိန်ရွာမ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ စာသင်တိုက်ကြီးတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့် နှင့် စည်သူ ဗိုလ်ကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများ မေးမြန်းအားပေးစကားပြောကြား

သတင်း | စာမျက်နှာ - ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ဟောင်း) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးတင်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကားပြောကြားစဉ်။

မြန်မာ့အလင်း

# ဘိုးဘွားတို့ မျှော်မှန်းခဲ့သည့်နိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့တို့၏လက်မှ ပြန်လည်ရယူခဲ့သည်မှာ ၇၄ နှစ်ပြည့်မြောက်တော့မည်။ လွတ်လပ်သည့် နိုင်ငံဘဝနှင့် ဖြတ်သန်းခဲ့ရသည့် နှစ်ပေါင်း ၇၀ ကျော်ကာလသည် စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့မည်ဆိုပါက ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ထိပ်တန်းသို့ တက်လှမ်းနိုင်သည့်နိုင်ငံအဆင့် ရောက်ရှိနိုင်ရန် လုံလောက်သည့်အချိန်ကာလ တစ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက ဆွေးနွေးခဲ့ကြရာတွင် လွတ်လပ်ပြီးနောက် မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ရန်၊ သမ္မတစနစ်ကို ကျင့်သုံးရန်၊ ဒိုမီနီယံကို လက်မခံဘဲ လုံးဝလွတ်လပ်သည့် နိုင်ငံအဖြစ် ရပ်တည်ရန်၊ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရန်ဟူသော အခြေခံမူ လေးရပ်ကို ချမှတ်ခဲ့သည်။ အချုပ်အခြာအာဏာ (Sovereign Power) နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်းက ရှင်းလင်းပြောကြားခဲ့ရာတွင် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အစိုးရနှင့်အပြင်ပန်းအားဖြင့် လွတ်လပ်သော်လည်း နိုင်ငံကြီးတစ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှု၊ ချုပ်ချယ်မှုကို အထူးတလည်ခံနေရသည့်နိုင်ငံမျိုးကို Vassal State ဟု ခေါ်ကြောင်း။ ကိုလိုနီကျွန်ကဲ့သို့ မဟုတ်သော်လည်း တပည့်နိုင်ငံ၊ ကျွန်နိုင်ငံသဘောမျိုးသာ ဖြစ်ကြောင်း။ နောက်တစ်မျိုးမှာ နိုင်ငံကြီး နှစ်နိုင်ငံကြား နယ်နိမိတ်ခြားပေးရုံလောက်သာဖြစ်သည့် Buffer State ဖြစ်ကြောင်း။ မိမိတို့ လိုချင်သည်မှာ Vassal State လည်း မဟုတ်၊ Buffer State လည်း မဟုတ်။ ဆန်မရှိအစားကြီးပဲ ခေါ်ခေါ်လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်တဲ့နိုင်ငံတော်သည်သာ မိမိတို့ လိုချင်သည့် နိုင်ငံတော်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျယ်အဝန်းသည် အရှေ့တောင်အာရှတွင် ဒုတိယအကျယ်ဝန်းဆုံးဖြစ်ပြီး ကုန်းမြေတစ်ဆက်တစ်စပ်တည်း ပိုင်ဆိုင်မှုအရဆိုလျှင် အကြီးဆုံးသော နိုင်ငံဖြစ်သည်။ သမိုင်းတစ်လျှောက် ပတ်ဝန်းကျင်နိုင်ငံများနှင့် ယှဉ်ပြိုင်ရပ်တည်ခဲ့ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံကို ထူထောင်ခဲ့ကြခြင်းဖြစ်သည်။ အမြော်အမြင် ကြီးမား၍ ထက်မြက်သည့် ခေါင်းဆောင်၏ ဦးဆောင်မှုကို ရရှိသလို စည်းလုံးညီညွတ်မှုကိုပါ ရရှိသည်နှင့် မြန်မာတို့၏ ဩဇာသည် ဒေသတွင်း နိုင်ငံများဆီသို့ ပျံ့နှံ့ခဲ့ကြောင်းကိုလည်း သမိုင်းတစ်လျှောက်တွင် တွေ့ရှိနိုင်သည်။ သို့ရာတွင် နှစ်ပေါင်းထောင်ချီသည့် သမိုင်းတစ်လျှောက်တွင် ဤကဲ့သို့သော စုစည်းညီညွတ်မှုအချိန်ကာလတို့မှာ တိုတောင်းလှသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတစ်နိုင်ငံကို ကျွန်ပြုသည့်ပုံစံမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးစွမ်းအားများ ခိုင်မာတောင့်တင်းအောင် တည်ဆောက်ပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နိုင်အောင် အားထုတ်ကြိုးပမ်းကြရသည်။ နိုင်ငံတစ်နိုင်ငံတွင် စည်းလုံးညီညွတ်မှု ပြိုကွဲနေမည်၊ စီးပွားရေးအရ နိမ့်ကျနေမည်၊ စစ်ရေးအင်အားလည်း ချည့်နဲ့နေမည်ဆိုပါက အနိုင်ကျင့်ဗိုလ်ကျခံရသည့် နိုင်ငံဘဝသို့ ကျရောက်သွားရမည်ဖြစ်သည်။ ဘိုးဘွားတို့က နှစ်ပေါင်းထောင်နှင့်ချီ၍ တည်ဆောက်ခဲ့သည့်နိုင်ငံကို လုယက်ခဲ့သည့် နယ်ချဲ့တို့ထံမှ အသက်သွေးများစွာပေးဆပ်၍ ပြန်လည်ရယူခဲ့ပြီးသည့်နောက်တွင် အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုတို့ တည်တံ့ခိုင်မြဲရေး၊ တောင့်တင်းခိုင်မာသော စွမ်းအားများဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်လာရေးတို့ကို ပစ္စုပ္ပန်မျိုးဆက်တို့က အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထမ်းရွက်ကြရပါမည့်အကြောင်း ။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို (၁၀၃)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲဖြေဆိုနေကြသည့် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညို



ရန်ကုန် ဒီဇင်ဘာ ၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏ စာမေးပွဲဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များနှင့် စာဖြေသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၁၀၃) ကြိမ်မြောက် စေတိယင်္ဂဏစာလျှောက်မေးပွဲ ဖြေဆိုလျက်ရှိသော သီးခြားစာချတန်း ၂၈ ပါး၊ သီးခြားစာသင်တန်း ၆၇ ပါးတို့ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖြေဆိုနေမှုကို ဖူးမြော်ကြည်ညိုကြသည်။

စေတိယင်္ဂဏ စာမေးပွဲကြီး ဖြစ်ပေါ်လာမှုမှာ ၁၈၉၄ ခုနှစ်တွင် စေတိယင်္ဂဏအသင်းကြီး စတင်တည်ထောင်ခဲ့ပြီး ၁၉၁၈ ခုနှစ်မှ စတင်၍ စေတိယင်္ဂဏစာလျှောက်မေးပွဲကြီးကို ကျင်းပခဲ့သည်။ ၁၉၈၄ ခုနှစ် (၆၇) ကြိမ်မြောက် စေတိယင်္ဂဏစာလျှောက်မေးပွဲမှ စတင်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပခဲ့သည်မှာ ယခုနှစ်အထိ (၁၀၃)ကြိမ်မြောက် ရှိပြီဖြစ်သည်။

မန္တလေးမြို့တွင်လည်းမန္တလေး ပရိယတ္တိ သာသနာ့ဟိတအသင်းကြီးမှ ကြီးမှူး၍ ပရိယတ္တိ သာသနာ့ဟိတ သကျသီဟ သာမဏေကျော် စာမေးပွဲနှင့် စာချတန်းစာမေးပွဲတို့ကို ၁၉၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်အထိ (၁၁၈)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၅

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲမှ စတင်၍ MWD Channel ၊ MWD Variety Channel နှင့် MRTV တို့မှ တိုက်ရိုက် (Live ) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရေတာရှည်မြို့နယ်တွင် ဒေသခံပြည်သူများ အဆင်ပြေစွာခရီးသွားလာနိုင်ရေး ကွန်ကရစ်လမ်းများဆောင်ရွက်ပြီးစီး

ရေတာရှည် ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာခရီးသွားနိုင်မည့် ကွန်ကရစ်လမ်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆွာမြို့နှင့်အဓိကဆက်သွယ်ထားသော ဆွာ-ထောက်ကြန့်ကွင်း-သဖန်းစင် လမ်းပိုင်းတွင် မြို့နယ်ကျေးလက်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Ko Yan Naing Logistics Co.Ltd က ဆောင်ရွက်ခဲ့သော အရှည် ၀/၂ ဒသမ ၂ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ် လမ်းဆောင်ရွက်ပြီးစီး၍ အများပြည်သူစတင်ဖြတ်သန်းသွားလာခွင့်ပြုခဲ့သဖြင့် ဆွာမြို့အရှေ့ဘက်ခြမ်း ကျေးရွာပေါင်း ၂၀ မှ ဒေသခံများ အဆင်ပြေစွာ သွားလာနိုင်ကြပြီဖြစ်သည်။ ထို့အတူ ရေတာရှည်မြို့မြောက်ဘက်၊ ညောင်ပင်ကိုင်း- ပိတောက်ခင်-ရွာသစ်ကျေးရွာတို့ကို ဆက်သွယ်ထားသော လမ်းပိုင်းတွင် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီး၍ ချောင်းခွ၊ ဖိုးချမ်းကုန်း၊ ကြို့ပင်သာ၊ သပြေကုန်း၊ သဲကော၊ တောင်နီကုန်းကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေးအဆင်ပြေစွာသွားလာနိုင်ပြီ ဖြစ်သည်။

ကိုလွင်(ဆွာ)

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10 x 10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10 x 10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10 x 10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10 x10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3 x10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10x10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10x10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10x10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❒ *ရှေ့ဖုံးမှ*

သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် စာသင်သားသံဃာတော်များအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုကြသည်။

### ဦးစွာတင်ပြလျှောက်ထား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းစိန်ရွာမဆရာတော်ကြီးထံ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် “မာရဝိဇယ” ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒါများ၊ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ ထုဆစ်ပူဇော်လျက်ရှိသည့် အခြေအနေ၊ ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးလာ မိဘပြည်သူများဖူးမြော်ရာ၌ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာမြတ်ကိုပါ တစ်ပါတည်း ဖူးမြော်ကြည်ညို ပူဇော်နိုင်ရေး၊ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးတို့အတွက် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ထွင်းထုပူဇော်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စိုက်ထူနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အဆိုပါ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်ကာ ပါဠိဘာသာနှင့် Romanize Language ယှဉ်တွဲ၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေပြီး နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များ၊ စာသင်တိုက်များ၊ ကျောင်းတော်ကြီးများသို့ အခမဲ့ဖြန့်ချီပေးသွားမည့်အခြေအနေ၊ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဦးစွာတင်ပြလျှောက်ထားသည်။

### တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆေးစစ်မှုများနှင့် ကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကို အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့သည့် အခြေအနေနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ယခုနှစ်အပြီးတွင် ဆေးထိုးနှံရန်လိုအပ်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ တင်ပြလျှောက်ထားသည်။

### ပြန်လည်မြွက်ကြား

တင်ပြလျှောက်ထားမှုများအပေါ် ဆရာတော်ဘုရားကြီးက တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေးများကို လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာတော်ကို ယခုထက်ပိုမို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေကြောင်းနှင့် အခြားလိုအပ်သည်များကို ပြန်လည် မြွက်ကြားသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းစိန်ရွာမဆရာတော်ကြီးထံသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ပရိက္ခရာ(၈)ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ပိဿာ ၁၀၀၊ ဆား ၁ အိတ်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်ကြီးထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ အမျှပေးဝေ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်ရွာမဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၅**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ မဏိစည်သူကျောင်းတိုက်၊ မှော်ဘီမြို့နယ် ရေပြာကျေးရွာရှိ အောင်ဓမ္မသိဒ္ဓိကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သိမ်စမ်းပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ အောက်ရွာဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ရန်အောင်မာန်အောင်ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးရပ်ကွက်ရှိ ဝင်္ကပါတောရဘုန်းတော်ကြီးကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်

## မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်ကြသော်လည်း ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များလည်းရှိပြီး ရှေးယခင်ကတည်းကပင် အတူတကွစုစည်းနေထိုင်ခဲ့ကြ

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ် ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း နှင့် အလုပ်အမှုဆောင်များ အား ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံစဉ်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေး ဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော် ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိ သူများ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ် ကြသည့် ဗုဒ္ဓဘာသာအသင်းမှ ဦးဆန်းထွန်း၊ ဟိန္ဒူဘာသာ အသင်းမှ ဦးဇော်ဇော်နိုင်၊ ခရစ် ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ အစ္စလာမ်ဘာသာ အသင်းမှ ဦးအောင်ဇော်ဝင်းတို့နှင့် အလုပ် အမှုဆောင်များ၊ တရုတ်ဘုံ ကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က တွေ့ဆုံနှုတ်ဆက် စကားပြောကြားရာတွင် ရန်ကုန် မြို့သို့ ရောက်ရှိနေစဉ်အတွင်း အခါအခွင့်သင့်သဖြင့် ဘာသာ ပေါင်းစုံအဖွဲ့အစည်းများမှ တင်ပြ လိုသည့်ကိစ္စရပ်များအား သိရှိနိုင် ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေး နိုင်မည့်ကိစ္စရပ်များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှု ဆောင်များကို ယခုကဲ့သို့ တွေ့ဆုံ ရခြင်းဖြစ်ကြောင်း ဦးစွာ ပြောကြားပြီး တက်ရောက်လာကြ သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် မိတ်ဆက်ပေး သည်။

### လုံးဝသွေဖည်သွားမည်မဟုတ်

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့ အနေဖြင့် နိုင်ငံ၏ ဖြစ်ပေါ် လာသည့် အခြေအနေများအရ နိုင်ငံတော်တာဝန်များကို ခေတ္တ ဝင်ရောက် တာဝန်ထမ်းဆောင်နေ ခြင်းဖြစ်ကြောင်း၊ **နိုင်ငံတော်အနေ ဖြင့် စစ်မှန်သည့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်း နေခြင်းဖြစ်ပြီး ပြည်သူများ ရွေးချယ်ထားသည့် လမ်းကြောင်း ဖြစ်သဖြင့် လုံးဝသွေဖည်သွား မည် မဟုတ်ကြောင်း၊** နိုင်ငံရေး တာဝန်အား ဝင်ရောက်တာဝန် ထမ်းဆောင်ခဲ့ရခြင်းသည် မိမိတို့ က ဖန်တီးဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမို ကရေစီအထွေထွေ ရွေးကောက်ပွဲမတိုင်မီ ကာလ အတွင်း လွှပ်လပ်၍ မျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ နိုင်ငံ ရေးတွင် ရိုးသားမှုရှိစေရေးနှင့် နိုင်ငံရေးအရ လက်စားချေခြင်း များ မပြုလုပ်စေရေးအတွက် မိမိ အနေဖြင့် အမြဲမပြတ် တိုက်တွန်း ပြောကြား ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရပါတီမှ ရွေးကောက်ခံ ကိုယ်စားလှယ်များ က သမ္မတရွေးချယ်ခြင်း၊ အစိုးရ အဖွဲ့ ဖွဲ့စည်းခြင်းများကို ဆောင် ရွက်ရခြင်းဖြစ်ကြောင်း၊ သမ္မတ မှတစ်ဆင့် တရားသူကြီးများ ခန့်အပ်ခြင်းများကို ဆောင်ရွက် ရခြင်းဖြစ်သဖြင့် အထွေထွေ ရွေးကောက်ပွဲတွင် မျှတမှုရှိစေရေး သည် နိုင်ငံအတွက် လွန်စွာ အရေးကြီးခြင်းပင် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် မသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိ တို့အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော် တာဝန်များကို ဝင်ရောက် ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

### နိုင်ငံ့အရေးကိစ္စများ စုပေါင်းအားဖြင့် ဆောင်ရွက်ရမည်

မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့ အနေဖြင့် ပြည်သူများရွေးချယ် ထားသည့် ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက် လှမ်းရမည်ဖြစ်ကြောင်း၊ ဒီမို ကရေစီနှင့် ဖက်ဒရယ်ကို အခြေခံ သည့် ပြည်ထောင်စုကို တည် ဆောက်ရာတွင် ယခုတက်ရောက် လာကြသည့် ဘာသာပေါင်းစုံ အဖွဲ့၏ ကူညီဆောင်ရွက်မှုများ လည်း လိုအပ်ကြောင်း၊ နိုင်ငံ့ အရေးကိစ္စများ ဆောင်ရွက်ရာတွင် အားလုံးပါဝင်သော စုပေါင်းအား ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်း သဘောထားကွဲလွဲမှု များရှိနိုင်သော်လည်း အများစု ၏ ဆန္ဒသဘောထားကို လက်ခံ ဆောင်ရွက်ရန် လိုသကဲ့သို့ အနည်းစု၏ ဆန္ဒသဘောထား ကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး လျှောက် လှမ်းမှုတွင် အဆင်ပြေချောမွေ့ စေရန်အတွက် မိမိတို့က ဝိုင်းဝန်း ဆောင်ရွက်နေခြင်းပင် ဖြစ်** ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန် တွင်လည်း အားလုံးပူးပေါင်း ၍ ဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးအခြေအနေဖြစ်ပေါ် လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ တွင် ဗုဒ္ဓဘာသာ အများဆုံး

*စာမျက်နှာ ၅ သို့*

❑ **ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောထားကွဲလွဲမှုများ ရှိနိုင်သော်လည်း အများစု၏ဆန္ဒသဘောထားကို လက်ခံဆောင်ရွက်ရန်လိုသကဲ့သို့ အနည်းစု၏ ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန်လို၊ နိုင်ငံတော်၏ နိုင်ငံရေး လျှောက်လှမ်းမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့က ဝိုင်းဝန်းဆောင်ရွက်နေခြင်းပင်ဖြစ်**

*စာမျက်နှာ ၄ မှ*

ကိုးကွယ်ကြသော်လည်း ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များလည်းရှိပြီး ရှေးယခင်ကတည်းကပင် အတူတကွ စုစည်းနေထိုင်ခဲ့ကြပြီး ဘာသာတရားအလိုက် ကိုးကွယ်နေကြသည့် ဓလေ့ထုံးတမ်းစဉ်လာများပင် ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘာသာရေးနှင့် ပတ်သက်၍ အစွန်းရောက်မှုများမရှိအောင် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့အားလုံးသည် နိုင်ငံအတွင်းကာလရှည်ကြာစွာ အတူတကွနေထိုင်လျက်ရှိသူများဖြစ်သဖြင့် အားလုံးက နိုင်ငံတော်အတွက် တူညီသည့်စိတ်ဖြင့် အတူတကွဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဒုတိယဥက္ကဋ္ဌ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်အား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချို တို့က ဆွေးနွေးတင်ပြကြရာတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ယခုနှစ် စက်တင်ဘာလတွင် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဘာသာအလိုက် ပြုလုပ်သည့် ဘာသာရေးပွဲတော်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများ စသည့် ကဏ္ဍများတွင် ဘာသာပေါင်းစုံစုပေါင်း၍ နိုင်ငံသားကောင်းပီသစွာဖြင့် တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းကူညီ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံတော်မှ ပေးအပ်လာသည့် ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာရေးဆိုင်ရာ ပွဲတော်များကို စည်းကမ်းစနစ်တကျဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံအတွင်း မည်သည့် ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ ဘာသာရေးအရ လုံခြုံမှု၊ ရိုသေမှုများကို ဖော်ဆောင်ပေးနိုင်ရေး ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**အဖွဲ့အား ပြန်လည်ဖွဲ့စည်း**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားနတ်ကိုးကွယ်မှုများကိုလည်း ကိုးကွယ်ရာဘာသာဟူ၍ အသိအမှတ်ပြုသည်ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံတို့၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ရှိပါကြောင်းဖြင့်ပြောကြားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အား ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့မှုနှင့် လိုအပ်ချက်များ တင်ပြထားရှိမှုကိုလည်း ကဏ္ဍများအလိုက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားမှုများနှင့် ပတ်သက်၍ တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်တွင်း၏ စည်းလုံးညီညွတ်မှုအားသည် အခိုင်အမာဆုံး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးကိုအားပေးပြီး ပြည်သူများ၏ လူမှုဘဝ တိုးတက်ရေးအတွက် အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာအားလုံး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင် ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု မရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ သာယာဝပြောခြင်းမှာ ပြည်သူများ၏ လူမှုဘဝ တိုးတက်မှုရှိရန်ပင်ဖြစ်ပြီး ငြိမ်းချမ်းမှုရှိသည့် နိုင်ငံအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး အဆိုပါ နိုင်ငံများအားလုံးတွင် ပြည်သူများသည် လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အားလုံးတူညီသည့် စိတ်ဆန္ဒများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

**အချိန်နှင့်တစ်ပြေးညီဆောင်ရွက်**

ကိုဗစ် – ၁၉ စတင်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ရောဂါကူးစက်မှုနှုန်း မြန်ဆန်၍ ဖြစ်ပွားမှု မြင့်တက်ခဲ့သဖြင့် ထိခိုက်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ချိန်၌ **"ပြည်တွင်း၏ အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများက မိမိတို့ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမှ ရရာ နည်းလမ်းများဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့မှုများ၊ မှန်ကန်သည့် ဦးဆောင်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့်အခက်အခဲများကြားမှ ကိုဗစ် -၁၉ ရောဂါကူးစက်မှုသည် ယခုအချိန်တွင် များစွာ လျော့နည်းလာခဲ့ပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာခြင်းဖြစ်သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ရောဂါကူးစက်မှုကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံး စီးပွားရေးဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ ယန္တရားများ တုံ့ဆိုင်းသွားခဲ့ရကြောင်း၊ အလားတူ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆေးဝါးပစ္စည်းများ ဝယ်ယူရေးအတွက်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေများ များစွာသုံးစွဲရကြောင်း၊ ပြည်သူများ၏ အသက်ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေများအား ခွင့်ပြုပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြကြောင်း။

**အရေးပါသည့်ကဏ္ဍတွင်ပါဝင်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းသွားသည့်အတွက် နိုင်ငံတော်၏ တုံ့ဆိုင်းသွားသည့် ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရန်လိုကြောင်း၊ ယခု ဘာသာပေါင်းစုံအဖွဲ့ကြီး အနေဖြင့် အရေးပါသည့်ကဏ္ဍတွင် ပါဝင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိက မောင်းနှင်အားတစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ပါကြောင်း၊ အားလုံးညီညီညွတ်ညွတ်ဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အလုပ်လုပ်ရန်လိုအပ်ပြီး နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာ အတတ်ပညာများဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပတ်ဝန်းကျင်ရှိ လုပ်ငန်းဆောင်ရွက်နေသူများအား တိုက်တွန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လူငယ်များ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့် အတတ်ပညာများ ရရှိအောင် သင်ကြားပေးရမည် ဖြစ်ကြောင်း၊ အခြေခံပညာဖြစ်သည့် အတန်းပညာများကိုလည်း တတ်ကျွမ်းအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ တိုးတက်ကြီးပွားလျက်ရှိသည့် နိုင်ငံများသည် စာပေပညာတတ်ကျွမ်းမှုရှိသည့် နိုင်ငံများပင်ဖြစ်ကြောင်း။

**စေတနာအပြည့်ဖြင့် ကြိုးပမ်း**

နိုင်ငံကောင်းအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံး နိုင်ငံကောင်းအောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက် ကြစေလိုကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ ပတ်ဝန်းကျင်ရှိ အင်အားစုများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ အသိပညာ အတတ်ပညာများကို ရှာဖွေဆောင်ရွက်နိုင်ရေး လှုံ့ဆော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် အနာဂတ် မျိုးဆက်သစ်များ ပေါ်ထွက်လာရန်များစွာ လိုအပ်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် မိမိတို့ လုပ်ဆောင်နေရသည့် ကဏ္ဍများတွင် စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ် စိန်ရတုနှစ်သို့ပင် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဖြတ်သန်းလာသည့် ကာလများတွင် ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများကို အသုံးချ၍ နိုင်ငံ့ကောင်းရာကောင်းကျိုးတို့ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများဖြစ်သော်လည်း ဘာသာရေးကို အခြေမခံဘဲ နိုင်ငံ့အရေးနှင့် အမျိုးသားရေးကို အခြေခံ၍ တိုင်းပြည်အကျိုးစီးပွား တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်မလဲဆိုသည့် စိတ်ဆန္ဒသည် အဓိကဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာ ဂုဏ်ပြုမင်္ဂလာပဝါနှင့် မင်္ဂလာပန်းကုံးတို့ကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဘာသာပေါင်းစုံအသင်းမှ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့် နှင့် စည်သူဗိုလ်ကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများ မေးမြန်းအားပေးစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် စည်သူ ဗိုလ်ကလေး တင့်အောင်တို့ကို သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။

## မေးမြန်းအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ဗဟန်းမြို့နယ် သံလွင်လမ်းရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ဟောင်း) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးတင်ဦး၏နေအိမ်သို့ သွားရောက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများအား မေးမြန်းအားပေး စကားပြောကြားသည်။

## ပစ္စည်းများ ပေးအပ်

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကောင်စီအဖွဲ့ဝင်၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် မိတ်ဆက်ပေးပြီး ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက အချိန်တိုအတွင်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး၊ တပ်မတော်ဆေးရုံများတွင် လိုအပ်သည့် ဆေးကုသမှုများခံယူနိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

## သွားရောက်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဝန်ကြီးချုပ်(ဟောင်း) ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့်၏နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။

## တစ်ဦးချင်း မိတ်ဆက်ပေး

ထို့နောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊တပ်မတော်ဆေးရုံများတွင် ဆေးကုသမှုများ ခံယူနိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

## အားပေးစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ တင်ပြခဲ့ပြီး ကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားခဲ့သည်။

## သွားရောက်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ SSC အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စည်သူ ဗိုလ်ကလေးတင့်အောင်အား သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ မိသားစုများကို မေးမြန်းကာ ကျန်းမာရေးကုသမှုအတွက် ထောက်ပံ့ငွေများ၊ အားဖြည့် ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ်စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် SSC အထူးကုဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် စည်သူ ဗိုလ်ကလေး တင့်အောင် အား သွားရောက်ကြည့်ရှုစဉ်။

## မတူတာတွေကိုဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းဆောင်ရွက်

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြတဲ့ အင်အားစုတော်တော်များများဟာ လက်ဝဲယိမ်းသူတွေများပါတယ်။ ဒါ့ကြောင့် ဒီအဖွဲ့တွေကြား မတူတာတွေကို ဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းပြီး ပြည်တွင်းညီညွတ်မှုရစေဖို့၊ ဒီကမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေဖို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# အိန္ဒိယနိုင်ငံသို့ အသည်း၊ ကျောက်ကပ် အစားထိုးကုသမှုဆိုင်ရာ ပညာတော်သင်များ နိုင်ငံတော်အစီအစဉ်ဖြင့် စေလွှတ်မည်

ရန်ကုန် ဒီဇင်ဘာ ၅

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သည် ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပါမောက္ခချုပ် ဒေါက်တာသီတာလှ (ဆေးရုံအုပ်ကြီး/ကုသရေး)နှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့်ပါမောက္ခများ၊အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အထူးကုသမားတော်ကြီးများအနေဖြင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြိုးစား ဆောင်ရွက်ပေးစေလိုကြောင်း၊ အချို့ဆေးရုံများတွင် လက်ခံကုသမှုပေးနိုင်သော အခြေအနေရှိသော်လည်း လက်ခံကုသမှု အားနည်းလျက်ရှိနေသေးကြောင်း၊ သို့သော် အချို့တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများတွင် ဆရာဝန်တစ်ယောက်တည်းရှိသော်လည်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအပြင် ခွဲစိတ်ကုသမှုပေးခြင်း၊ ကလေးမွေးဖွားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ခွဲစိတ်မှုများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက Pack-age အလိုက် ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသို့ အသည်း၊ ကျောက်ကပ် အစားထိုးကုသမှုဆိုင်ရာ ပညာတော်သင်များ စေလွှတ်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အသီးသီးမှ အထူးကုဆရာဝန်များကို နိုင်ငံတော်အစီအစဉ်ဖြင့် စေလွှတ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုနှင့် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုများကို အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်အောင် ကြိုးစားစေလိုပါကြောင်း၊ ပြည်သူများ၏ အကျိုးကို ရှေးရှု၍ စေတနာထက်သန်စွာဖြင့် ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လူနာများကုသရန် ပြင်ဆင်ဆောင်ရွက်ထားရှိသည့်အထူးကြပ်မတ်ကုသဆောင်၊ လူနာဆောင်များ၊ အရေးပေါ်၊ ပြင်ပလူနာဌာနနှင့် ဓာတ်မှန်ဌာနသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးသည် ဗဟိုအဆင့် ဆေးရုံများအနက် လူနာအများဆုံး လက်ခံကုသပေးနေရ၍ အတွင်းလူနာ စုစုပေါင်း ၅၀၀ ခန့် လက်ခံကုသမှုပေးနေသည်ဟု သိရှိရပါကြောင်း၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးသည် ဆေးပညာသင်ကြားရေး ဆေးရုံကြီးဖြစ်သည်နှင့်အညီ မကြာခင်ပြန်လည်ဖွင့်လှစ်တော့မည့် နောက်ဆုံးနှစ်အပိုင်း(ခ)ပုံမှန်နှင့် နောက်ဆက်တွဲအတန်းများအတွက် သင်ကြားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်ပြန်လည်ဝင်ရောက် လိုသော ဆရာဝန်၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများအား ကြိုဆိုလျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်မှ ဝေးကွာလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ သက်ဆိုင်ရာ အလုပ်ဌာနများသို့ ပြန်လည်ဝင်ရောက်ပါက ပြည်သူလူထုအတွက် လွန်စွာအကျိုးရှိပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရပ်စောက်မြို့နယ် မြို့မဈေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

**ရပ်စောက် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်ရှိ မြို့မဈေး သမဝါယမ အသင်းလီမိတက်မှ အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ် အတိုးထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က အဆိုပါ အသင်းရုံးခန်း၌ ကျင်းပရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဒုတိယ ခြောက်လအတွက် စုဆောင်းငွေပေါ်အတိုးကျပ် ၁၄၀ ဒသမ ၁၈ သိန်းအား အသင်းသား ၅၅၁ ဦးသို့ အသင်းဒါရိုက်တာအဖွဲ့မှ အသင်းသားများ လက်ဝယ်အရောက်ထုတ်ပေးခဲ့ပြီး အသင်းဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများစည်းလုံးမှု၊ ကြိုးစားဆောင်ရွက်မှုများနှင့် အသင်း၏ငွေစုငွေချေး လုပ်ငန်းများ တိုးတက်အောင်မြင်၍ အသင်းသားပြည်သူများ၏ အကျိုးခံစားခွင့်များရရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရှာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

◆ *ကျောဖုံးမှ*

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Clean Power Energy (CPE) Co.,Ltd မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် Clean Power Energy (CPE) Co.,Ltd မှ တာဝန်ရှိသူတို့က မဂ္ဂါဝပ် ၃၀ သပြေဝနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဓာတ်အားပေးစက်ရုံ ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သပြေဝ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးတွင် Clean Power Energy (CPE) Co.,Ltd မှ BOO (Build OperateOwn)စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေအား၊ နေအား၊ လေအား အစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် သဘာဝက ပေးထားသည့် အားသာချက်ကို ကောင်းစွာ အသုံးချပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မြေကေများစွာ လိုအပ်သည့်အတွက် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး ဆောင်ရွက်ရန် ခက်ခဲသည့် မြေများနှင့် အပူပိုင်းဒေသ လွင်တီးခေါင်ပြင်မြေများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထပ်မံ၍ မြေပေါ်အခြားမြေပြင်၌ တည်ဆောက်မည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများနှင့် ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ (Floating Solar Plants) ကိုလည်း အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု သပြေဝနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၏ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ မြန်မာနိုင်ငံတွင် ဒုတိယမြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းမှ တစ်ရက်လျှင် လျှပ်စစ်ယူနစ် ကီလိုဝပ်နာရီ ၂ သိန်းကျော်ခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ဒသမ ၅၉၉ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို သပြေဝပင်မ ဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက် ပို့လွှတ် ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိမ်ထောင်စုပေါင်း (၁၀ ဒသမ ၉)သန်းကျော်ရှိသည့်အနက် အိမ်ထောင်စု (၆ ဒသမ ၆)သန်းခန့်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ မီးပေးနိုင်ပြီးဖြစ်၍ အိမ်ထောင်စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်မီးရရှိသုံးစွဲပြီးသူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ပေးနေသကဲ့သို့ လျှပ်စစ်မီးသုံးစွဲခွင့်မရသေးသူများအတွက်လည်း သုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ အနေဖြင့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ သုံးစွဲခြင်း၊ လိုအပ်သလောက်ကိုသာ ချွေတာသုံးစွဲခြင်းနှင့် မိမိတို့ သုံးစွဲခဲ့သော ကျသင့်သည့် ဓာတ်အားခများကို သတ်မှတ်ရက်များအတိုင်း အချိန်မီပေးသွင်းကြခြင်းဖြင့် နိုင်ငံအတွင်းရှိ လျှပ်စစ်မီးသုံးစွဲရန် ကျန်ရှိနေသူ ပြည်သူများ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး၊ လက်ရှိဓာတ်အား သုံးစွဲနေသော စက်ရုံ၊ အလုပ်ရုံများအပြင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၏ ဓာတ်အားလိုအပ်ချက်ကို စဉ်ဆက်မပြတ် တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းကူညီ စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက စက်ရုံ တည်ဆောက်ရသည့် အကျိုးကျေးဇူးကို လည်းကောင်း၊ Clean Power Energy (CPE) Co.,Ltd မှ တာဝန်ရှိသူက ဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်ခဲ့မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုပြီး နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အား စနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဓာတ်အားပေးစက်ရုံ ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများ မဂ္ဂါဝပ် ၃၀ သပြေဝနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၀၉ ဦး၊ အမျိုးသမီး ၂၀၄ ဦး စုစုပေါင်း ၄၁၃ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ သွင်းကုန်အစားထိုး ဘက်ထရီအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်

ရန်ကုန် ဒီဇင်ဘာ ၅



**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ သွင်းကုန်အစားထိုး ဘက်ထရီအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေသည့် Proven Polyworld Company ၏ စက်ရုံလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုအားပေးသည်။** (ယာပုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက လုပ်ငန်းလည်ပတ်နေမှု အခြေအနေ၊ ဘက်ထရီအိုးနှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ပြည်တွင်း၌ ကုန်ကြမ်းဝယ်ယူရရှိနိုင်မှုအခြေအနေ၊ ဘက်ထရီနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပအိမ်နီးချင်း နိုင်ငံများအထိ ဖြန့်ဖြူးရောင်းချနိုင်မှု အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို နည်းပညာတိုးမြှင့်၍ ဆောင်ရွက်နိုင်ရေး၊ ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆက်လက် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး စက်ရုံအတွင်း ဘက်ထရီအိုးများ ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ လုပ်ငန်းသည် ပြည်တွင်းမှ ကုန်ကြမ်းများကို အဓိကအသုံးပြုကာ တစ်နေရာတည်း၌ ဘက်ထရီအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ကာ နိုင်ငံတကာအဆင့်မီ Toyo အမှတ်တံဆိပ်မော်တော်ယာဉ်သုံး ဘက်ထရီများအား ပြည်တွင်းသာမက ပြည်ပအထိ တင်ပို့ရောင်းချနေသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာရပ်အလိုက် သင်ကြားနိုင်ရန် ဆရာ ဆရာမ လိုအပ်ချက်ကို ဖြည့်ဆည်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်များသို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်အလိုက် သင်ကြားနိုင်ရန် ဆရာဆရာမလိုအပ်ချက်ကို ဖြည့်ဆည်းခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘာသာဗေဒကို စိတ်ဝင်စားသည့်သူများ ဆရာဆရာမ လျှောက်ထားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြား ကျောင်းသား ကျောင်းသူများ အဆောင်ကိုလည်း တက္ကသိုလ်မှ တိုက်ရိုက်စီမံခန့်ခွဲနိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် မြန်နှုန်းမြင့် အင်တာနက် ဝိုင်ဖိုင်ရရှိရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်ကာလတွင် သင်ကြားပေးလျက်ရှိသည့် အွန်လိုင်းသင်ကြားခြင်းများအတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် လိုအပ်သည့် စာသင်ဆောင်များ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ရေသန့်စက်များ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလုံလောက်စွာရရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးကြစေလိုကြောင်း၊ သို့မှသာ မိမိအနေဖြင့် ဆရာဆရာမများ၏အဓိက လိုအပ်ချက်များနှင့် တင်ပြချက်များကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများ အပေါ်တွင် စေတနာထားပြီး သင်ကြားပေးကြစေ လိုကြောင်းနှင့် အပြန်အလှန် လေးစားမှုဖြင့် ဆက်ဆံကာ ပညာရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများက ဘာသာစကားသင် ဆရာဆရာမများ သင်ကြားသင်ယူခြင်း နည်းစနစ်များ ပိုမိုကောင်းမွန်လာစေရေးအတွက် မိတ်ဖက်တက္ကသိုလ်များသို့ အလှည့်ကျစေလွှတ်ပေးရေး၊ ဆရာဆရာမများ၏ အပြောင်းအရွှေ့ကိစ္စရပ်များ စဉ်းစားပေးရေး၊ နိုင်ငံခြားကျောင်းသား ကျောင်းသူများ အဆောင်ကို အဆောင်လခနှင့် ညီမျှသည့် အထောက်အပံ့များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ ဆရာဆရာမများ၏ ဝန်ထမ်းအိမ်ရာများတွင် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ တက္ကသိုလ်စာကြည့်တိုက်များဖြည့်ဆည်းရေး၊ ကျောင်းဆောင်အသစ် ဆောက်လုပ်ရေး၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမ်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာကော်မတီသစ်ရွေးချယ်ဖွဲ့စည်းခြင်းပြုလုပ်

**အမ်း ဒီဇင်ဘာ ၅**

ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် ဒီဇင်ဘာ ၃ ရက်က အမ်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီ(လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများသည် အမ်းမြို့နယ် မွှားကျေးရွာအုပ်စု အော်သကဲကျေးရွာသို့ ကျေးရွာကော်မတီဝင်ခုနစ်ဦးအား ကျေးရွာသူကျေးရွာသားများက ပွင့်လင်းမြင်သာစွာ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်ပေးသည်။

ထို့အပြင် အမ်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဖြင့် ရေဘုတ်ကျေးရွာအုပ်စု မြင်ကျေးရွာ၊ ဂါလ်လောင်းကျေးရွာအုပ်စု ပြုတ်ကျွန်းကျေးရွာ၊ အမ်းတောင်ကျေးရွာအုပ်စု ဆင်ခုံတိုင်ကျေးရွာ၊ မွှားကျေးရွာအုပ်စု အော်သကဲကျေးရွာတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းထောက်ပံ့ရန်ပုံငွေ ၁၀ သန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်လှဖြူ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီလေးခု၊ ယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီး၊ တန် ၃၀ နှင့် နှာခေါင်းစည်း(Mask) ၃၃ တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်းအများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ (ပထမဆု)

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့

*သိန်းသန်းဆင့်*

**ဥရောပနိုင်ငံများဖြစ်သည့် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်၊ အင်္ဂလန် စသည့်နိုင်ငံများသည် နည်းပညာနှင့် လူနေမှုအဆင့်အတန်း မြင့်မားသည်ဟုဆိုသော်လည်း မြင့်မားလာသည့် လူနေမှုနှင့်အပြိုင် သားမယားပြုကျင့် အကြမ်းဖက်သည့်နိုင်ငံများ စာရင်းတွင် ပါဝင်လျက်ရှိပေသည်။ အိန္ဒိယနိုင်ငံတွင် အမျိုးသားအများစုသည် လိင်အကြမ်းဖက်ချင်စိတ်များပြားပြီး မိနစ် ၂၀ တွင်တစ်ကြိမ် သားမယားပြုကျင့်မှု ဖြစ်ပေါ်နေသည်ဟုပင် ဆိုကြသည်။ အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများကို တန်ဖိုးထားမှုနည်းပါးလွန်းပြီး နွားကိုပို၍ တန်ဖိုးထားကြသဖြင့် "အမျိုးသမီးနှင့်နွား၊ ဘယ်သူကပို၍ လုံခြုံမှုရှိသလဲ" ဟုပင် ခိုင်းနှိုင်းကြသည်**

ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| အမည် | - ဦးသန်းထွန်းဝင်း |
| ကလောင်အမည် | - သိန်းသန်းဆင့် |
| အသက် | - ၅၆ နှစ် |
| ပညာအရည်အချင်း | - သိပ္ပံဘွဲ့ (ဘူမိဗေဒ) |
| လူမျိုး/ ဘာသာ | - ဗမာ/ ဗုဒ္ဓ |

"ပုခက်လွှဲသော မိခင်တို့၏လက်သည် ကမ္ဘာကို လွှမ်းမိုးနိုင်သည်"ဟုဆို၏။ သို့သော် မိခင်ဘဝပင် မရောက်လိုက်မီ အကြမ်းဖက်ခံလိုက်ရသည့် အမျိုးသမီးများမှာ မနည်းလှပေ။ အမျိုးသမီးများ၏ ရုပ်ခန္ဓာသဘောသဘာဝအရ နွဲ့နောင်း၊ ပျော့ပျောင်းမှု၊ စိတ်အားငယ်တတ်မှုကို အခွင့်ကောင်းယူ ချိုးနှိမ်ကာ အမျိုးသားများက အကြမ်းဖက်ကြလေသည်။ အချို့အမျိုးသမီးများဆိုလျှင် အကြမ်းဖက်ခံရသည်ကိုပင် သိရှိနိုင်ခြင်းမရှိဘဲ ဖြစ်ရိုးဖြစ်စဉ် အလေ့အထတစ်ခုအဖြစ်သာ ခံစားသိရှိကြလေသည်။

အမျိုးသမီးများသည် ပင်ကိုစရိုက်အနေအထားအရ ရုပ်ခန္ဓာပျော့ပျောင်းသကဲ့သို့ စိတ်ခံတော်ရေးရာအရလည်း နူးညံ့ခြင်း၊ အရှက်သိက္ခာကို ထိန်းသိမ်းရခြင်းတို့ကြောင့် မတရားအကြမ်းဖက်ခံရမှန်း သိရှိကောင်းသိရှိသော်လည်း တစ်ပါးသူကို ဖွင့်ဟရန်ဝန်လေးနေတတ်ကြပေသည်။ ကျား၊ မ ကွဲပြားမှုအရ အစဉ်တစိုက် အမျိုးသားများ၏ လွှမ်းမိုးအနိုင်ကျင့်ခံရမှုကို ဓလေ့ထုံးတမ်းသဖွယ် ယုံကြည်နေတတ်ကြပေသည်။ အမျိုးသားများ၏ စိုးမိုးမှုကို အရိုအသေပေး ခံယူနေကြသည့် သဘောရှိပေသည်။ ဤသည်ကိုပင် အမျိုးသားများက အခွင့်ကောင်းယူ အကြမ်းဖက်ကြပေသည်။ အစပိုင်းတွင် အမျိုးသားများက တန်းတူသဘောထားကြသော်လည်း နောက်ပိုင်းတွင် အနိုင်ကျင့်၍ရမှန်းသိလာကာ အကြမ်းဖက်သည့်အဆင့်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ အမျိုးသမီးများအပေါ် အမျိုးသားများက အကြမ်းဖက်မှုသည် မွေးရာပါအခွင့်အရေးတစ်ရပ်ဟု ယူဆကာ နေ့စဉ်နှင့်အမျှ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်နေသည်မှာ ကမ္ဘာနှင့်အဝန်းဖြစ်သည်။ နည်းပညာများ မည်မျှတိုးတက်လာသည်ဆိုကာမူ လူသားမဆန်သည့်စိတ်ကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများ၌ပင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရှိနေရာ ကာကွယ်တားဆီးမှုပြုနိုင်ခြင်း မရှိသေးပေ။

### အကြမ်းဖက်မှုနည်းလမ်းများ

အမျိုးသမီးများအပေါ် အကြမ်းဖက်ရာတွင် အောက်ပါနည်းလမ်းများဖြင့် အကြမ်းဖက်ကြပေသည်-

(၁) ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်း၊
(၂) စိတ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်း၊
(၃) လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်း၊
(၄) ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ အကြမ်းဖက်ခြင်း၊
(၅) နည်းပညာနှင့်ဆက်စပ်သည့် အကြမ်းဖက်ခြင်း၊
(၆) စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်း၊

အမျိုးသမီးများ အကြမ်းဖက်ခံရမှုတွင် ပုံစံအမျိုးမျိုးနှင့် အကြမ်းဖက်မှုပေါင်းစုံ ရှိနေတတ်ပေသည်။ အများစုမှာ အမျိုးသမီးများနှင့် အရင်းနှီးဆုံးနှင့် အတူနေအမျိုးသားများ၏ အကြမ်းဖက်မှုကို ခံရခြင်းပင်ဖြစ်သည်။သမီးရည်းစားချစ်သူစုံတွဲများအကြား၊ အိမ်ထောင်ရှင်အမျိုးသားနှင့် မိသားစုဝင်များအကြားဖြစ်ပေါ်သည့် အိမ်တွင်းအကြမ်းဖက်မှုများမှာ အများအပြားရှိသော်လည်း သမားရိုးကျဖြစ်စဉ်ကဲ့သို့ရှိနေပြီး တိမ်မြုပ်ပျောက်ကွယ်လျက်ပင်ရှိသည်။ ချစ်သူချင်းမို့ သိနားလည်ကြသည်။ သည်းခံခွင့်လွှတ်ရသည်။ လင်နဲ့မယားလျှာနှင့်သွားမို့ အဆန်းတကျယ်မဟုတ်၊ ခေတ္တခဏသာဖြစ်သည့် အလေ့အကျင့်သဘောမျိုးသာဖြစ်သည်ဟု ယူဆကြပေသည်။ အိမ်ထောင်ရှင်အမျိုးသမီးများမှာ သားသမီးများရရှိပါက ပို၍ပင် ဆိုးနေတော့သည်။ သား သမီးများ၏ မျက်နှာထောက်ရ၊ နှစ်ဖက်မိဘမောင်ဖွားများ၏ မျက်နှာထောက်ရနှင့် ရင်ထဲမျိုသိပ်တိတ်ဆိတ်စွာ နေလိုက်ကြရပေသည်။ သည်းခံနိုင်စွမ်းကုန်ဆုံး၍ မခံနိုင်တော့သည့်အခြေအနေသို့ ရောက်ရှိလာမှသာ စိတ်ဒဏ်ရာကြီးစွာ ခံစားရပြီး ဘဝကို အဆုံးတိုင် ကြိတ်မှိတ်ခံစားရပေသည်။ အချိန်လွန်ခဲ့ပြီဖြစ်၍ ဖြစ်လေရာဘဝ ခဝါချ၍သာ ကံကိုလက်ညှိုးထိုး မိုးကိုသာ ယိုးမယ်ဖွဲ့ရသည်။




နိုဝင်ဘာ ၂၄ ရက်က တန်ဇန်းနီးယားနိုင်ငံမှ ကျောင်းသူလေးများစုပေါင်း၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေကြစဉ်။

### ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားဆက်ဆံမှု

နီရာဘယကို ၁၉၉၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရာပရာဒက်ရှ်ပြည်နယ် ဟာသရခရိုင် လယ်သမားမိသားစုက မွေးဖွားခဲ့ပေ၏၊ မိဘများ၏မျိုးရိုးဗီဇအရ ဒလိတဇာတ်နိမ့်နွယ်ဝင်ဖြစ်၍ အိန္ဒိယနိုင်ငံ၏ ဇာတ်နိမ့်၊ ဇာတ်မြင့် ခွဲခြားဆက်ဆံမှု၏ သဘောအရ အနိမ်ခံ၊ အပယ်ခံများဖြစ်ပေသည်။ ဟိန္ဒူဘာသာဝင်များ၏ ဇာတ်ခွဲခြားမှုစနစ်၏ အောက်ဆုံးဝင် ဒလိတမျိုးနွယ်များကို မဆက်ဆံရန် သတ်မှတ်မှုများရှိပေသည်။ နီရာဘယ အပျိုအရွယ်ရောက်လာသည့်အခါ မိန်းကလေးတို့၏ သဘာဝ အလှကြွယ်လာရာ ပုရိသယောကျ်ားများ စွဲမက်ဖွယ်ဖြစ်လာသည်။ အရွယ်လေးရ ကျောင်းသူဘဝတွင် ဇာတ်နိမ့်မျိုးနွယ်ဖြစ်ရကား ဇာတ်မြင့်အမျိုးသားများ၏ အနိုင်အထက်ပြုဖွယ်ဖြစ်နေသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် ဇာတ်မြင့်အမျိုးသားလေးဦးက မွေးရာဇာတိ၌ပင် လယ်ကွင်းအတွင်း တရွတ်တိုက်ဆွဲ၍ အုပ်စုဖွဲ့အဓမ္မကျင့်ခံရရုံမက အသက်ပါ ဆုံးရှုံးရပေသည်။ နီရာဘယ အဓမ္မကျင့်အသတ်ခံရမှုမှာ အိန္ဒိယနိုင်ငံ သာမက ကမ္ဘာသို့ပါ ပျံ့နှံ့ခဲ့သဖြင့် အိန္ဒိယအစိုးရက အဓမ္မကျင့်မှုဆိုင်ရာ ဥပဒေများကို ပြင်ဆင်၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပပျောက်ရေးဆောင်ရွက်ခဲ့သော်လည်း သန်း ၂၀၀ ရှိ ဒလိတနွယ်ဝင် အမျိုးသမီးများမှာ ယနေ့တိုင် အိန္ဒိယနိုင်ငံ၌ အကြမ်းဖက်ခံရဆဲပင်ဖြစ်သည်။ ထိုသို့ ရိုးရာဓလေ့မျိုးနွယ်စု ခွဲခြားမှုများကြောင့်လည်း ဇာတ်နိမ့်အမျိုးသမီးများမှာ အကြမ်းဖက်ခံနေရဆဲဖြစ်သည်။

### စစ်နှင့်ရော၍ အကြမ်းဖက်ခံကြရ

စစ်မက်ဖြစ်ပွားနေသည့် နိုင်ငံများတွင် အမျိုးသမီးများ သာမက အသက်အရွယ်ကြီးသူများ၊ အိုမင်းမစွမ်းသူများ၊ ကလေးသူငယ်များနှင့် နာမကျန်းသူများမှာ စစ်၏ဒဏ်ကြောင့် အတိဒုက္ခရောက်ကြရသည်။ အမျိုးသမီးများမှာ စစ်နှင့်ရော၍ အကြမ်းဖက်ခံကြရသည်။ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုသာမက စိတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်ခံကြရသည်။ လူမှုရေးဆိုင်ရာဆိုးကျိုးများကို နောက်ဆက်တွဲ ခံစားကြရသည်။ ဂွာတီမာလာနိုင်ငံတွင် ကာလရှည်ကြာခဲ့သည့် ပြည်တွင်းစစ်ကြောင့် အမျိုးသမီးများသည် စစ်အတွင်း ပါဝင်ခဲ့ရပြီး ကိုယ်တိုင်တိုက်ခိုက်သူများ၊ တိုက်ခိုက်ရေးအဖွဲ့များကို ပံ့ပိုးပေးရသူများ ဖြစ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စတင်သည့်အခါတွင်မှသာ အမျိုးသမီးများသည် ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာကိစ္စများတွင် ပါဝင်လာခဲ့ပေသည်။ အမျိုးသမီးများ ပါဝင်ခဲ့သည့် အကျိုးဆက်ကြောင့် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် အိမ်ရာနှင့် ငွေကြေးအထောက်အပံ့ပေးခြင်း၊ စစ်အတွင်း ပျောက်ဆုံးခဲ့သည့်ကလေးများရှာဖွေခြင်း၊ လိင်ကိစ္စကျူးလွန်မှုဆိုင်ရာကို အပြစ်ပေးခြင်းနှင့် နိုင်ငံတော်အဆင့် အမျိုးသမီးဖိုရမ်ကျင်းပပေးခြင်း စသည့် အမျိုးသမီးများအရေး ထည့်သွင်းစဉ်းစားသည့် အာမခံချက်များ ရရှိခဲ့ပါသည်။ သို့ရာတွင် ဂွာတီမာလာနိုင်ငံ ဒေသအချို့တွင် မိန်းကလေးများ မွေးဖွားပြီး ၁၂ နှစ်မပြည့်မီ ဘာသာရေးဆရာက သန့်စင်ပေးသည်ဟုဆိုကာ လိင်ဆက်ဆံပေးသည့် အလေ့အထ ရှိနေသေးသည်။ ဆက်ဆံခံရသည့် မိန်းကလေးများအနေဖြင့် မိဘများကိုကြောက်ရွံ့မှုနှင့် ဓလေ့ထုံးစံအရ လိုက်လျောကြရသော်လည်း အမျိုးသမီးသဘာဝအရ စိတ်ခံစားချက်များ ရှိမည်မှာမလွဲပေ။

အမျိုးသမီးများ အကြမ်းဖက်ခံရမှုတွင် အများဆုံးဖြစ်ပွားသည့် အကြမ်းဖက်မှုမှာ အလိုဆန္ဒမပါဘဲ သားမယားပြုကျင့်မှု(မုဒိမ်းမှု)ပင်ဖြစ်သည်။ ဆယ်ကျော်သက်အရွယ် ကလေးငယ်မှစ၍ သက်ကြီးရွယ်အိုအထိ အကြမ်းဖက်သားမယားပြုကျင့်မှုများရှိနေသည်။ အီသီယိုးပီးယားနိုင်ငံသည် သားမယားပြုကျင့်မှု အများဆုံးနိုင်ငံဖြစ်ပြီး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားလွန်း၍ မိန်းကလေးများ မွေးလာပြီး ၁၀ နှစ်အရွယ် ရောက်ပြီဆိုပါက အိမ်ထောင်ပြုစေရသည်အထိဖြစ်သည်။ သီရိလင်္ကာနိုင်ငံမှာ လိင်အကြမ်းဖက်မှုများပြားပြီး တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသား ၁၄ ဒသမ ၅ ရာခိုင်နှုန်းသည် အကြမ်းဖက်မှုကျူးလွန်နေကြပြီး အမှုအခင်းများ၏ ၄ ဒသမ ၅ ရာခိုင်နှုန်းမှာ သားမယားပြုကျင့်မှုများဖြစ်ပေသည်။ သားမယားပြုကျင့်ခံရသည့် အမျိုးသမီးများမှာ မိမိကိုယ်ကို သတ်သေကြသဖြင့် ကမ္ဘာတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေသူအများဆုံးနိုင်ငံဖြစ်ပေသည်။

ဥရောပနိုင်ငံများဖြစ်သည့် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ ဆွီဒင်၊ အင်္ဂလန် စသည့်နိုင်ငံများသည် နည်းပညာနှင့် လူနေမှုအဆင့်အတန်း မြင့်မားသည်ဟုဆိုသော်လည်း မြင့်မားလာသည့် လူနေမှုနှင့်အပြိုင် သားမယားပြုကျင့် အကြမ်းဖက်သည့်နိုင်ငံများ စာရင်းတွင် ပါဝင်လျက်ရှိပေသည်။

*စာမျက်နှာ ၁၁ သို့*

**၁၉၉၉ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ (၅၄) ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၅၄/၁၃၄)အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (Elimination of Violence Against Women Day အဖြစ် သတ်မှတ်ခဲ့ပေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း မဖြစ်မနေ ကာကွယ်တားဆီးရမည်ဟူသည့် ခံဝန်ပြုမှုအနေဖြင့် ယင်းနေ့တွင် ဖဲကြိုးဖြူများ တပ်ဆင်ပံ့ဖော်ကြသဖြင့် "ဖဲကြိုးဖြူနေ့"ဟု လည်း ဆိုကြသည်**

*စာမျက်နှာ ၁၀ မှ*

အိန္ဒိယနိုင်ငံတွင် အမျိုးသားအများစုသည် လိင်အကြမ်းဖက်ချင် စိတ်များပြားပြီး မိနစ် ၂၀ တွင် တစ်ကြိမ် သားမယားပြုကျင့်မှု ဖြစ်ပေါ်နေသည်ဟုပင် ဆိုကြသည်။ အိန္ဒိယနိုင်ငံတွင် အမျိုးသမီးများကို တန်ဖိုးထားမှု နည်းပါးလွန်းပြီး နွားကိုပို၍ တန်ဖိုးထားကြသဖြင့် "အမျိုးသမီးနှင့်နွား၊ ဘယ်သူကပို၍ လုံခြုံမှုရှိသလဲ"ဟုပင် ခိုင်းနှိုင်းကြသည်။ တောင်အာဖရိကနိုင်ငံတွင် အမျိုးသမီးများ၏ အပျိုစင်ဘဝကို အမျိုးသားများ၏ လက်ထဲတွင် အကျိုးမဲ့စွန့်လွှတ်လိုက်ကြရမှု အများဆုံးဖြစ်ပြီး ကမ္ဘာ့မုဒိမ်းမြို့ပြများဟုပင် ကဲ့ရဲ့ကြပေသည်။ တောင်အာဖရိကနိုင်ငံရှိ အကျဉ်းသားအများစုမှာ သားမယားပြုကျင့်သူများ ဖြစ်ပေသည်။ ကမ္ဘာ့စူပါပါဝါနိုင်ငံကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင်လည်း အမျိုးသားအများစုက အမျိုးသမီးများကို အလိုမတူဘဲ သားမယားပြုကျင့်နေချင်ကြပြီး အမျိုးသမီး ခြောက်ဦးတွင် တစ်ဦးမှာ သားမယားပြုကျင့်အကြမ်းဖက် ခံရသူဖြစ်သည်ဟု ဆိုပေသည်။

**ပို၍ပင် ဖြစ်ပွားလျက်ရှိ**

နိုင်ငံတကာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန်အလို့ငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများမှာ အားနည်းချက်များ ရှိနေ၍ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများမှာ ကွယ်ပျောက်သွားခြင်း မရှိသည့်အပြင် ပို၍ပင် ဖြစ်ပွားလျက်ရှိပေသည်။ အိမ်တွင်းအကြမ်းဖက်မှု၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသည့် ဒေသများတွင် စီးပွားရေးဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားဆဲပင် ရှိနေပေသည်။ ရှေးနှစ်ပေါင်းများစွာကပင် နိုင်ငံတကာ၌ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံပြီး အကြမ်း ဖက်မှုများရှိခဲ့၍ ၁၉၇၉ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (The Convention on the Elimination of All Forms of Discrimi–nation Against Women– CEDAW) ကို နိုင်ငံပေါင်း ၁၉၉ နိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးခဲ့ပေသည်။ CEDAW မှာ ၁၉၈၁ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပြီး အသက်ဝင်ချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၈၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ မိမိတို့နိုင်ငံကလည်း အဆိုပါစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ CEDAW ၏ အပိုဒ် ၄ နှင့် ၇ တွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးသည့် မဟာဗျူဟာများကို ချမှတ်ပေးထားပြီး လက်မှတ်ရေးထိုးအတည်ပြုထားသည့် နိုင်ငံများအတွင်း မဖြစ်မနေ လိုက်နာရမည့် နိုင်ငံတကာဥပဒေလည်းဖြစ်သည်။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)ချုပ်ဆိုပြီးနောက်ပိုင်း နိုင်ငံတကာတွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရန် တောင်းဆိုမှု များပြားလာခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ CEDAW ၏ ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းအတည်ပြုခဲ့ပေသည်။ အမျိုးသမီးများ၏ အခွင့်အရေးများကို ဖော်ဆောင်သွားရန်ရည်ရွယ်၍ ၁၉၉၅ ခုနှစ်တွင် ဗီယင်နာကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ယင်းနှစ်မှာပင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု၊ ကာကွယ်တားဆီးနိုင်ရေးအတွက် သံတမန်ရေးရာဆက်ဆံရေး၊ စေ့စပ်ညှိနှိုင်းရေး၊ ကြားဝင်ဖြေရှင်းပေးနိုင်ရေးတို့တွင် အမျိုးသမီးများ ပါဝင်မှုကို အလေးနက်ထားသည့် Beijing Platform for Action ကို အကောင်အထည်ဖော်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကျား၊ မ ရေးရာ အခြေခံသည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ တရားမျှတမှုများရှိစေရန် နိုင်ငံတကာရာဇဝတ်မှု ခုံရုံး၏ရောမနည်းဥပဒေ(Rome Statite)ကို ၁၉၉၈ ခုနှစ်တွင် အမျိုးသမီးများအကြမ်းဖက်မှုဆိုင်ရာကို ဖြည့်စွက်ထည့်သွင်းခဲ့ပေသည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးနှင့် နိုင်ငံ့တာဝန်များကို အမျိုးသမီးများ ထမ်းဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) က ဆုံးဖြတ်ချက် ၁၃၂၅ ကို ထုတ်ပြန်ခဲ့ပြီး ၂၀၁၅ တွင် ဆုံးဖြတ်ချက် ၂၂၄၂ ကို ထပ်မံပြဋ္ဌာန်းခဲ့ပါသည်။

**ဖဲကြိုးဖြူနေ့**

၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဒိုမီနီကန်နိုင်ငံသမ္မတ ရာဖီးလ် လီအိုနီဒဲ့ထေဂူဂျီလို မိုလီနာက ၎င်းကိုဆန့်ကျင်သည့် ညီအစ်မများကို လုပ်ကြံသတ်ဖြတ်ခဲ့ပေသည်။ အဆိုပါအကြမ်းဖက်သတ်ဖြတ်မှုကြောင့် ကမ္ဘာနှင့်အဝန်းရှိ အမျိုးသမီးများအပေါ် ခြိမ်းခြောက်သကဲ့သို့ ဖြစ်ခဲ့ရပေသည်။ နောင်တွင် အလားတူဖြစ်စဉ်မျိုး မပေါ်ပေါက်စေရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ရပ်တန့်သွားစေရန် ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ (၅၄) ကြိမ်မြောက် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၅၄/၁၃၄) အရ နိုဝင်ဘာလ ၂၅ ရက်နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (Elimination of Violence Against Women Day အဖြစ် သတ်မှတ်ခဲ့ပေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း မဖြစ်မနေ ကာကွယ်တားဆီးရမည်ဟူသည့် ခံဝန်ပြုမှုအနေဖြင့် ယင်းနေ့တွင် ဖဲကြိုးဖြူများ တပ်ဆင်ပံ့ဖော်ကြသဖြင့် "ဖဲကြိုးဖြူနေ့"ဟု လည်း ဆိုကြသည်။

အမျိုးသမီးများ၊ အမျိုးသမီးအခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှရေးအတွက် လှုပ်ရှားနေသူများသည် ၎င်းတို့၏ လှုပ်ရှားမှုများကြောင့် ခြိမ်းခြောက်တိုက်ခိုက်မှုများ ခံနေရခြင်း၊ သတ်ဖြတ်ခံရခြင်းတို့ရှိနေသဖြင့် အိမ်တွင်းပုန်းဘဝ ရောက်ရှိနေကြသည်ဟု တင်စားကြပြန်သည်။ သို့ဖြစ်၍ ၎င်းတို့၏ အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေမှုကို ဘေးကင်းလုံခြုံစွာ ရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိလာပေသည်။ အမျိုးသမီးများအခွင့်အရေးဆိုင်ရာ လှုပ်ရှားနေသူများ၏ စွမ်းဆောင်ရည်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုဝင်ဘာလ ၂၉ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ အမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနေ့" (International Women Human Rights Defenders Day) ဟု သတ်မှတ်ပေးခဲ့ပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ မှစ၍ အထိမ်းအမှတ်နေ့အခမ်းအနားများ ကျင်းပကြပေသည်။

**ဖဲကြိုးနီနေ့**

၁၉၈၁ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံအများအပြားတွင် ကိုယ်တွင်း ခုခံအားကျဆင်းမှုရောဂါ (AIDS)ကြောင့် အသက်ဆုံးရှုံးရသူဦးရေမှာ ၂၅ သန်းကျော်သွားခဲ့သည့်အပြင် လူသားအားလုံးအတွက် ခြိမ်းခြောက်ခံရသည်အထိ ကြီးထွားလာခဲ့ပေသည်။ ထိုအထဲတွင် အကြမ်းဖက်ခံရပြီး ကူးစက်ခံရသူ အမျိုးသမီးများလည်း ပါဝင်ခဲ့ပေသည်။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့ AIDS နေ့ (World AIDS Day)ကို ပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့ကို သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပထမဆုံးကမ္ဘာ့ AIDS နေ့ကို ကျင်းပခဲ့ပါသည်။ ယင်းနေ့တွင် အနီရောင်သည် ရဲရင့်ခြင်း၊ မြင်သာခြင်း၊ ချစ်ခြင်းမေတ္တာနှင့် အသည်းနှလုံးပုံရိပ်ကို လွယ်ကူရိုးရှင်းစွာ ပုံဖော်နိုင်ခြင်းဟု သတ်မှတ်ကာ ဖဲကြိုးနီအမှတ်အသားဖြင့် ပြသကြ၍ "ဖဲကြိုးနီနေ့"ဟုလည်း သုံးကြလေသည်။

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့**

ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်နေပြီး မသန်စွမ်းသူများအရေအတွက်မှာ သန်း ၆၀၀ ခန့်ရှိပေသည်။ အဆိုပါ မသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိနေပြန်ပါသည်။ မသန်စွမ်းသူများ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို လျစ်လျူရှုထား၍မရသကဲ့သို့ အများနည်းတူအခြေခံ လူ့အခွင့်အရေးများလည်းရရှိရန် လိုအပ်နေပေသည်။ မသန်စွမ်းသူများအနေဖြင့် လူမှုရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လာရန်နှင့် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံပြီး ဖယ်ကြဉ်မှုများကို ကန့်သတ် တားမြစ်ရန်လည်း လိုအပ်လာပေသည်။ မသန်စွမ်းသူများအနက် အမျိုးသမီးများပါဝင်မှုများပြားသည့်အပြင် မကြာခဏဆိုသလို မသန်စွမ်းသူ အမျိုးသမီးနှင့် ကလေးများအပေါ် အကြမ်းဖက်မှုများလည်း ကြားနေသိနေရပေသည်။ ၁၉၇၆ ခုနှစ်တွင်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၁ ခုနှစ်ကို မသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ရန် ကြေညာခဲ့ပြီး ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ကာလကို မသန်စွမ်းသူများ၏ ဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့ကာ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကိုလည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons With Disabilities)အဖြစ် သတ်မှတ်ခဲ့ပေသည်။

ကနေဒါနိုင်ငံ မွန်ထရီမြို့တွင် အမျိုးသမီးအခွင့်အရေးအတွက် တိုက်ပွဲဝင်နေသည့် အင်ဂျင်နီယာကျောင်းသူ ၁၄ ဦးကို မာလီပိုင်းဆိုသူက သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပြီး သေဆုံးသူအမျိုးသမီးများအတွက် ဝမ်းနည်းပူဆွေးစရာနှင့် နောင်တွင် ယခုကဲ့သို့ အမျိုးသားများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရပ်တန့်စေရန် ရည်ရွယ်၍ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှစ၍ မွန်ထရီမြို့လူသတ်ပွဲနှစ်ပတ်လည်နေ့ (Montreal Massacre Day )ကို ကျင်းပခဲ့ပါသည်။

**ကမ္ဘာ့လူ့အခွင့်အရေးနေ့**

ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာ့လူသားများတွင် လူ့အခွင့်အရေးဆိုင်ရာ အတွေးအမြင်အသိများ ပိုမိုပေါ်ပေါက်လာပေသည်။ ဂျူးလူမျိုး ခြောက်သန်းကျော် သတ်ဖြတ်ခံရမှု၊ မသန်စွမ်းသူများ၊ လိင်တူဆက်ဆံသူများကို သတ်ဖြတ်မှုတို့က ကမ္ဘာ့လူသားများအပေါ် ခြိမ်းခြောက်မှုဖြစ်ပေါ်လာခဲ့ပါသည်။ အဆိုပါအကြမ်းဖက်မှုမျိုး ထပ်မံမပေါ်ပေါက်စေရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကိုပင် ကမ္ဘာ့လူ့အခွင့်အရေးနေ့(Human Rights Day)ဟု သတ်မှတ်ခဲ့ပါသည်။ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံစည်းမျဉ်းများကို ကုလသမဂ္ဂဝင်နိုင်ငံများက လေးစားလိုက်နာရန်လည်း ဆော်ဩကြလျက်ရှိပါသည်။

နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်နှင့် သတ်မှတ်ခဲ့သည့်ရက်များကို စုစည်း၍ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိ ၁၆ ရက်တာကာလကို အမျိုးသမီးများအပေါ် အကြမ်းမဖက်ရေး ပညာပေးလှုံ့ဆော်သည့်နေ့ရက်များ (16 Days of Activism against Based Viole–nce)အဖြစ် နိုင်ငံတကာတွင် ၁၉၉၁ ခုနှစ်မှစ၍ လှုပ်ရှားဆောင်ရွက်ကြပေသည်။ ကျား၊ မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုဟုလည်း လူသိများပြီး မိမိတို့နိုင်ငံတွင်လည်း "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဥပဒေဖြင့် အကာအကွယ်ပေး" (Prevent Violence Against Women By The Law) ဆောင်ပုဒ်ဖြင့် ၂၀၁၈ ခုနှစ်မှစ၍ လှုပ်ရှားလာခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ**

မိမိတို့နိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ရာဇသတ်ကြီး ဥပဒေပါပုဒ်မများ၊ ကလေးသူငယ်များဆိုင်ရာဥပဒေ၊ မသန်စွမ်းသူများဥပဒေတို့အရ တားဆီးအရေးယူမှုများ ပြုလုပ်နိုင်သော်လည်း အမျိုးသမီးများ၏ သဘာဝအရ အခြားသူကို ရင်ဖွင့်ရန် ရှက်ရွံ့ခြင်း၊ ထုတ်ဖော်တိုင်ကြားရန် မဝံ့ရဲခြင်းတို့ကြောင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုများမှာ ဥပဒေကြောင်းအရ အရေးယူနိုင်ရန် အားနည်းနေဆဲဖြစ်သည်။ အချို့မှာလည်း ရိုးရာအရသာအရေးယူသည့် အလေ့အထရှိနေဆဲဖြစ်သည်။ အချို့မှာ တိုင်ကြားရန် ပျက်ကွက်မှုအပေါ် အပြစ်မြင်မှုများ ရှိသကဲ့သို့ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု၊ အနေအထိုင်မတတ်မှု၊ အခြေခံဘဝဆင်းရဲနွမ်းပါးမှုတို့ကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်ရကြောင်း ဝေဖန်ကြပေသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်စေရေး ကုလသမဂ္ဂသဘောတူစာချုပ်(CEDAW)ကို ပါဝင်လက်မှတ်ရေးထိုးထားသည်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း (PoVAW) ကို ၂၀၁၃ ခုနှစ်ကတည်းက အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရေးဆွဲခဲ့ပြီးဖြစ်သည်။ ထို့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးနိုင်ရန် အရပ်ဘက်အဖွဲ့အစည်း ခုနစ်ဖွဲ့ကလည်း လှုပ်ရှားဆောင်ရွက်လျက်ရှိပေသည်။

အကြမ်းဖက်မှုခံရသည့် အမျိုးသမီးများအတွက် ယာယီလက်ခံစောင့်ရှောက်ပေးနိုင်ရန် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ လွိုင်ကော်နှင့် မုံရွာမြို့တို့တွင် One Stop Women Support Center များ ဖွင့်လှစ်၍ ဝန်ဆောင်မှုများ ပြုလုပ်ပေးလျက်ရှိပေသည်။ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသက် ၈ နှစ်မှ ၁၈ နှစ်အတွင်းရှိ အမျိုးသမီးငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် သင်တန်း ကျောင်းအခြေပြု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ သင်တန်းကျောင်းအခြေပြု ကာကွယ်စောင့်ရှောက် ရေးလုပ်ငန်းတွင် အမျိုးသမီးငယ်များ သင်တန်းကျောင်း (ရန်ကုန်)၊ အမျိုးသမီးငယ်များသင်တန်းကျောင်း (ထောက်ကြန့်) နှင့် အမျိုးသမီးငယ်များ သင်တန်းကျောင်း (မန္တလေး) တို့ကို ဖွင့်လှစ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

*စာမျက်နှာ ၁၄ သို့*

# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် အဌမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြု ဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၅**
နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကို အဌမအကြိမ်မြောက်အဖြစ် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပသည်။

အဆိုပါဂါရဝပြုဆုတောင်းပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအဖွဲ့၊ ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအဖွဲ့နှင့် တပ်မတော်ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြု ဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတော်သီချင်းအား သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ခြင်း**(အပေါ်ပုံ)**၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ထို့ပြင်ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအားရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာ အုပ်စုပေါက်တောကျေးရွာ သဒ္ဒါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခြင်းတို့ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားကို ရောင်နီဦးနှင့်မိတ်ဆွေများ ပရဟိတအဖွဲ့ကဦးဆောင်၍ ၂၀၁၄ ခုနှစ်မှစတင်ကာ ဒီဇင်ဘာလ၏ ပထမပတ် တနင်္ဂနွေနေ့တိုင်းတွင် နှစ်စဉ် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်များက ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်တွင် ကျင်းပပြုလုပ်ခဲ့ရာမှ ယခုနှစ်တွင် သူရဲကောင်းဗိမာန် (နေပြည်တော်)တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ **သတင်းစဉ်**

# ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးခဲ့ရတဲ့စစ်သည်တွေကို မေ့လို့မရဘူး၊ ကျွန်တော်တို့အမြဲတမ်း ဂုဏ်ပြုနေရမယ်

**ဦးမောင်မောင်အောင်**

**တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း (အဌမ)အကြိမ်မြောက် အခမ်းအနားသို့ တက်ရောက်သူအချို့အား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။**


ဦးမောင်မောင်အောင်


ဒေါ်မြမြဝင်း


ဒေါ်ခင်ထိုက်စံ

**ဦးမောင်မောင်အောင်**

သူရဲကောင်းစစ်သည် ဗိမာန်မှာ ဂုဏ်ပြုပွဲကျင်းပခဲ့တာဆိုရင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ပထမဆုံးအကြိမ် စတင်ပြီးတော့ သတ္တမအကြိမ်မြောက် (၇ကြိမ်) မြောက်ထိကို ရန်ကုန်မြို့မှာရှိတဲ့ သူရဲကောင်းစစ်သည် ဗိမာန်မှာ အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။ နေပြည်တော်မှာရှိတဲ့ သူရဲကောင်း ဗိမာန်ကြီးဖွင့်ပြီးတဲ့အချိန်ကတည်းကစပြီး ဒီမှာ ကျင်းပဖို့ ဆန္ဒအလွန်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနေ့ အဌမအကြိမ်မြောက်မှာတော့ ဒီသူရဲကောင်းဗိမာန်မှာ ပထမဆုံး အကြိမ်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီပွဲကျင်းပ ပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ တပ်မတော်ဆိုတာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် နိုင်ငံတိုင်းမှာရှိတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ တပ်မတော်က အခြားတပ်မတော်တွေနဲ့မတူ တစ်မူထူးခြားတာကတော့ ကျွန်တော်တို့ရဲ့ တပ်မတော်က လွတ်လပ်ရေးမရမီ အချိန်ကာလကစပြီး လွတ်လပ်ရေးရတဲ့အထိ တိုက်ပွဲတွေဝင်ပြီးတော့ ခေတ်အဆက်ဆက်က စစ်သည်တွေကျဆုံးခဲ့ရတယ်။ အလားတူ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလည်း ပြည်တွင်းသောင်းကျန်းသူတွေကို နှိမ်နင်းရင်းနဲ့ ယခုမှာဆိုလည်း ပြည်တွင်းတည်ငြိမ်မှုရရှိရေးကို ဆောင်ရွက်နေရင်းနဲ့ ခေတ်အဆက်ဆက်က အသက်စွန့်လွှတ်ခဲ့တဲ့ ရဲဘော်တွေ၊ စစ်သည်တွေ ရှိပါတယ်။

ဒါက တချို့ချို့သော အချိန်ကာလတွေမှာ တချို့ချို့သော အဖွဲ့အစည်းတွေ၊ တချို့ချို့သော ပါတီတွေဟာ ကျွန်တော်တို့ တပ်မတော်ရဲ့ ပုံရိပ်ကို ထိခိုက်အောင် လုပ်နေတာတွေရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးခဲ့ရတဲ့ စစ်သည်တွေကို မေ့လို့မရဘူး၊ ကျွန်တော်တို့အမြဲတမ်း ဂုဏ်ပြုနေရမယ်။ ကျွန်တော်တို့ အသက်ရှိနေသရွေ့ ဒီပွဲကြီးကို ဆက်လက်ကျင်းပသွားမယ်။ ကျွန်တော်တို့ မရှိတော့ရင်လည်း ကျွန်တော်တို့ နောင်လာနောက်သားတွေ ခေတ်အဆက်ဆက်က အမွန်အမြတ်ဆုံးသော စွန့်လွှတ်ခြင်းရဲ့ ဂုဏ်ဒြပ်နဲ့ တိုင်းပြည်အတွက် အသက်ပေးလှူသွားတဲ့သူတွေကို ကျွန်တော်တို့ ဆက်လက်ဂုဏ်ပြုနေမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ဒေါ်မြမြဝင်း၊ ဗိုလ်ကြီး-ထက်ညီဟိန်း(ကျဆုံး) (သူရဲကောင်းမှတ်တမ်းဝင်)၏ မိခင်**

၁၉၉၀ ပြည့်နှစ်မှာ သားလေးကို မွေးခဲ့တာပါ၊ ခမရ(၄၁၅)မှာ ၆ နှစ် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်က တိုင်းပြည်အတွက် သွေး ၆ ချောင်းကို ပေးဆပ်ခဲ့ရပါတယ်။ အဲဒီနှစ်မှာပဲ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ဂုဏ်ထူးဆောင် လက်မှတ်ကို တစ်ကြိမ်ရရှိခဲ့ပါတယ်၊ နောက်ပြီး ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့မှာလည်း သူရဲကောင်းမှတ်တမ်းဝင်ဘွဲ့တံဆိပ်ကို ထပ်မံရရှိခဲ့ပါတယ်။ ၂၄-၃-၂၀၁၅ ရက်နေ့မှာ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်း ကချင်ပြည်နယ်က ရှေ့တန်းစစ်မြေပြင်တစ်နေရာမှာ သားလေး ကျဆုံးသွားခဲ့ပါတယ်၊ သားလေးအတွက် သိပ်ကို ဂုဏ်ယူပါတယ်။ မိဘဖြစ်စေချင်တဲ့ လမ်းပေါ်မှာ သူလျှောက်ခဲ့တာပါ။ သူကိုယ်တိုင်ကလည်း တိုင်းပြည်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ချင်ခဲ့တဲ့သူပါ၊ အဲဒီလို ဆောင်ရွက်နိုင်အောင်လည်း အန်တီက ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ သူ့အတွက် အလွန်လည်း ဂုဏ်ယူပါတယ်။ ဒီအခမ်းအနားလေးကို ဖြစ်မြောက်အောင် လုပ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

အန်တီမှာ သားနဲ့ ပတ်သက်ပြီး တက်စရာဆိုလို့ ဒီအခမ်းအနားလေးပဲရှိတော့တာပါ။ သားလေးနဲ့အတူ အသက်ပေးဆပ်ခဲ့ရတဲ့ သူရဲကောင်းတွေ အားလုံးလည်း ကောင်းရာမွန်ရာကို ရောက်ပါစေလို့ အန်တီဆုတောင်းပေးပါတယ်။ သူတို့လည်း မြင်နေ၊ သိနေမှာပါ။ ကျဆုံးသွားတဲ့ သူရဲကောင်းတွေရဲ့ မိခင်တွေကိုယ်စား ပြောရမယ်ဆိုရင် အန်တီတို့လို မိခင်တွေအတွက်ကတော့ ကိုယ့်ရဲ့နှလုံးသားကို ဖဲ့ပေးလိုက်ရသလိုပါပဲ။ ဒါပေမယ့် အချိန်လေးနဲ့ကုစားရင်း၊ အခုလိုပဲ ဂုဏ်ယူရင်းနဲ့ပဲ အသက်ကို ဆက်လက်ရှင်သန်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ အန်တီဆိုရင်လည်း ဒီနေ့အထိဖြေလို့မရသေးပါဘူး။ ဒါပေမယ့်လည်း သားအတွက် ဂုဏ်ယူပါတယ်။ ဒီအခမ်းအနားကို ၈ နှစ်လုံးလုံး အန်တီနှစ်တိုင်းတက်ခဲ့ပါတယ်။ ဝန်ထမ်းဖြစ်တော့ အခုဒီအခမ်းအနားကိုလည်း မနည်းမီအောင် လာခဲ့ရတာပါ။ အခုလို ဒီအခမ်းအနားကို ကျင်းပပေးတဲ့ တပ်မတော်ကြီးနဲ့ တပ်မတော်သားတွေ အားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ သားနဲ့အတူ အသက်ပေးဆပ်သွားတဲ့ သူရဲကောင်းတွေကို ကောင်းရာမွန်ရာ မြင့်မြတ်တဲ့ ဘဝကို သူတို့လည်းမြင်နေမှာပါ။ သိနေမှာပါ။ အကုန်လုံး ကောင်းရာမွန်ရာရောက်ရှိပါစေလို့ အန်တီလည်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါ်ခင်ထိုက်စံ**


အန်တီတို့က ဒီပွဲကို စပြီးလုပ်တဲ့အချိန် ရန်ကုန်မှာ ကတည်းက နှစ်စဉ် နှစ်တိုင်း တက်ခဲ့တာ ၆ နှစ်ရှိပါပြီ။ ဒီနှစ်က ရန်ကုန်မှာ မလုပ်ဘူး။ နေပြည်တော်မှာ လုပ်မယ်ဆိုတော့ နေပြည်တော်ကို ရောက်အောင် သွားမယ်ဆိုပြီး အန်တီတို့တွေ လာခဲ့ကြတယ်။

အညတရ သူရဲကောင်းစစ်သည်တွေက ခေတ်အဆက်ဆက်က အမေ့ခံတွေပါ။ နိုင်ငံတော်အတွက် တိုင်းပြည်အတွက် သူတို့ရဲ့ အသက်ကို စတေးပြီး တိုက်ပွဲဝင် ကာကွယ်ခဲ့ကြတာ။ စစချင်း ဂုဏ်ပြုတဲ့ နှစ်ကစပြီး ဒီနှစ်အထိ မပျက်မကွက် တက်ရောက်ခဲ့ပါတယ်။ နောက်နှစ်တိုင်း နှစ်တိုင်းလည်း တက်ရောက်ပါမယ်။

အညတရ သူရဲကောင်းစစ်သည်များအားလုံး၊ ကျဆုံးခဲ့တဲ့ စစ်သည်များအားလုံး အန်တီတို့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကိုယ့် မိသားစု၊ ကိုယ့်မောင်လေး၊ ကိုယ့်အစ်ကို၊ ကိုယ့်တူသားလေးတွေကို ချစ်တဲ့အတိုင်း မေတ္တာရှိတဲ့အတိုင်း အန်တီတို့ ရင်ထဲမှာ အမြဲတမ်းရှိပါတယ်။ ရင်ထဲမှာ အမြဲတမ်းလေးစားခဲ့တယ်။ သူတို့ရဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေကိုလည်း ဒီနေရာကနေအားပေးပါတယ်။ သူတို့ရဲ့ နောက်မှာ သူတို့ရဲ့ ရှေ့မှာ အန်တီတို့ တပ်မတော်ချစ်တဲ့သူ အားလုံးရှိပါတယ်။

**သတင်းစဉ်**

# အိုမီခရွန်မျိုးကွဲကူးစက်မှုကို အမေရိကန်ရှိ ပြည်နယ် ၁၂ ခု၌ တွေ့ရှိ



အိမ်ဖြူတော် ဆေးဘက်ဆိုင်ရာအကြံပေးအကြီးအကဲဖြစ်သူ အန်သိုနီ ဖောင်ချီ။

**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်ပြည်နယ် ၁၂ ခု၌ ကိုဗစ်–၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်ခံရမှုကို တွေ့ရှိခဲ့သည်ဟု သိရသည်။ ထို့ကြောင့် ကျန်းမာရေးအာဏာပိုင်များက ပြည်သူများအား ကာကွယ်ဆေးထိုးနှံမှုများ ပြုလုပ်ကြရန် တောင်းဆိုလာကြသည်။

အိုမီခရွန်ကူးစက်မှုကို နယူးယောက်၊ ကယ်လီဖိုးနီးယား၊ နီဘရာစကာ၊ လူဝီစီယားနားနှင့် အခြားသောပြည်နယ် ရှစ်ခုတို့၌ တွေ့ရှိရသည်။ ပြည်တွင်း၌ ကူးစက်ပျံ့နှံ့မှုများရှိနေကြောင်း ရုပ်သံအင်တာဗျူးတွင် အိမ်ဖြူတော် ဆေးဘက်ဆိုင်ရာအကြံပေးအကြီးအကဲဖြစ်သူ အန်သိုနီ ဖောင်ချီက ပြောသည်။

ဒေသခံများ ကာကွယ်ဆေးထိုးကြရန်နှင့် နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူများကလည်း တတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် ဒေသခံအာဏာပိုင်များက တိုက်တွန်းထားသည်။ ကယ်လီဖိုးနီးယားရှိ ကာကွယ်ဆေးထိုးပေးရာ စင်တာတစ်ခု၌ ကြိုတင်စာရင်းသွင်းထားမှုများနှင့် ပြည့်နေသည်။

ပြည်သူများသည် အိုမီခရွန်ကူးစက်ခံရမည်ကို စိုးရိမ်နေကြသည်ဟု ဒေသခံဆရာဝန်တစ်ဦးက ပြောသည်။ နယူးယောက်ရှိ ကာကွယ်ဆေးထိုးပေးရာ စင်တာတစ်ခုတွင်လည်း ဆေးထိုးသူများနှင့် ပြည့်နှက်နေသည်။

လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်း ဆိုက်ရောက်လာသည့်ခရီးသည်များကို ဆေးစစ်ရန်အတွက် ဆေးစစ်ကိရိယာများ အခမဲ့ထောက်ပံ့ပေးထားသည်။ အိုမီခရွန်မျိုးကွဲသည် နိုင်ငံပေါင်း ၄၀ သို့ ကူးစက်ပျံ့နှံ့နေပြီဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်– ၁၉ တတိယအကြိမ် ထိုးနှံပေးမှုစတင်



ဂျပန်နိုင်ငံ၌ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

**တိုကျို ဒီဇင်ဘာ ၅**

ဂျပန်နိုင်ငံရှိ ကျန်းမာရေးအာဏာပိုင်များသည် အိုမီခရွန်မျိုးကွဲကူးစက်ခံရမည်ကို စိုးရိမ်နေရသည့်ကြားထဲကပင် တတိယအကြိမ်ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများကို စတင်နေပြီဟု သိရသည်။

ယင်းမှာ ကာကွယ်ဆေးစွမ်းဆောင်ရည် ရေရှည်အကျိုးသက်ရောက်မှု ရှိစေရေးအတွက် ရည်ရွယ်သည်။ ပြီးခဲ့သည့် ရှစ်လတာအတွင်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသည့်အသက် ၁၈ နှစ်နှင့်အထက်များကို ပစ်မှတ်ထားကာ ကာကွယ်ဆေးထိုးနှံမှုများ လုပ်ဆောင်မည်ဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် ဆေးဘက်ဆိုင်ရာနှင့်ကျန်းမာရေးလုပ်သားတစ်သန်းကျော်ကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန်အတွက် မျှော်လင့်ထားကြောင်း အစိုးရက ပြောသည်။ အသက် ၆၅ နှစ်နှင့်အထက်များကို ဇန်နဝါရီလအတွင်း တတိယအကြိမ် ကာကွယ်ဆေး ထိုးပေးသွားမည်ဖြစ်သည်။

ချီဘာတက္ကသိုလ်ဆေးရုံသည် တတိယအကြိမ် ကိုဗစ် –၁၉ ကာကွယ်ဆေး ဦးဆုံးထိုးပေးနေသည့် ဆေးရုံများထဲမှ တစ်ခုဖြစ်သည်။ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းဖြင့် အကျိုးသက်ရောက်မှု အချက်အလက်များကို စုစည်းထားပြီး ပြည်သူများ ကာကွယ်ဆေးထိုးရန် အားပေးမှုဖြစ်လာမည်ဟုလည်း ဒေါက်တာ အီဂါရီ ဟီဒီတိုရှီက ပြောသည်။

သို့သော်လည်း တစ်ကမ္ဘာလုံးမှ သိပ္ပံပညာရှင်များသည် အိုမီခရွန်မျိုးကွဲကို လေ့လာမှုများပြုလုပ်နေကြပြီး လက်ရှိအသုံးပြုနေသည့် ကာကွယ်ဆေးများမှာ အသုံးဝင်မဝင်ကို သေချာမသိရသေးချေ။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရ

**ဂျကာတာ ဒီဇင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆမ်မရူမီးတောင်ပေါက်ကွဲမှုကြောင့် ဒီဇင်ဘာ ၄ ရက်တွင် နှစ်ဦး ပျောက်ဆုံးပြီး တစ်ဦးသေဆုံးကာ ၄၀ ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအရာရှိတစ်ဦးက ပြောသည်။



ဆမ်မရူမီးတောင်ပေါက်ကွဲမှုကို တွေ့ရစဉ်။

မီးတောင်ပေါက်ကွဲမှုကြောင့် ခရိုင်အတွင်းရှိ နေအိမ်များပျက်စီးကာ ချော်ရည်များကြောင့် သတ္တုမိုင်းအတွင်း ပိတ်မိနေသည့် လူများကို ကယ်တင်ရာတွင် အခက်အခဲဖြစ်နေရသည်ဟု ခရိုင်ဒုတိယအကြီးအကဲဖြစ်သူ အင်ဒါအမ်ပါရာဝတီ မက်စဒါက ပြောသည်။

သတ္တုမိုင်းအတွင်း ပိတ်မိနေသည့် လူရှစ်ဦးကို ကယ်တင်ရန်အတွက်မူ ချော်ရည်ပူများရှိနေသေးသည့်အတွက် အခက်တွေ့နေရကြောင်း ၎င်းက ဆက်ပြောသည်။ သဘာဝဘေးဒဏ်ခံစားနေရသည့် ရွာသားများကို ကယ်တင်ရန်အတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လျှော့ချရေးအေဂျင်စီက ရဟတ်ယာဉ်တစ်စင်း စေလွှတ်ပေးရန်လည်း အာဏာပိုင်များက အကူအညီတောင်းခံထားသည်။ **ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ၌ လူဦးရေ ၁၀ သန်း ကိုဗစ် –၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးဟုဆို

**ပါရီ ဒီဇင်ဘာ ၅**

ပြင်သစ်နိုင်ငံ၌ လူပေါင်း ၁၀ သန်းမှာ ကိုဗစ် –၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးပြီဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ဒီဇင်ဘာ ၄ ရက်တွင် ပြောသည်။

**ကန့်သတ်ချက်များ ထုတ်ပြန်သွားမည်**

ပြင်သစ်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကာကွယ်ဆေးထိုးမှုစတင်မည်ဟု ယခင်ကကြေညာထားရာ ကာကွယ်ဆေးနှင့်ပတ်သက်သည့် ကန့်သတ်ချက်များကိုလည်း အသစ်ထုတ်ပြန်သွားမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးရန် စာရင်းပေးသွင်းမှုများ ပြုလုပ်နေပြီး ဆေးထိုးခွင့်ရှိသူတိုင်း အချိန်မီထိုးနိုင်မည်ဖြစ်သည်။

**ထိုးနှံခွင့်ပြုထား**

ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ပြင်သစ်နိုင်ငံ၌ လူပေါင်း ၅၂၀၈၃၂၂၈ ဦးမှာ အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည်။ ပြင်သစ်နိုင်ငံသည် ဖိုက်ဇာ၊ မော်ဒါနာ၊ အက်စ်ထရာဇနီကာနှင့် Johnson & Johnson ကာကွယ်ဆေးများကို ထိုးနှံခွင့်ပြုထားသည်။ ဒီဇင်ဘာ ၄ ရက်တွင် ပြင်သစ်နိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၁၆၂၄ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## နိုင်ဂျီးရီးယား၌ ပြန်ပေးဆွဲခံရသူ လူပေါင်း ၇၀ ပြန်လည်လွတ်မြောက်လာ

**လာဂို့စ် ဒီဇင်ဘာ ၅**

နိုင်ဂျီးရီးယားနိုင်ငံ၌ တစ်လကျော်ကြာ ပြန်ပေးဆွဲခံထားရသည့် လူပေါင်း ၇၀ ပြန်လည်လွတ်မြောက်လာပြီဟု ဒီဇင်ဘာ ၄ ရက်တွင် ဘာသာရေးခေါင်းဆောင်တစ်ဦးက ပြောသည်။

**သတင်းစာရှင်းလင်းပွဲပြုလုပ်**

နိုင်ငံအနောက်မြောက်ပိုင်းပြည်နယ် ကန်ဒူနာ၌ ဒီဇင်ဘာ ၄ ရက်က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြန်ပေးဆွဲခံထားရသူများအနက် ၆၁ ဦးမှာ အောက်တိုဘာ ၃၁ ရက်က သေနတ်သမားများ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ကျန်ကိုးဦးမှာလည်း အောက်တိုဘာလအတွင်းကပင် ပြန်ပေးဆွဲခံထားရသူများဖြစ်သည်။ ယခုအခါ အဆိုပါလူများအားလုံး ပြန်လည်လွတ်မြောက်လာကြပြီဖြစ်ကြောင်း သိရသည်။ ပြန်ပေးငွေလည်း ပေးဆောင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ပြန်ပေးငွေမည်မျှ ပေးလိုက်ရကြောင်းကိုမူ မသိရချေ။

**ဆင်ဟွာ**

## “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❑ *ကျောဖုံးမှ*

ကိုဗစ်-၁၉ တတိယလှိုင်းအပြီးတွင် ရုံးဌာနများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ခရီးသွားလာကြမည့် ပြည်သူများနှင့် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားက ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့ရာ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အမြန်ရထား နှစ်စင်း၊ စာပို့ရထား နှစ်စင်း၊ နေပြည်တော်-ရန်ကုန် လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် အမြန်ရထား နှစ်စင်းစီ၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတို့တွင် စာပို့ရထား နှစ်စင်းစီ၊ ရန်ကုန်-ပဲခူးလမ်းပိုင်း၊ သာစည်-မြင်းခြံလမ်းပိုင်း၊ ပုဂံ-မန္တလေး လမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ မော်လမြိုင်-ရေး လမ်းပိုင်းနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်းတို့တွင် လူစီးကုန်တင် ရထား နှစ်စင်းစီ၊ အင်းစိန်-ဥက္ကံ လမ်းပိုင်းနှင့် ပခုက္ကူ-ကျွန်းချောင်း လမ်းပိုင်းတို့တွင် RBE ရထား နှစ်စင်းစီ စုစုပေါင်း ၂၈ စင်းနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံး လမ်းပိုင်းများတွင် RBE ရထား ၂၂ စင်း၊ စုစုပေါင်းအစင်း ၅၀ ပြေးဆွဲပေးလျက်ရှိသည်။

ပြည်သူများ အနေဖြင့် မန္တလေး-လားရှိုး လမ်းပိုင်းအတွင်းရှိ ဂုတ်ထိပ်တံတားကြီးအား လှေလာကြည့်ရှုနိုင်စေရန် ရည်ရွယ်ပြီး မန္တလေး-ပြင်ဦးလွင်-ဂုတ်ထိပ် အသွားအပြန် စာပို့ရထားခရီးစဉ်အဖြစ် အပတ်စဉ် တနင်္လာနေ့တွင် မန္တလေးမှ ပြင်ဦးလွင်သို့လည်းကောင်း၊ အင်္ဂါနေ့တွင် ပြင်ဦးလွင်မှ ဂုတ်ထိပ်၊ ဂုတ်ထိပ်မှ ပြင်ဦးလွင်သို့လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် ပြင်ဦးလွင်မှမန္တလေးသို့လည်းကောင်း ပြေးဆွဲ ပေးလျက်ရှိသည်။

မြန်မာ့မီးရထား အနေဖြင့် ခရီးသည်များ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများ များပြားလာသည့် အခြေအနေများအပေါ် မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







*စာမျက်နှာ ၁၁ မှ*

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (National Strategic Plan For the Advancement of Women-NSPAW)(၂၀၁၃-၂၀၂၂) ကို ချမှတ်ခဲ့ပြီး အဆိုပါ စီမံကိန်းကို CEDAW ၊ ဘေဂျင်းကြေညာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်တို့ကို အခြေပြု၍ လုပ်ငန်းဧရိယာ ၁၂ ရပ်ချမှတ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့ လေးဖွဲ့ကို ဖွဲ့စည်းထားပြီး လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းအစီအစဉ်(Work-Plan)များကိုလည်း နှစ်အလိုက် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique) ကို ဦးစားပေးကဏ္ဍ ခြောက်ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အတည်ပြုပြီး အကောင်အထည်ဖော်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို တိုင်ကြားဆောင်ရွက်နိုင်ရန် ၂၄ နာရီဝန်ဆောင်မှုကို ၂၀၁၉ ခုနှစ်ကတည်းက စတင်ထူထောင်ပြီး အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်နိုင်ရန် စရိတ် ထောက်ပံ့ပေးခြင်း၊ နားခိုရန်နေရာစီစဉ်ပေးခြင်းနှင့် အခြားသောဝန်ဆောင်မှုများ ရရှိနိုင်စေရေး တွန်းပို့ချိတ်ဆက်ပေးခြင်းများကို လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ (Case Manager) ၂၅၀ ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

#### ကိုဗစ်-၁၉ ကာလ အကြမ်းဖက်မှု

၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာ့နိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကပ်ရောဂါကို ပြင်းထန်စွာ ခံစားရပြီး ကပ်ရောဂါခံစားနေရသည့်ကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပွားနှုန်းမှာ ပိုမိုတိုးတက်လာသည်ဟု နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်လျက်ရှိပါသည်။ ကပ်ရောဂါကာလအတွင်း အမျိုးသမီးများမှာ နေအိမ်များတွင်သာ နေကြရပြီး စားဝတ်နေရေးဆိုင်ရာထိခိုက်မှုလည်း ခံစားကြရပေသည်။ ထို့အပြင် ကပ်ရောဂါကူးစက်မှုကြောင့် စိုးရိမ်ပူပန်မှုလည်း မြင့်တက်နေကြရ၍ အကြမ်းဖက်ခံရမှုပါ ထပ်မံခံရပါက ဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိပေတော့သည်။ နိုင်ငံတကာတွင် ကပ်ရောဂါကာလ အကြမ်းဖက်မှုမြင့်တက်လာ၍ “ကပ်ရောဂါနှစ်ဆ” (Double Pandemic) ဟုပင် ဆိုကြသည်။

#### ယခုပင်ဆောင်ရွက်စို့

မိမိတို့နိုင်ငံတွင်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှာ ပေါ်လွင်လာမှုမရှိသေး၍သာ မသိသာသည့်အနေအထားတွင် ရှိနေခြင်း ဖြစ်နိုင်ပါသည်။ အချိန်မရွေး၊ နေရာမရွေး ဖြစ်နေနိုင်ပါသည်။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများ ထုတ်ဖော်တိုင်ကြားလာနိုင်စေရေး ဘေးပတ်ဝန်းကျင်က ကူညီရန် လိုအပ်သကဲ့သို့ အကြမ်းဖက်ခံရမှုအတွက် တုံ့ပြန်ဆောင်ရွက်ရေး၊ ကူညီမှုနှင့် ဝန်ဆောင်မှုပေးရေး၊ ဥပဒေနှင့်နိုင်ငံတကာ သဘောတူစာချုပ်များအပေါ် နားလည်လာစေရေး၊ အကြမ်းဖက်မှုပုံစံများကို သိရှိစေရေး၊ မည်ကဲ့သို့ကူညီရမည်ကို ကြိုတင်လေ့လာကြစေရေး၊ အကြမ်းဖက်ခံရသူများနှင့် ထိတွေ့ဆက်ဆံကြစေရေး၊ သားမယားပြုကျင့်မှုနှင့် ဆက်စပ်သည့်လုပ်ဆောင်မှုများကို ဆန့်ကျင်သည့်ဘက်မှ ရပ်တည်ကြစေရေး၊ လိုအပ်သည့် ရန်ပုံငွေများ ထည့်ဝင်ကြစေရေး၊ တာဝန်ခံမှုရှိရှိဖြင့် အချင်းချင်း ပူးပေါင်းပါဝင်ကြစေရေး၊ ပညာပေး ဆောင်ရွက်ရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆောင်ပုဒ်ဖြစ်သည့် **“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကြမ်းဖက်လေ့ရှိသူ အမျိုးသားများကလည်း စိတ်ထားဖြူစင်ပြီး ကိုယ်ချင်းစာတရားနှင့် ပါဝင်ဆောင်ရွက်ပေးကြဖို့၊ လိုအပ်သည့် အကူအညီနှင့် ထောက်ပံ့မှုများ ပြုလုပ်ပေးကြဖို့လည်း အထူးလိုအပ်လှပါသည်။ ။

# ဒီဇင်ဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၅ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၁၄၁ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၄၂ နိုင်ငံ ပျံ့နှံ့**

(၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၅၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၅) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၃) ရာခိုင်နှုန်းရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၈၁,၃၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၅၂၄,၄၀၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၀၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၀,၃၀၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦးရှိ**သဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၄၁) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ **(၄-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၇,၆၁၀,၉၅၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁၂,၃၀၅,၆၃၁) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၃၀၅,၃၂၈) ဦး** ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၄-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် **ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၂၉,၉၁၆,၅၉၀) ကြိမ်** ထိုးနှံပြီး ဖြစ်ပါသည်။

- **ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၅-၁၂-၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီ အချိန်အထိ နိုင်ငံပေါင်း (၄၂) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိ**ကြောင်း သိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်းတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၈) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၃၂) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၁) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၂၁) ခု | (၂၃၈) ဦး |
| စုစုပေါင်း | (၁၅,၅၅၀) ခု | (၂၈၅) ဦး |

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ
(၄-၁၂-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၃၀၅,၃၂၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၂,၃၀၅,၆၃၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၇,၆၁၀,၉၅၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၉,၉၁၆,၅၉၀) ကြိမ် |

ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၅-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၉၃၄၇၉၁ | ၃၉၄၉၈၁၁၁ | ၈၀၈၆၀၈ |
| ၂။ | အိန္ဒိယ | ၃၄၆၃၃၂၅၅ | ၃၄၀၆၀၇၇၄ | ၄၇၀၆၂၀ |
| ၃။ | ဘရာဇီး | ၂၂၁၃၈၂၄၇ | ၂၁၃၅၉၃၅၂ | ၆၁၅၆၀၆ |
| ၄။ | ဗြိတိန် | ၁၀၄၂၁၁၀၄ | ၉၁၈၈၁၃၁ | ၁၄၅၅၅၁ |
| ၅။ | ရုရှား | ၉၈၀၁၆၁၃ | ၈၅၀၂၄၀၆ | ၂၈၁၂၇၈ |
| ၆။ | တူရကီ | ၈၈၈၁၇၆၀ | ၈၄၁၂၄၃၄ | ၇၇၆၄၅ |
| ၇။ | ပြင်သစ် | ၇၈၇၅၀၁၂ | ၇၁၆၈၁၈၈ | ၁၁၉၅၀၆ |
| ၈။ | ဂျာမနီ | ၆၁၄၃၈၅၆ | ၅၀၈၂၅၀၀ | ၁၀၃၅၃၀ |
| ၉။ | အီရန် | ၆၁၃၄၄၆၅ | ၅၉၂၃၃၁၆ | ၁၃၀၂၀၀ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၉၃၈၂ | ၅၂၀၀၁၄၁ | ၁၁၆၆၄၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၅ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၇၆၈၅ | ၄၁၀၆၂၉၂ | ၁၄၃၈၆၇ |
| ဖိလစ်ပိုင် | ၂၈၃၄၇၇၅ | ၂၇၇၁၅၃၆ | ၄၉၃၈၆ |
| မလေးရှား | ၂၆၅၄၄၇၄ | ၂၅၆၁၂၃၂ | ၃၀၅၇၄ |
| ထိုင်း | ၂၁၄၁၂၄၁ | ၂၀၄၈၈၁၅ | ၂၀၉၄၂ |
| ဗီယက်နမ် | ၁၃၀၉၀၉၂ | ၁၀၀၉၂၇၇ | ၂၆၂၆၀ |
| မြန်မာ | ၅၂၄၄၀၇ | ၅၀၀၃၀၄ | ၁၉၁၄၁ |
| စင်ကာပူ | ၂၆၈၆၅၉ | ၂၅၈၀၃၈ | ၇၄၆ |
| ကမ္ဘောဒီးယား | ၁၂၀၂၅၆ | ၁၁၆၆၀၉ | ၂၉၆၀ |
| လာအို | ၇၉၈၃၃ | ၆၇၇၈၅ | ၂၀၇ |
| ဘရူနိုင်း | ၁၅၁၈၆ | ၁၄၇၇၃ | ၉၈ |

# ၂၀၁၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး တက္ကသိုလ်ဝင်းမွန်

အင်ကြင်းခိုင် (စာပေဗိမာန်)

**၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ဆရာကြီးဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်) နှင့် ဆရာကြီး ဦးတင်ခ (တက္ကသိုလ်တင်ခ) တို့က ပူးတွဲရရှိခဲ့ကြပါသည်။ ဆရာကြီးတက္ကသိုလ်ဝင်းမွန်သည် ပင်ကိုရေးစာပေများသာမက ဘာသာပြန်စာပေများကို ကလောင်အမည်နှစ်ခုဖြင့် ရေးသားပြုစုပြန်ဆိုခဲ့သူ ဖြစ်ပါသည်။**







**ဆရာကြီး၏ ဘဝဖြစ်သန်းမှုအကျဉ်း**

ဆရာကြီး တက္ကသိုလ်ဝင်းမွန်ကို ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရစ်ကန်ကြီးကျေးရွာ၌ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မွေးဖွားခဲ့သည်။ မိဘများမှာ လယ်သမားကြီး ဦးအောင်သန်းခင်နှင့် ဒေါ်သန်းကြည်တို့ဖြစ်သည်။ လသားအရွယ်မှစ၍ သနပ်ပင်မြို့နယ် ကမာစဲကျေးရွာတွင် ကြီးပြင်းခဲ့သည်။ အမည်ရင်းမှာ ဦးဝင်းမွန်ဖြစ်သည်။



စာရေးဆရာကြီး တက္ကသိုလ်ဝင်းမွန်

ကမာစဲရွာ ဘုန်းကြီးကျောင်း၊ ကမာစဲရွာ ဦးပညာ အလွတ်ပညာသင်ကျောင်း၊ ရန်ကုန် မလွှကုန်းမြူနီစီပယ်ကျောင်း၊ ဦးဒေါ်ဆင် အလွတ်ပညာသင်ကျောင်းတို့တွင် မူလတန်းပညာ သင်ကြားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပြီး ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ယူသည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာတန်းအပိုင်း(ခ)၌ မြန်မာစာအမှတ်အများဆုံး ပထမရရှိသဖြင့် 'သာဒိုးအောင်' ဆု ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာ (မြန်မာစာ အထွေထွေဂုဏ်ထူး)ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် "အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေ" ကျမ်းကို တင်သွင်းပြီး မဟာဝိဇ္ဇာဘွဲ့ (အရည်အချင်းလိုက် ပထမ) ရရှိသည်။

၁၉၆၀ ပြည့်နှစ် ဇွန်လတွင် မော်လမြိုင်ကောလိပ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၂)၌ မြန်မာစာ လက်ထောက်ကထိကနှင့် ဌာနမှူး၊ ၁၉၇၃ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်၌ မြန်မာစာဌာနမှူး၊ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်(၂)၌ မြန်မာစာဌာနမှူး၊ ၁၉၈၀-၈၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ နိုင်ငံခြားသိပ္ပံကျောင်း မြန်မာစာဌာန၌ မြန်မာစာကျွမ်းကျင်ပညာရှင် (ဧည့်ပါမောက္ခ)၊ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၌ မြန်မာစာကထိကနှင့် ဌာနမှူး၊ ၁၉၉၂ ခုနှစ်တွင် အဝေးသင်တက္ကသိုလ် မြန်မာစာဌာနမှူး၊ ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ တွဲဖက်ပါမောက္ခတာဝန်များကို ဆောင်ရွက်ခဲ့သည်။ မြန်မာစာ သင်ကြားပို့ချရင်း နိုင်ငံရေးသိပ္ပံဘာသာရပ်ကို ရန်ကုန်ဒေသကောလိပ်(၁)နှင့် (၃) တို့၌ ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ပူးတွဲသင်ကြား ပို့ချပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် တွဲဖက်ပါမောက္ခ၊ ဌာနမှူး တာဝန်ဆောင်ရွက်ပြီး အငြိမ်းစား ယူခဲ့သည်။ အငြိမ်းစားယူခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါရဂူသင်တန်းကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပြီး ၂၀၁၀ ပြည့်နှစ်မှသည် ကွယ်လွန်သည်အထိ ပါရဂူဘွဲ့ကြိုသင်တန်း၌ သင်ကြားပို့ချကြီးကြပ်အကြံပေးခဲ့သည်။

၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်မြန်မာစာအသင်းဥက္ကဋ္ဌ၊ ၁၉၇၁-၇၂ ခုနှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်း တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သုတေသနအသင်း စာစဉ်ဆော်ဩသူနှင့် တွဲဖက်အယ်ဒီတာစသည့် တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ၁၉၅၉ ခုနှစ် မေလထုတ် မြဝတီမဂ္ဂဇင်းတွင် တက္ကသိုလ်မောင်ဝင်းဆွေ ကလောင်အမည်ဖြင့် 'ဝဏ္ဏပဘာ လုကလျာ' ဆောင်းပါး စတင်ရေးသားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တက္ကသိုလ်ဝင်းမွန်အမည်ဖြင့် ငွေတာရီမဂ္ဂဇင်း၌ ဆောင်းပါးများရေးသားသည်။ ကလေးမျက်ရှုပုံပြင်များ၊ တိုင်းညွှန့်ပြည်ဖူးပုံပြင်များ၊ အာရှပုံပြင်များ (မင်းယုဝေနှင့်တွဲဖက်၍)ကို ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ် အမျိုးသားစာပေ စာပဒေသာတတိယဆုကို 'ခေတ်သစ်ကဗျာမိတ်ဖွဲ့' စာအုပ်ဖြင့် ရရှိသည်။

ဆရာကြီးသည် အောင်ခန့်ကလောင်အမည်ဖြင့် ဘာသာပြန်စာပေများ ရေးသားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အောင်ခန့်ကလောင်အမည်ဖြင့် လူ့သဘောလူ့သဘာဝ စိတ်ပညာ အမှီကျမ်းကို ရေးသားခဲ့သည်။ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုများ၊ စွန့်စားခန်း ဝတ္ထုများဖြစ်သည့် "မီးလျှံနှင့် ကြာဖြူ၊ စပါတာခြသေ့ကြီး၊ လက်သုံးတော်ဓား၊ ရမ္မက်ဇေရီ၊ ဖရားအယမဏိ၊ အနာဂတ်မျက်လုံးရှင်၊ လောဘမီးလျှံဒေါသမီးလျှံ၊ နိုင်သူနှင့်ရှုံးသူ" စသည့်စာအုပ်များကို မြန်မာပြန်ဆိုခဲ့သည်။ ကမ္ဘာကျော်စာရေးဆရာကြီး ဆာဝေါလ်တာစကော့၏ဝတ္ထုကို မြန်မာပြန်ဆိုသည့် "ရဲသွေးနီနီ" စာအုပ်ဖြင့် ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန်တတိယဆု ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် (၁၄) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေတစ်သက်တာ စာပေဆုနှင့် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာစာပေဆုတို့ကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ အသက် ၇၈ နှစ်အရွယ် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဆရာကြီးသည် ကလောင်နာမည်နှစ်ခုဖြင့် စာပေလောကတွင် ထင်ရှားသူဖြစ်သည်။ စာပေရေးရာဆောင်းပါးများကို တက္ကသိုလ်ဝင်းမွန်အမည်ဖြင့် ရေးသား၍ ဘာသာပြန်ဝတ္ထုများ၊ အမှီဝတ္ထုများကို အောင်ခန့်အမည်ဖြင့် ဘာသာပြန်ဆို ရေးသားခဲ့သည်။ တက္ကသိုလ်ဝင်းမွန်အမည်ဖြင့် ရေးသားသည့် "ခေတ်သစ်ကဗျာမိတ်ဖွဲ့"နှင့် အောင်ခန့်အမည်ဖြင့် ဘာသာပြန်ဆိုသည့် "ရဲသွေးနီနီ" စာအုပ်တို့မှာ ၁၉၆၈ ခုနှစ်အတွက် အမျိုးသားစာပေဆု (စာပဒေသာ) နှင့် (ဘာသာပြန်) ဆုများ တစ်ပြိုင်တည်း ရရှိခဲ့ခြင်းမှာ ထူးခြားချက်ဖြစ်ပါသည်။

**ဆရာကြီး၏ စာပေဆိုင်ရာခံယူချက်**

စာသိမ်စာဖျင်းတို့သည် သိမ်ဖျင်းသော အသိအမြင်ကိုသာ ပေးတတ်ပြီး စာဖတ်သူ၏အတွေးအခေါ် အယူအဆကို မှားယွင်းချွတ်ချော်စေပါသည်။ စာကောင်းစာမွန်တို့မှာမူ မှန်ကန်သော အသိအမြင်ကိုပေးပြီး စာဖတ်သူတို့၏ အတွေးအခေါ် အယူအဆကို တည့်မတ်မှန်ကန် စေပါသည်။ စိတ်နေစိတ်ထားကို ရင့်ကျက်မြင့်မြတ်လာစေပါသည်။ "စိတ်ပိုင်းဘဝကောင်းမွန်ရေး" ကို အထောက်အကူပြုပါသည်။ အတွေးအခေါ် မှန်ကန်ပါက အကျင့်အကြံ၊ အလုပ်အကိုင်သည်လည်း မှန်လာမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် အဆင့်အတန်းမရှိသော စာသိမ်စာဖျင်းများ အားနည်းပပျောက်ပြီး အဆင့်အတန်းရှိသော စာကောင်းစာမွန်များ၊ ဝတ္ထုကောင်းကြီးများ တိုးတက်ထွန်းကားဖို့ လိုအပ်နေပါပြီဟု မြန်မာဝတ္ထုရှည်သမိုင်းစာတမ်းတွင် ဆရာကြီးက ၎င်း၏ အမြင်သဘောထားကို ထုတ်ဖော်တင်ပြထားပါသည်။

**ဖတ်ကြားခဲ့သောစာတမ်းများ**

ဆရာကြီး တက္ကသိုလ်ဝင်းမွန်သည် မြန်မာစာပေဆိုင်ရာ စာတမ်းများကို ၁၉၈၆ ခုနှစ်တွင် စာပေဗိမာန်က ကြီးမှူးကျင်းပသည့် စာတမ်းငယ်စာပေစာတမ်းဖတ်ပွဲ၌ "၁၉၄၅ ခုနှစ် မတိုင်မီကာလ မြန်မာစာတမ်းငယ်" စာတမ်းတို့ကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။

**မြန်မာဝတ္ထုရှည်သမိုင်း**

မြန်မာနိုင်ငံတွင် နှော်ဗယ်ခေါ် ကာလပေါ်ဝတ္ထုရှည်များဖြစ်ပေါ်တိုးတက်ထွန်းကားလာပုံ သမိုင်းကြောင်းကို စနစ်တကျ လေ့လာသုတေသနပြု၍ စာတမ်းတင်သွင်း ဖတ်ကြားခဲ့ပါသည်။ ကာလပေါ်မြန်မာဝတ္ထုရှည်များ စတင်ပေါ်ပေါက်ခဲ့သည်မှာ ၇၅ နှစ်ပြည့်မြောက်သည့် ၁၉၇၉ ခုနှစ်တွင် စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၌ ဖတ်ကြားခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာဝတ္ထုရှည်များ ဖြစ်ထွန်းတိုးတက်မှုများကို ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ အရင်းရှင်ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်ဟူ၍ ခေတ်လေးခေတ် ပိုင်းခြားသုံးသပ်တင်ပြထားပါသည်။ ပဒေသရာဇ်ခေတ်တွင် မြန်မာစာပေ အရေးအသား တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်သော်လည်း ကာလပေါ် ဝတ္ထုအရေးအသား မျိုးကား ထွန်းကားခြင်း မရှိသေးပေ။ ဝတ္ထုဟု အမည်ခံထားသော ဇာတကဝတ္ထု၊ ဒဏ္ဍာရီဝတ္ထု၊ နန်းတွင်းဝတ္ထုတို့သာ ထွန်းကားခဲ့ပါသည်။ ကိုလိုနီခေတ်ရောက်မှသာ မြန်မာကာလပေါ်ဝတ္ထုများ စတင်ပေါ်ပေါက်လာခဲ့ပြီး တဖြည်းဖြည်း အားကောင်းကာ ထွန်းကားကျယ်ပြန့်လာပေသည်ဟု မြန်မာဝတ္ထုရှည်များ၏ စတင်ရာလမ်းကြောင်းကို ထုတ်ဖော်တင်ပြထားပါသည်။

မြန်မာဝတ္ထုရှည်များ ပေါ်ထွန်းစတွင် ဝတ္ထုပုံသဏ္ဍာန် ပီပြင်ခြင်းမရှိသေးဘဲ အပျော်ဖတ် အချစ်ဝတ္ထုတို့သာ အများစု ဖြစ်ခဲ့သည်။ ၁၉၂၀ မှ ၁၉၃၀ ပြည့်နှစ် ဝန်းကျင်ကာလတွင် ဝတ္ထုရှည်များ ပိုမိုအားကောင်းလာပြီး မြန်မာ့ဘဝပတ်ဝန်းကျင်ကို တန်ဖိုးထားသောဝတ္ထုများ၊ လူမှုရေး၊ နိုင်ငံရေးဦးတည်ချက်တို့ဖြင့် ရေးဖွဲ့သော ဝတ္ထုများ၊ ယင်းမှ ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကြိုကာလတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကို အထောက်အကူပြုသည့် ဦးတည်ချက်ဖြင့် ရေးဖွဲ့သော ဝတ္ထုများ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးဦးတည်သည့် ဝတ္ထုများ ထွက်ပေါ်လာခဲ့ကြပါသည်။

လွတ်လပ်ရေးရရှိပြီးနောက် အရင်းရှင်ပါလီမန်ခေတ်တွင် တိုးတက်သော စာပေသဘောတရား၊ စာပေအယူအဆများ ထွန်းကားလာခြင်း၊ စာပေဝေဖန်ရေး ဖွံ့ဖြိုးလာခြင်းတို့ကြောင့် ဦးတည်ချက်စေတနာကောင်းဖြင့် ရေးဖွဲ့သောဝတ္ထုများ တိုးတက်ထွန်းကားလာသည်။ အရေးအသား အတတ်ပညာပိုင်းတွင်လည်း တိုးတက်ကြွယ်ဝလာသည်။ ဝတ္ထုပုံစံပီသလာကာ တီထွင်ဆန်းသစ်ချက်များကိုပင်ပြုလုပ်လာနိုင်ကြသည်။ လူ့သဘာဝအဖွဲ့များကို ရေးဖွဲ့ရာ၌ ကျွမ်းကျင်နိုင်နင်းပြီး ဇာတ်ဆောင်တို့၏ ဓလေ့စရိုက် အမူအကျင့်တို့ကို ရုပ်လုံးကြွလာအောင် ရေးဖွဲ့နိုင်သော ဝတ္ထုဆရာတို့ ထွန်းကားလာခဲ့သည်။ ဆိုရှယ်လစ်ခေတ်တွင်မူ အလုပ်သမား၊ လယ်သမားလူတန်းစားနှစ်ရပ် အပါအဝင် လုပ်သားပြည်သူတစ်ရပ်လုံး၏ ဘဝသရုပ်ကို ကျယ်ကျယ်ပြန့်ပြန့် ရေးဖွဲ့ကြသော ဘဝသရုပ်ဖော်ဝတ္ထုများ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဦးတည်ချက်ဖြင့် ရေးဖွဲ့သော ဝတ္ထုများထွန်းကားခဲ့ပေသည်ဟု မြန်မာဝတ္ထုရှည်များ ဖြစ်ထွန်းတိုးတက်ခဲ့ပုံများကို ခေတ်အလိုက် ခွဲခြားတင်ပြထားပါသည်။ စာပေဝါသနာရှင် စာဖတ်ပရိသတ်များအဖို့ မြန်မာဝတ္ထုရှည်များ၏ ဖြစ်ပေါ်တိုးတက်ထွန်းကားလာပုံလမ်းကြောင်းကို တစေ့တစောင်း အကဲဖြတ်နိုင်ခွင့် ရစေခဲ့ပါသည်။

မြန်မာဝတ္ထု သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်သောအခါ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားကိုကြည့်ပြီး တိုင်းပြည်နှင့်လူမျိုး အကျိုးရှိစေမည့် ဝတ္ထုများ၊ အဆင့်အတန်းရှိသော ဝတ္ထုကောင်းများကို ရေးဖွဲ့ခဲ့ကြသော ဝတ္ထုဆရာများ အမြောက်အမြားရှိသကဲ့သို့ ငွေကြေးခနဲ မြတ်စွန်းရေးကိုသာကြည့်ပြီး အဆင့်အတန်းမရှိသော ဝတ္ထုများ၊

*စာမျက်နှာ ၁၇ သို့*

❏ **ဆရာကြီးသည် ကလောင်နာမည်နှစ်ခုဖြင့် စာပေလောကတွင် ထင်ရှားသူဖြစ်သည်။ စာပေရေးရာဆောင်းပါးများကို တက္ကသိုလ်ဝင်းမွန်အမည်ဖြင့် ရေးသား၍ ဘာသာပြန်ဝတ္ထုများ၊ အမှီဝတ္ထုများကို အောင်ခန့်အမည်ဖြင့် ဘာသာပြန်ဆို ရေးသားခဲ့သည်။ တက္ကသိုလ်ဝင်းမွန် အမည်ဖြင့်ရေးသားသည့် "ခေတ်သစ် ကဗျာမိတ်ဖွဲ့"နှင့် အောင်ခန့်အမည်ဖြင့် ဘာသာပြန် ဆိုသည့် "ရဲသွေးနီနီ" စာအုပ်တို့မှာ ၁၉၆၈ ခုနှစ်အတွက် အမျိုးသားစာပေဆု (စာပဒေသာ)နှင့် (ဘာသာပြန်) ဆုများ တစ်ပြိုင်တည်းရရှိခဲ့ခြင်းမှာ ထူးခြားချက်ဖြစ်ပါသည်**

*စာမျက်နှာ ၁၆ မှ*

အတွေးအခေါ် အယူအဆမှားစေသော ဝတ္ထုများ၊ အဆိပ်အတောက်ဖြစ်စေသော ဝတ္ထုများကို ရေးဖွဲ့ခဲ့ကြသော ပေါ်ပင်ဝတ္ထုဆရာအချို့ကိုလည်း ခေတ်တိုင်းတွင် တွေ့မြင်ရပါသည်။ ယခုအခါ မြန်မာဝတ္ထု၏ သက်တမ်းသည် (၇၅) နှစ် တင်းတင်းပြည့်ပြီဖြစ်၍ အရေအတွက်မှ အရည်အချင်းသို့ ပြောင်းသင့်ပါပြီ။ အပျင်းပြေ အပျော်ဖတ်အဆင့်မှ တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုနိုင်သောအဆင့်သို့ ကူးပြောင်းသင့်ပါပြီဟု သုံးသပ်ပြထားသည်မှာ ဆရာကြီး၏ မြန်မာစာပေအပေါ် ထားရှိသော စေတနာကို တွေ့မြင်နိုင်ပါသည်။


**အက်ဆေးခေါ်စာတမ်းငယ်စာပေ**

ဆရာကြီးတက္ကသိုလ်ဝင်းမွန်သည် အက်ဆေးခေါ်စာတမ်းငယ်များကိုလည်း ရေးသားခဲ့ပါသည်။ ကံ့ကော်မြိုင်စာပေဝိုင်းကို တည်ထောင်ပြီး ကံ့ကော်မြိုင်စာတမ်းကိုလည်း ထုတ်ဝေခဲ့သည်။ အက်ဆေးခေါ် စာတမ်းငယ်နှင့် ပတ်သက်၍ ဆရာကြီးက စာတမ်းငယ်အရေးအသားသည် ရသစာပေအဖွဲ့တစ်ရပ် ဖြစ်ပါသည်။ ရင်ထဲ၊ နှလုံးထဲမှ ပွင့်အံကျလာသည့် ရင်ဖွင့်သံဖြစ်ပါသည်။ စာဖတ်ပရိသတ်၌ နှစ်သက်မှု ရသကို ဖြစ်စေရုံမက ရသဖြစ်သည်နှင့်တကွ ဘဝအသိအမြင်၊ ပတ်ဝန်းကျင်အသိအမြင်ကိုလည်း ဖြစ်စေပါသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါသည်။

၁၉၈၆ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပသည့် 'စာတမ်းငယ်စာပေ' စာတမ်းဖတ်ပွဲ၌ ဆရာကြီးသည် '၁၉၄၅ ခုနှစ်မတိုင်မီကာလ မြန်မာစာတမ်းငယ်' စာတမ်းကို တင်သွင်းဖတ်ကြားခဲ့ပါသည်။ မြန်မာစာပေတွင် ၁၉၄၅ ခုနှစ် မတိုင်မီကာလအတွင်း ပေါ်ပေါက်လာခဲ့သော စာတမ်းသဘောလက္ခဏာပါသည့် စာများနှင့် စာတမ်းငယ်များ အကြောင်းကို လေ့လာသုတေသနပြုတင်ပြခြင်း ဖြစ်ပါသည်။

မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် စာတမ်းငယ် အရေးအသားနှင့် တူမျှသော စာအရေးအသားမျိုး လုံးဝမပေါ်ထွန်းခဲ့ဘဲ ဗြိတိသျှကိုလိုနီခေတ်ရောက်မှ စာတမ်းငယ် အရေးအသား စတင်အခြေတည်ကာ တဖြည်းဖြည်း ထွန်းကားထင်ရှား လာပါသည်။ အခြေတည်စကာလ စာတမ်းငယ်များမှာ အက်ဆေးခေါ် စာတမ်းငယ် သဘောကိုအပြည့်အဝဆောင်သည်လည်း ရှိသည်။ အက်ဆေးနှင့် ဆောင်းပါး ကြားတွင် ဟိုယိမ်း သည်ယိမ်းလျက်ရှိနေသည်ကိုလည်း တွေ့ရပါသည်။ ၁၉၃၀ ပြည့်နှစ်ကျော်လာချိန်မှစ၍ အခြေတည်စ စာတမ်းငယ်သည် ရင့်ကျက်ခိုင်မာစပြုလာသည်ကို တွေ့ရပါသည်။ ထိုခေတ်ကာလအခြေအနေဖြစ်သည့် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ပေါင်းစပ်ပြီး ထွန်းကားထင်ရှားလာခဲ့ပါသည်။ မြန်မာစာတမ်းငယ် အခြေတည်ပေါ်ထွန်းစခေတ်ကာလမှာ ကိုလိုနီခေတ်ဦးမှ ၁၉၃၄ ခုနှစ် ဝန်းကျင်ကာလအထိဖြစ်ပြီး မြန်မာ စာတမ်းငယ် ထွန်းကားထင်ရှားလာသော ကာလမှာ ၁၉၃၄ ခုနှစ်မှ ၁၉၄၅ ခုနှစ် မတိုင်မီကာလအထိ ဖြစ်သည်ဟု သတ်မှတ်လိုပါသည်ဟု ဆရာကြီးက မြန်မာစာတမ်းငယ်များ ပေါ်ပေါက်ထွန်းကားတိုးတက်လာမှု အချိန်ကာလနှင့် ပတ်သက်၍ သုံးသပ်ထားပါသည်။

မြန်မာ စာတမ်းငယ်များသည်




ပေါ်ပေါက်ဖြစ်ထွန်းခဲ့ရာ ခေတ်အဆက်ဆက်တွင် တိုင်းပြည်နှင့် လူမျိုးတိုးတက်ကြီးပွားရေး၊ အသိဉာဏ်ပညာဖွံ့ဖြိုးရေး၊ အဇ္ဈတ္တသန္တာန်၌ အလင်းရောင်ထွန်းလင်းရေး၊ သူတော်ကောင်း စိတ်ဓာတ်နိုးကြားရေး၊ ဆင်ခြင်တုံတရား ပွားများရေး၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ခိုင်မာရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ထက်သန်ရေးတို့အတွက် တိုင်းပြည်နှင့် လူမျိုးအပေါ် အကျိုးပြုခဲ့ကြသည်များကို ဆရာကြီးက ပေါ်ထွက်ခဲ့သော စာတမ်းငယ် စာပေများကို ကောက်နုတ်ကိုးကား၍ တင်ပြထားပါသည်။

**ခေတ်သစ်ကဗျာမိတ်ဖွဲ့**

ဆရာကြီးသည် ၁၉၆၈ ခုနှစ် အမျိုးသားစာပေ စာပဒေသာဘာသာရပ် တတိယဆုကို "ခေတ်သစ်ကဗျာမိတ်ဖွဲ့" စာအုပ်ဖြင့် ရရှိခဲ့ပါသည်။

မြန်မာစာပေကို လေ့လာလိုက်စားသော စာသမားတစ်ဦးကို ရှေးဟောင်း မြန်မာကဗျာအကြောင်း မေးမြန်းပါက ကျေနပ်လောက်အောင် ပြောပြပါလိမ့်မည်။ ရှေးဟောင်း မြန်မာကဗျာအကြောင်း လေ့လာသုံးသပ်ဖွင့်ဆိုထားသော၊ စုစည်းထားသော ဆောင်းပါးများ၊ စာအုပ်စာတမ်းများ၊ ကျမ်းများအများအပြားရှိသောကြောင့် ဖြစ်နိုင်ပါသည်။ မျက်မှောက်ခေတ် မြန်မာကဗျာအကြောင်း မေးမြန်းပါမူ ကျေနပ်လောက်အောင် ကောက်ကာငင်ကာ ပြောကြားနိုင်မည် မထင်ပါ။ အတော်အသင့် အချိန်ယူ တွေးတောစဉ်းစားချိန်ဆပြီးမှသာ မေးမြန်းချက်ကို ဖြေကြားပြောပြနိုင်မည် ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မျက်မှောက်ခေတ် မြန်မာကဗျာအကြောင်း လေ့လာသုံးသပ်ဖွင့်ဆိုထားသော၊ စုစည်းထားသောစာအုပ်စာတမ်းများ၊ ကျမ်းများ ရှိသင့်သလောက် မရှိသေးသည့်အတွက်ကြောင့် ဖြစ်နိုင်ပါသည်။

ဤအဖြစ်မျိုးကို ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ရ၍ တစ်ပါးသူများ ကြုံတွေ့သည်ကိုလည်း ကြားရ၊ သိရပါသည်။ ထို့ကြောင့် မျက်မှောက်ခေတ် မြန်မာကဗျာကို ပိုမိုအားစိုက်ပြီး ဖတ်ရှုလေ့လာပါသည်။ သုံးသပ်ဆင်ခြင်၊ ဆွေးနွေးမေးမြန်းပါသည်။ ယင်းနောက် ဤ "ခေတ်သစ်ကဗျာမိတ်ဖွဲ့" စာအုပ်ကို ကြိုးစားအားထုတ်၍ ရေးသားရခြင်း ဖြစ်ပါသည်ဟု ဆရာကြီးက ခေတ်သစ်ကဗျာမိတ်ဖွဲ့ စာအုပ်ရေးသားရခြင်း အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါ သည်။

အဆိုပါစာအုပ်တွင် ခေတ်သစ်မြန်မာကဗျာလောက၌ အထင်ကရ ကဗျာဆရာများဖြစ်ကြသည့် ဇော်ဂျီ၊ မင်းသုဝဏ်၊ ဒဂုန်တာရာ၊ နုယဉ်၊ ငွေတာရီ၊ ထွဏ်းနေနွယ်၊ ဗန်းမော်ညိုနွဲ့၊ မိုးစည်၊ ကြည်အေး၊




မင်းယုဝေနှင့် ဒေါ်ခင်နွယ်ဆွေတို့၏ ထင်ရှားသောကဗျာများကို ကဗျာဆရာတစ်ဦးချင်း၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့်တကွ အဓိပ္ပာယ်ဖွင့်ဆို ဝေဖန်ပေးထားသည်။ မျက်မှောက်ခေတ် ကဗျာဆရာများ၏ ကဗျာများကို တင်ပြရာ၌ လောကဝန်းကျင်အမြင် အသိ သတိတရားတို့ စိမ့်ဝင်ပွားများစေသော ကဗျာများ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ထက်သန် ကိန်းအောင်းရေးကို ရှေးရှုသော ကဗျာများ၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ သာယာဝပြောသော လူ့ဘောင်သစ်တည်ဆောက်ရေးကို တောင့်တသော ကဗျာများ၊ စိတ်ဓာတ်ကြံ့ခိုင်ရဲဝံ့ခြင်းကို အားပေးသောကဗျာများ၊ မျက်မှောက်ခေတ်ကာလ၏ အခြေအနေအရပ်ရပ်နှင့်ပြည်သူလူထုတို့ ကြုံတွေ့ရင်ဆိုင်နေကြရသော ဘဝပြဿနာအရပ်ရပ်ကို ထင်ဟပ်ပြသော ကဗျာများ၊ ပြည်သူ၏အားမာန်၊ ပြည်သူ၏ စွမ်းရည်၊ ပြည်သူ၏ဂုဏ်ကို ဖော်ညွှန်းသွားသော ကဗျာများ၊ ခေတ်နှင့်လျော်ညီသော ကဗျာများကို ရွေးထုတ်တင်ပြသွားပါသည်။

ထိုကဗျာများကို ရေးသားခဲ့ကြသည့် ကဗျာစာဆိုများ၏ စေတနာ၊ ရည်ရွယ်ချက်၊ အတွေးအခေါ်၊ သူတို့၏ကဗျာဖွဲ့စည်းပုံနှင့် သူတို့ကဗျာများကို ဖတ်ရှုခံစားထိတွေ့ရသော ရသနှင့် အတွေးလှိုင်းများကို ခံစားရေးဖွဲ့ရင်း ခေတ်သစ်ကဗျာများနှင့် မိတ်ဖွဲ့ပေးထားပါသည်။ ထို့ပြင် ဆရာကြီးက ၎င်းဖတ်ရှုလေ့လာစုဆောင်းရသမျှသော ခေတ်သစ်ကဗျာစာအုပ်များ စာရင်းကို ပူးတွဲဖော်ပြထားသည့်အတွက် မျက်မှောက်ခေတ်မြန်မာကဗျာလောကအတွက် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့် စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**အမျိုးသားပညာဝန်ဦးဖိုးကျား၏ ဘဝနှင့်စာပေ**

ဆရာကြီး တက္ကသိုလ်ဝင်းမွန်သည် မျိုးချစ်စာဆိုတစ်ဦးဖြစ်သည့် အမျိုးသားပညာဝန်ဦးဖိုးကျား၏ ဘဝနှင့်စာပေကျမ်းကို ပြုစုတင်သွင်း၍ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ စာဆိုတစ်ဦး၏ ဘဝနှင့် စာဆိုပြုစုသော စာပေများကို ဆက်စပ်လေ့လာ၍ပြုစုထားသော မြန်မာစာပေအဖွင့်ကျမ်းတစ်စောင် ဖြစ်ပါသည်။

ဦးဖိုးကျား၏ ဘဝဖြတ်သန်းမှုကဏ္ဍတွင် ကျောင်းသားဘဝ၊ ကောလိပ်ကျောင်းသားဘဝ၊ ၁၉၂၀ ကျောင်းသားသပိတ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊ အမျိုးသားပညာဝန်ဘဝဟူ၍ ဖော်ပြထားပြီး စာပေရေးရာ ဆောင်ရွက်ချက်များကဏ္ဍတွင် ရာဇဝင်ဆရာ ဦးဖိုးကျား၊ ကိုယ်တွေ့ဝတ္ထုဆရာ ဦးဖိုးကျား၊ ဦးဖိုးကျား၏ စာပေအထွေထွေဟူ၍ ပိုင်းခြားလေ့လာထားသည်ကို တွေ့ရှိရပါသည်။ ကိုယ်တိုင်သွားရောက် သုတေသနပြုချက်များ၊ တွေ့ဆုံမေးမြန်းချက်များ၊ စာတွေ့လေ့လာချက်များကို အခြေပြု၍ စနစ်တကျသုတေသနပြုထားသော ကျမ်းတစ်စောင် ဖြစ်ပါသည်။ ကိုယ်တွေ့ဝတ္ထုများ၏ နောက်ခံအကြောင်းအချို့ကို ဖော်ထုတ် တင်ပြထားသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

ဦးဖိုးကျား၏ စာပေဆိုင်ရာဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရာဇဝင်ဆရာ ဦးဖိုးကျားတွင်– ဦးဖိုးကျားသည် ရာဇဝင်ဆိုင်ရာ စာအုပ်လေးအုပ် ပြုစုရေးသားခဲ့သည်။ ထိုစာအုပ်များကို အသေးစိတ်လေ့လာသောအခါ တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိသော ဦးဖိုးကျား၏ စေတနာသည် ပီပြင်လာသည်။ ရာဇဝင်ကို စနစ်တကျ လေ့လာလိုက်စားသော ခေတ်သစ်ရာဇဝင် သုတေသီတစ်ဦးအဖြစ် မတွေ့မမြင်ရသော်လည်း ရာဇဝင်ဘာသာရပ်နှင့် ပြည်သူလူထုနီးစပ်အောင်၊ ရာဇဝင်ဘာသာရပ်ကို ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် အကျိုးရှိသည့်ဘက်၌ သုံးတတ်အောင် လုပ်ဆောင်ခဲ့သော ရာဇဝင်ဆရာအဖြစ်ပေါ် ထင်လာသည်။ ထို့ကြောင့် ဦးဖိုးကျားအား "ရာဇဝင်ဆရာ ဦးဖိုးကျား" ဟု တိုင်းပြည်က ချီးကျူးခေါ်ဝေါ်ခြင်းသည် ချီးကျူးသင့်ချီးကျူးထိုက်၊ ခေါ်ဝေါ်သင့် ခေါ်ဝေါ်ထိုက်ပါပေသည် ဟု မှတ်ယူမိပါသည်ဟု ဆရာကြီးက သုံးသပ်တင်ပြထားပါသည်။ ကိုယ်တွေ့ဝတ္ထုများနှင့် ပတ်သက်၍ လူငယ်လူရွယ်တို့၏ စိတ်နေစိတ်ထား၊ အကျင့်စာရိတ္တတို့ကို ပြုပြင်အားပေးလိုသော စေတနာဖြင့် ပြုပြင်ရေးရှုထောင့်မှ ရေးသားခဲ့သော ပြုပြင်ရေးဝတ္ထုများဖြစ်ပေသည်ဟု ယင်းဝတ္ထုများကို ကောက်နုတ်တင်ပြထားပါသည်။

အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေကို ကဏ္ဍများခွဲခြား၍ စနစ်တကျ ပိုင်းခြားလေ့လာခြင်းဖြင့် ဦးဖိုးကျား၏စာပေရေးရာစွမ်းဆောင်ချက်များသည်ပို၍ ထင်ရှား ပီပြင်ထွန်းပြောင်လာစေပါသည်။ တိုင်းပြည်နှင့်လူမျိုး အပေါ်ထားရှိသည့် ဦးဖိုးကျား၏ စေတနာ၊ ဆောင်ရွက်ချက်များကို ပေါ်လွင်အောင် ဖော်ထုတ်တင်ပြထားခဲ့သည့် ကျမ်းတစ်စောင်ပင် ဖြစ်ပါသည်။

**ဘာသာပြန် ဆရာအောင်ခန့်**

ဆရာကြီးသည် စာပေရေးရာ ဆောင်းပါးများကို တက္ကသိုလ်ဝင်းမွန်အမည်ဖြင့် ရေးသားခဲ့ရာတွင် ထင်ရှားအောင်မြင်ခဲ့သကဲ့သို့ ဘာသာပြန်စာပေများ၊ အမိုးစာပေများကို အောင်ခန့်အမည်ဖြင့် ဘာသာပြန်ဆို ရေးသားရာတွင်လည်း အောင်မြင်ခဲ့သည်။ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို ဘာသာပြန်ဆိုခဲ့သည်။ အောင်ခန့်အမည်ဖြင့် "လူ့သဘော လူ့သဘာဝ စိတ်ပညာ အမိုကျမ်း" ကို ၁၉၆၅ ခုနှစ်တွင် စတင်ရေးသားခဲ့သည်။ ယင်းနောက် ၁၉၆၆ ခုနှစ်တွင် ဆာရိုက်ဒါဟက်ဂက်၏ The World's Desire ကို "ရမ္မက်ကေရီ" အမည်ဖြင့် မြန်မာပြန်ဆိုခဲ့သည်။ ဆက်လက်၍ ဆာရိုက်ဒါဟက်ဂတ်၏ စာအုပ်များကို မြန်မာပြန်ဆိုသည့် "ပညာရှင် သခင်မ၊ သူရိယကလျာ၊ အလန်နှင့် ရှေးဘဝ၊ သမုဒယသူဇာ" စသည့် ဘာသာပြန်စာအုပ်များ ထွက်ရှိခဲ့သည်။ စကော့လူမျိုးစာရေးဆရာကြီးဖြစ်သည့် ဆာဝေါလ်တာစကော့၏ Quentin Durward စာအုပ်ကို "ရဲသွေးနီနီ" အမည်ဖြင့် မြန်မာပြန်ဆိုခဲ့ရာ ယင်းစာအုပ်သည် ၁၉၆၈ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်စာပေ) တတိယဆုကို ရရှိခဲ့ပါသည်။

ဆာဝေါလ်တာစကော့သည် ရာဇဝင်ဝတ္ထုကြီးများဖြင့် ထင်ရှားကျော်ကြားလာသူဖြစ်သည်။ ရဲသွေးနီနီ၏ မူရင်းဝတ္ထု Quentin Durward သည် ၁၈၂၃ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည့် ရာဇဝင်နောက်ခံဝတ္ထုဖြစ်သည်။ ၁၅ ရာစုခေတ် ပြင်သစ်နန်းတွင်း အရှုပ်အထွေးပေါ် တွင် အခြေပြုဇာတ်အိမ်တည်ထားသည်။ ပြင်သစ်ဘုရင်ကေဒသမမြောက် လူဝီဘုရင်ကြီးနှင့် ဘာဂန်ဒီနယ်စားကြီးချားလ်တို့ အားပြိုင်ကြသည့် နန်းတွင်းနောက်ခံဇာတ်လမ်းဖြစ်သည်။ ဝတ္ထုကြီးတွင် လူဝီဘုရင်ကြီးနှင့် ဘာဂန်ဒီနယ်စားကြီးတို့၏ ဓလေ့စရိုက်၊ အမူအကျင့်နှင့် စိတ်နေသဘောထားတို့ ပေါ်လွင်နေသည်။ ထိုခေတ်ကာလ၏ ရာဇဝင်အငွေ့အသက်များကို သရုပ်ဖော်နိုင်စွမ်းရှိသည်ဟု ကျော်ကြားသောဝတ္ထုဖြစ်သည်။

ဤဝတ္ထုကြီးကို မြန်မာပြန်ဆိုရာတွင် မူရင်းမှာ စာမျက်နှာ ၈၀၀ ကျော်ရှိ၍ ရှည်လျားလှသဖြင့် တိုက်ရိုက်မြန်မာပြန်ဆိုခြင်း မပြုနိုင်ပေ။ မူရင်းဝတ္ထုကြီး၏ အနှစ်သာရနှင့် ရသမပျက်စေရန် အကျဉ်းချုံးထားသော အကျဉ်းချုံးဝတ္ထုမူနှစ်မူ၊ ခေတ်စကားပြေဖြင့် အလွယ်ပြန်ရေးထားသည့် အကျဉ်းချုံး ဝတ္ထုမူတစ်မူတို့နှင့် ညှိနှိုင်းပြီး အကျဉ်းချုံး မြန်မာပြန်ဆိုထားခြင်း ဖြစ်ပါသည်ဟု ဆရာအောင်ခန့်က ဝတ္ထုအမှာစာတွင် ဖော်ပြထားပါသည်။

ဆရာကြီးတက္ကသိုလ်ဝင်းမွန်သည် ဘဝတစ်သက်တာလုံး မြန်မာစာပေဆိုင်ရာ ဆောင်းပါးများ၊ စာအုပ်များ၊ စာတမ်းများ ရေးသားပြုစု တင်သွင်းဖတ်ကြားခြင်းများ၊ ကမ္ဘာ့ဂန္ထဝင်စာပေများ၊ ဝတ္ထုကြီးများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခြင်းများ ဆောင်ရွက်ခဲ့ရာမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဆရာကြီး ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း ဆရာကြီး၏ စာပေဆိုင်ရာ ဆောင်ရွက်ချက်များ၊ စာပေလက်ရာများသည် မြန်မာစာပေလောကအတွက် တန်ဖိုးရှိလှသော စာကောင်းပေမွန်များအဖြစ် ခေတ်အဆက်ဆက် ရှင်သန်ကျန်ရစ်နေမည်ပင် ဖြစ်ပါသည်။

ကိုးကား
၁။ မြန်မာဝတ္ထုရှည်သမိုင်း၊ တက္ကသိုလ်ဝင်းမွန်၊ စိတ်ကူး ချိုချိုအနုပညာ၊ ဇွန်လ ၂၀၀၉ ခုနှစ်။
၂။ စာတမ်းငယ် စာပေစာတမ်းများ (ဒုတိယတွဲ) စာပေဗိမာန်၊ ၁၉၈၇ ခုနှစ်။
၃။ ခေတ်သစ်ကဗျာမိတ်ဖွဲ့၊ တက္ကသိုလ်ဝင်းမွန်၊ ရာပြည့်စာပေ၊ အောက်တိုဘာလ ၂၀၁၆ ခုနှစ်။
၄။ အမျိုးသားပညာဝန် ဦးဖိုးကျား ၏ ဘဝနှင့်စာပေ၊ တက္ကသိုလ်ဝင်းမွန်၊ ရာပြည့်စာပေ၊ ဇွန်လ ၂၀၂၀ ပြည့်နှစ်။
၅။ ရဲသွေးနီနီ၊ အောင်ခန့်၊ နှလုံးလှစာပေ၊ ဇန်နဝါရီလ ၁၉၆၉ ခုနှစ်။
၆။ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၂၀၁၈)၊ စာပေဗိမာန်၊ ၂၀၁၈ ခုနှစ်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ ဝါကျမှာ မလိုအပ်ဘဲ စကားလုံးတွေထပ်ကာ မသုံးမိစေဖို့ နာမ်စား (pronoun) တွေအကြောင်းဆက်ပြီး ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာအရင်အပတ်က အဆက်ဖြစ်တဲ့ Interrogative Pronouns (အမေးနာမ်စား) အသုံးပြုပုံတွေနဲ့အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဆက်လက်ဖော်ပြပေးလိုက်ရုံသာမက Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား)များရဲ့ အသုံးပြုပုံတွေကိုလည်း အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ပြည့်ပြည့်စုံစုံဖော်ပြပေးလိုက်ပါတယ်။ ပိုမိုကျွမ်းကျင်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း “Shortest way to talk about orders–3” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံအသုံးတွေကို မြန်မာလိုအဓိပ္ပာယ် ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့လည်း ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Grammar**

**Who or Whom**

Whom ကို ပုံမှန်အားဖြင့် object ကို မေးလိုသောအခါသုံးသည်။ whom ၏ရှေ့တွင် preposition ကိုသုံးလျှင် ပိုပြီး formal ပိုဖြစ်သည်။ သို့သော် စကားပြောတွင်မသုံးပါ။ ဥပမာ–

- *Whom* did you give the book to? (formal)
- *To whom* did you give the book? (very formal)
- *Who* did you give the book to? (less formal)

**What or Which**

ဖြစ်နိုင်ခြေရှိသော အဖြေများ၏ ယေဘုယျအပိုင်းအခြား သို့မဟုတ် သတ်မှတ်ချက်အတွင်း တိကျသောအချက်အလက်များကို မေးလိုသောအခါ what ကိုသုံးသည်။ ဥပမာ–


- *What*'s the tallest building in the world?
- *What* did you say? I couldn't hear you.
- *What*'s your address?

Which ကို ဖြစ်နိုင်ခြေရှိသော အဖြေများ၏ ကန့်သတ်ထားသော အပိုင်းအခြား သို့မဟုတ် သတ်မှတ်ချက်အတွင်း တိကျသော အချက်အလက်ကို မေးလိုသည့်အခါတွင် သုံးသည်။ ဥပမာ–

- A: *Which* is yours address?
  B: This one here.
- *Which* hand do you write with?
- *Which* airport do we leave from, Heathrow or Gatwick?

**Exercise (1) Insert correct pronouns in the following sentences.**

1. ………… of the five girls received two flowers?
2. ………… of these calendars do you like?
3. ………… is this time?
4. I lost my pen. Did ………… see my pencil?
5. ………… do you want to blame?
6. ………… would you choose, the blue or the red?
7. To ………… did you give the letter?
8. With ………… are you going to play checkers?
9. ………… is better, honour or riches?
10. ………… do you expect to see in the zoo?
11. ………… are they doing at school?
12. I have six pups. You can take ………… you like.




**Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား)**

**Each other** နှင့် **one another** တို့သည် Reciprocal Pronoun (အပြန်အလှန်သုံးသောနာမ်စား) များဖြစ်ကြသည်။ ၎င်းတို့သည် လုပ်ဆောင်ချက်တစ်ခုတွင် အတူတကွပါဝင်သော လူနှစ်ဦး သို့မဟုတ် လူတစ်စုကို ရည်ညွှန်းသည်။

**Each other အသုံးပြုပုံ**

လုပ်ဆောင်ချက်တစ်ခုတွင် အတူပါဝင်သော လူနှစ်ဦးကို ရည်ညွှန်းလိုသည့်အခါ each other ကိုသုံးသည်။ ဥပမာ–

- They are talking to each other.

**One another အသုံးပြုပုံ**

လုပ်ဆောင်ချက်တစ်ခုတွင် အတူပါဝင်သော လူတစ်စုကို ရည်ညွှန်းလိုသည့်အခါ one another ကိုသုံးသည်။ ဥပမာ–

- They are talking to one another.

**Exercise (2) Fill in the blanks with “each other” or “one another”.**

1. The twins are playing with ………..
2. The basketball team always cooperates with ………..
3. The army performs rifle tests on ………..
4. The two friends enjoy shopping with ………..
5. My family helps ……….. with the housework.
6. Xiu Xiu's parents are very close to ………..
7. My three dogs often play with ………..
8. The class is discussing the issue with ………..
9. On Friendship Day, the pupils make cards for ………..
10. My sister and I help ……….. with our homework.

**Exercise (3) Fill in the blanks with a reciprocal pronoun.**

1. Alice and her friends meet ……….. weekly for dinner.
2. The businessmen are shaking hands with ………..
3. “Take care of ………..,” Mrs Tan told her two children.
4. Ali and his brother are talking to ………..
5. The two friends often write to ………..
6. To ensure their safety, the group of workmen watch out for ………..
7. Anna and I often watch movies with ………..
8. The television crew shouted instructions to ………..
9. Lisa and Mabel are the same size so they often exchange clothes with ………..
10. The three teams compete with ……….. every year for the gold medal.

## VOCABULARY (IDIOMS)

1. **in a nut shell (တိုတိုပြောရလျှင်)**
   To put it in a nut shell, we're bankrupt.
2. **to mind one's p's and q's (ပြုမူပြောဆိုရာတွင် သူတစ်ပါးမထိခိုက်အောင် သတိထားသည်။ လက်လွတ်စပယ်မပြော၊ မလုပ်)**
   I have to mind my p's and q's when I'm with my grandmother.
3. **a square peg in a round hole (အံမဝင်ခွင်မကျဖြစ်နေသူ)**
   He never quite fitted in when he was working here–he was always a bit of a square peg in a round hole.
4. **child's play (အလွန်လွယ်ကူသောအရာ)**
   It is not a difficult climb–it should be child's play for an experienced mountaineer.
5. **to come to the point (လိုရင်းပြောသည်)**
   It took several paragraphs for her to come to the point of her argument.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about orders – 3

တစ်စုံတစ်ယောက်ကို ဟိုဟာလုပ်၊ ဒီဟာလုပ် စသဖြင့် အမိန့်ပေးတာ၊ ကွပ်ကဲတာ၊ ညွှန်ကြားတာတွေကို ပြောတဲ့အခါ ဘယ်လိုပြောရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ **shortest way to talk about orders–3** ဆိုပြီးဆက်လက် ဖော်ပြပေးလိုက်ပါတယ်။




*You mustn't …*
*Can't you…?*
*No smoking!*
*No parking!*
*Keep off the grass!*
*Do not drop litter!*
*Do not disturb!*

၁။ မင်းမလုပ်နဲ့ဆိုပြီး အလေးအနက်ပြောချင်တဲ့အခါ **you mustn't …** ကို သုံးပါတယ်။ ဥပမာ–

1. *You mustn't* do that here!
2. *You mustn't* open that door!
3. *I mustn't* forget my keys.
4. *She mustn't* feel she has to pay.
5. *You mustn't* go into the garden.

၂။ အမိန့်ပေး၊ စေခိုင်းတဲ့အခါမှာ နည်းနည်းစိတ်ဆိုးနေတဲ့ပုံစံ၊ နည်းနည်းစိတ်မရှည်တဲ့ပုံစံနဲ့ ပြောတဲ့အခါမှာ တစ်ခါတစ်ရံမှာ **can't you …?** နဲ့ပြောပါတယ်။ tag question လိုမျိုး သို့မဟုတ် ဝါကျရဲ့ရှေ့ဆုံးမှာ ထားပြီးတော့လည်း ပြောနိုင်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ “မလုပ်နိုင်ဘူးလား…” ဆိုတဲ့ သဘောမျိုးပြောတာပါပဲ။ ဥပမာ–

1. Drive faster, *can't you*? We're going to be late!
2. Make less noise, *can't you*? You'll wake the baby.
3. *Can't you* move that car now? It's blocking my driveway.
4. *Can't you* work harder? We need to finish painting this room tonight.

၃။ **အများပြည်သူဆိုင်ရာ သင်္ကေတများ**

အများပြည်သူဆိုင်ရာ သင်္ကေတတွေမှာလည်း တစ်ခါတစ်ရံမှာ ပြည်သူတွေကို မလုပ်စေချင်တဲ့အခါ အောက်မှာဖော်ပြထားသလိုမျိုး သုံးနိုင်ပါတယ်။ သူ့ရဲ့နောက်မှာလည်း ကျူးလွန်ဖောက်ဖျက်ရင် ဘယ်လိုမျိုး ဒဏ်ရိုက်မလဲဆိုတဲ့ သတိပေးချက်ပါ ဖော်ပြလေ့ရှိပါတယ်။ ဥပမာ–

1. *No smoking! Fine $500.*
2. *No parking!*
3. *Keep off the grass!*
4. *Do not drop litter! Fine $100.*
5. *Do not disturb!*
6. *Dogs must be kept on a lead!*

**Going to be late**

Jack: *You must hurrp up*, Sue. We're going to be late. The train leaves in half–an–hour.
Sue: *Can't you keep* quiet for a minute, Jack, and let me finish getting ready in peace.
Jack: *Please get a move on*! If we miss the train, there isn't another one for three hours.
Sue: *Make* me some coffee, *will you*? I need some caffeine.
Jack: There's no time! You'll have to get some at the station. *Get ready faster, can't you*?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၂-၂၀၂၁ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** လုပငန်းစွာပုံဖော်ထုဆစ်ထားသလ္လာမြေမှ သဘာ၀တွင်းထွက်ကျောက်အလှဆင် ပစ္စည်းများ
**၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ကြွေလည်းဝေမြဲတမ်းတဆဲ
**၁၃:၃၀** MRTV National News
**၁၅:၁၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဇီဝဗေဒဘာသာရပ်**'
**၁၆:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၁၇:၂၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ဟယာမျက်နှာဖုံး**' (အပိုင်း-၂၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း-၃၉)
**၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ချစ်သောဘာဘီ**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Seychelles Pavilion at Expo 2020 Dubai
**07:34** Mosaic Painting (Precious Stones & Gems)
**07:49** Beach Food Delivery
**08:01** Myanmar Masterclass: Artist Zay Yar Aye
**08:15** Myanmar Traditional Thatched Roofs: IN-LEAF
**08:32** Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
**08:46** Farming: Duck Breeder
**09:01** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**09:13** A Day Life Of Kayan Padaung Tribe
**09:43** Ywar Thit's Monhinkhar
**10:01** Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
**10:10** Kayah

**MRTV NRC**

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စကောကရင်ဒေသထွက်ကုန်များ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖိုးဖြူရွာကရေလုပ်သားကြီးဘ၀

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပသောကျုံထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
သွေးသီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်အမိမြန်မာပြည်(အပိုင်း-၄)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာပြတိုက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်တို့ရိုးရာအလှမွန်တို့ရိုးရာဝတ်စုံ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်အမျိုးသားဖက်ရှင်ရှိုး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
၁ရအစားအစာ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**စနာတတ်သူတာဝန်ယူ**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅)
**၁၁:၀၀** ရွှေချယ်တင်မြောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel တို့ ဝနေ့တနင်္ဂနွေမှအစ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

---

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး



နေပြည်တော် ဒီဇင်ဘာ ၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၅ ရက်၌ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Sodium Chloride Injection ၁၀၇၁၆၀၊ Mask ၃၃၄၈၃ Kg၊ Liquid Oxygen ၁၅၃၈၅ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၁၂-၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၇၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၂၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၆၀ ကျပ် | ၁၂၃၀/၁၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၄၅/၁၂၇၀ ကျပ် | ၁၂၄၅/၁၂၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၂၀ ကျပ် | ၁၂၉၅/၁၃၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၀ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၉၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀၅ | ၂၄၃၀၆၉၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၅၄၀ | ၁၇၀၁၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂ | ၁၆၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀ | ၅၆၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁၂ | ၃၅၄၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၈ | ၁၄၀၀၀၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နောင်မမှားအောင် ရှောင်ရှားရမည့်လောင်းကစား

## သွင်လန်း

**ယခုရက်ပိုင်းအတွင်း ရမည်းသင်းမြို့ရှိ မြန်မာ့ရှေ့ဆောင်ဘဏ်အား ဓားပြတိုက်မှု ဖြစ်ပွားခဲ့ပြီး ဓားပြတိုက်ရာတွင်ပါဝင်သည့် တရားခံများနှင့် လုယက်သွားသည့်ငွေများအား လုယက်သည့်နေ့ညပိုင်းနှင့် နောက်တစ်နေ့တွင် ဆက်တိုက် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းများတွင် တွေ့ရပါသည်။ ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့၏ လောင်းကစားပြုလုပ်ခြင်းအတွက် ငွေကြေးလိုအပ်ချက်အရ ဘဏ်လုယက်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်ဟု သတင်းတွေမှာ ဖော်ပြပါရှိသည်။**

**လောင်းကစားကြောင့်ဒုက္ခရောက်သူများ**

ယခုလို ဒုစရိုက်ကျူးလွန်သူများသည် လုပ်စားကိုင်စားအဆင်မပြေ၍ စားစရာမရှိ ဆင်းရဲငတ်ပြတ်၍ ကြံစည်ခြင်းမဟုတ်ဘဲ လောင်းကစားမှုတွင် ငွေကုန်သွား၍ ငွေလို၍ကြံမိကြံရာ ကြံကြသည်က ပိုများမည်ထင်ပါသည်။ စာရေးသူ၏ ၆၅ နှစ်ကျော် သက်တမ်းတစ်လျှောက် လောင်းကစား အလွန်အကျူး ခုံမင်သူ အများအပြား ကြုံခဲ့ဖူးသော်လည်း လောင်းကစားလုပ်၍ ကြီးပွားသွားသူ၊ အနေအစားချောင်သူဟူ၍ တစ်ဦးတလေမှ မကြုံခဲ့ဖူးပါချေ။ လောင်းကစားဖြင့် မွဲပြာကျသူ၊ အတိဒုက္ခရောက်သူ၊ ရှိပြီးသား စည်းစိမ်ဥစ္စာယုတ်လျော့ ပျောက်ပျက်သူများကိုသာ တွေ့ခဲ့ဖူးပါသည်။ အနီးစပ်ဆုံး လောင်းကစားဝါသနာရှင်ကား စာရေးသူ၏ အစ်ကိုကြီးပင်ဖြစ်သည်။ အစ်ကိုကြီးသည် လူပျိုကြီး တစ်ကိုယ်တည်းနေထိုင်သူဖြစ်ပြီး အစိုးရဌာနတစ်ခုမှ လစာနည်းဝန်ထမ်းဖြစ်သည်။ နှစ်လုံး သုံးလုံး စသည့် ချဲထီနှင့် ဘောလုံးပွဲလောင်းသည့် ဝါသနာအတော်ကြီးသည်။ သူ့မြို့တွင် နှစ်လုံး သုံးလုံး ခန့်မှန်းရာ၌ အတော်အတန် နာမည်ကြီးသည်။ မနက်လင်းလျှင် သူနှင့်ချဲထီထိုးဖော် ထိုးဖက်များနှင့် ဘာတစ်လုံးကောင်းသည် ဘယ်ဂဏန်းလှသည် စသည်ဖြင့် ဖုန်းတစ်လုံးနှင့် အမြင်ချင်း ဖလှယ်ကြသည်။ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးက နှိပ်စက်သဖြင့် အစ်ကိုကြီးသည် တစ်ယောက်တည်းနေရင်း အကြွေးမကြာခဏတင်သည်။ တစ်ခါတစ်ရံ လေးငါးသိန်းအထိ အကြွေးတင်လာပြီးနောက် တစ်ကြိမ်လောက်ချဲပေါက်လိုက်လျှင် ထိုအကြွေးကျေသွားသည်။ သို့သော် ဆက်ထိုးတော့ ဆက်အကြွေးတင်ပြန်သည်။ ဤသို့ဖြင့် ကြွေးတင်လိုက် ပြန်ကျေလိုက်ကနေ ကြာလာတော့ အကြွေးကလည်ပင်းခိုက်လာသည်။ ညီမဖြစ်သူက မကြာခဏ အကြွေးဆပ်ပေးရသည်။

သူ့မြို့က ချဲထိုးသူများကြားတွင် ဆရာကြီးတစ်ဆူသဖွယ် ဆရာလုပ်နေသော အစ်ကိုကြီးမှာ အသက် ၆၆ နှစ်တွင် ကွယ်လွန်သွားချိန်အထိ တစ်သက်လုံး ကောင်းကောင်း မစားရ၊ ဆေးလည်း ကောင်းကောင်းမကုရ၊ လူမွေးလူတောင်မပြောင်ဘဲ ကွယ်လွန်သွားရသည်။ နောက်ထပ်လောင်းကစားကြောင့် ဘဝပျက်ရသူ မိတ်ဆွေတစ်ဦး တွေ့ဖူးသည်။ ကိုဂျော်လီဆိုသူမိတ်ဆွေတစ်ဦးသည် နိုင်ငံခြားနှင့် သစ်အရောင်းအဝယ်လုပ်ရာက အတော်အတန် ကြီးပွားခဲ့သည်။ သို့ရာတွင် မိမိမကျွမ်းကျင်သော လေးကောင်ဂျင်ဝိုင်းတွင် ဝင်ကစားမိရာက တစ်ရက်နှစ်ရက်အတွင်း ကျောက်မြောင်းရှိ မြေညီထပ်တိုက်ခန်းနှင့် စူပါဆလွန်းကားတစ်စီး ဂျင်ကစားရာမှရှုံးသဖြင့် မတန်မဆဈေးဖြင့် ရောင်းလိုက်ရသည်။ အိမ်ပိုင်မှအိမ်ငှားဖြစ်ပြီး ကားစီးနေရာမှ ဆိုက်ကားစီးရသူ ဖြစ်သွားသည်။

မောင်ကျော်အမည်ရှိ စာရေးသူ သူငယ်ချင်းတစ်ယောက်ကား ဗီဒီယို ရိုက်ကူးရေး ပိုင်ရှင်တစ်ဦးဖြစ်သည်။ သူနှင့်စာရေးသူတို့ ရခိုင်ပြည်နယ် မြို့တစ်မြို့သို့ ဗီဒီယိုရိုက်ကူးရေးအတွက် သွားရောက်ခဲ့ကြရာ ၎င်းမြို့တွင် မောင်ကျော် အပြင်းဖျားသဖြင့် ကျန်းမာရေးဆရာမအိမ်တွင် ဆေးကုသခံနေရ၏။ မူလက စကားနည်းသည့် မောင်ကျော်သည် စကားတစ်ခွန်းမှမပြောဘဲ ခေါင်းညိတ်ခေါင်းခါသာပြု၏။ အိမ်ရှင်များက ဆိုလျှင် “မောင်ကျော် စကားပြောတတ်ရဲ့လား” ဟုပင် မေးကြ၏။ တစ်နေ့တော့ အိမ်ရှင်၏ တူလေးက ကြက်ဖတစ်ကောင်ကိုပိုက်၍ အိမ်ပြန်လာရာ မောင်ကျော်က ကြက်ကိုလက်ညှိုးထိုးပြရင်း စာရေးသူဘက်လှည့်ကာ “အဲဒီကြက်ပေ့ါ ဟိုဘက်ရွာသွားတိုက်တာ ငါးထောင်တောင်နိုင်လာတယ်တဲ့”ဟု အားရဝမ်းသာ ပြောလိုက်လေရာ သူနာပြုဆရာမနှင့် အိမ်သားအားလုံး ဝမ်းသာအားရနှင့် “ဟာ…မောင်ကျော်စကားပြောပြီဟေ့၊ မောင်ကျော် စကားပြောတတ်သားပဲ၊ သူဝါသနာပါတဲ့ ကြက်တိုက်တဲ့အကြောင်းလည်းကြားရော စကားထပြောတော့တာပဲ”ဟု ပြောပြောပြီး ရယ်ကြပါတော့သည်။

နှစ်လုံး သုံးလုံး ဘောလုံးလောင်းကစားသာမက ကြက်တိုက် ကြက်လောင်း ဝါသနာပါသူ မောင်ကျော်လို ကြက်သမားများကား မိမိတို့

> **“လောင်းကစားအားလုံးသည် လောင်းကစားသူတို့ကို စီးပွားပျက် ဘဝပျက်စေသည်သာမက ဥပဒေအရ အရေးယူခံရ၍ ပြစ်ဒဏ်ကျခံရခြင်းများလည်း ကြုံတွေ့ရနိုင်သည်ဖြစ်၍ လောင်းကစားသံသရာမှ လွတ်ကင်းအောင် ရုန်းထွက်နိုင်ကြပြီး လူမှုဒုက္ခကင်းဝေးစေချင်ပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သက်ဆိုင်ရာက လောင်းကစားဒိုင်များကို နှိမ်နင်းဖမ်းဆီး အရေးယူလျက်ရှိသော်လည်း ချဲ၊ ထီ လောင်းကစားဒိုင်များအပါအဝင် ဖဲဝိုင်း၊ ကြက်ဝိုင်းများရှိနေဆဲဟု ကြားသိရသည်။ မိမိတို့ပတ်ဝန်းကျင်တွင် ဖုန်းဆက်၍ ချဲထိုးသူများ၊ ချဲတွက်သူများ၊ ချဲနံပါတ်မျှဝေဖလှယ်သူများ၊ ချဲထိုးရင်း မွဲပြာကျသူများ တွေ့နေရဆဲဖြစ်သည်”**

လောင်းကစားအတွက် တိရစ္ဆာန်ကိုလည်း ညှဉ်းဆဲကြလေသည်။ ခဏခဏရှုံးသော ကြက်ကို ချက်ချင်း ရိုက်သတ်တာမျိုးလည်း ကြုံဖူးခဲ့ပါသည်။

**ဒိုင်ဘက်က နိုင်ခြေပိုများ**

စာရေးသူ သုံးသပ်မိသလို ပြောရလျှင် နှစ်လုံး သုံးလုံး ချဲထီလောင်းကစားတွင် ထိုးသားဘက်က ပေါက်နိုင်ခြေအချိုးအဆနည်းပြီး ဒိုင်ဘက်က နိုင်ခြေပိုများသည်ဟု ထင်ပါသည်။ နှစ်လုံးသုံးလုံး ချဲထီ ကစားသူများနှင့် ပတ်သက်၍ စာရေးသူ သူငယ်ချင်းနှင့် ရင်းနှီးသူ သံဃာတစ်ပါးက ၎င်း၏ တရားပွဲကို ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ပေးရန် အလုပ်လာအပ်လာသဖြင့် ဦးဇင်းခေါ်ဆောင်ရာနောက်သို့ ရိုက်ကူးရေးအဖွဲ့နှင့်အတူ လိုက်သွားခဲ့သည်။ ရန်ကုန်မြို့က မြို့နယ်တစ်ခုတွင် အိမ်ကြီးတစ်အိမ်အပေါ်ထပ်၌ ဦးဇင်းလေး၏ တရားပွဲကျင်းပသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် တရားဟောပုဂ္ဂိုလ်ဖြစ်နေသည်ကို အံ့ဩမိသလို ဦးဇင်းဟောမည့် တရားကိုလည်း စိတ်ဝင်စားမိသည်။ တရားပွဲစလျှင် ဦးဇင်းဟောသည့်တရားက ဘာမှထူးထူးခြားခြား မရှိ။ အနန္တောအနန္တငါးပါး၊ ငါးပါးသီလ၊ ရတနာသုံးပါး၊ သစ္စာလေးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါး စသည်ဖြင့် ဦးဇင်းဟောကြားချိန်တွင် တရားပရိသတ်က စာရွက်ပေါ်တွင် ၅၊ ၃၊ ၄၊ ၁၅၊ ၈ စသည်ဖြင့် ကိန်းဂဏန်းများပျာပျာသလဲ လိုက်မှတ်ကြသည်ကိုတွေ့ရသဖြင့် ယင်းသို့မှတ်သားနေကြသည်ကိုလည်း ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးလိုက်သည်။ တဖြည်းဖြည်းနှင့် ဦးဇင်း၏ တရားပွဲမှာ နိဗ္ဗာန်ရောက်ကြောင်း တရားလည်း မဟုတ်၊ ဝိပဿနာအလုပ်ပေး တရားလည်းမဟုတ်၊ နှစ်လုံးထီ သုံးလုံးထီ ဂဏန်းပေးသည့် ချဲတရားပွဲဖြစ်ကြောင်း ရိပ်စားသိရှိလာရသည်။ ထိုအချိန်မှစ၍ အရှင်သဲနီအမည်ရ ထိုဦးဇင်းသည် နှစ်လုံး သုံးလုံး အသည်းအသန်ထိုးသူများ၏ ကိုးကွယ်ရာတစ်ဆူဖြစ်ကြောင်း သိရှိလာရသည်။ ဦးဇင်းဟောသည့် တရားထဲက ဂဏန်းတွေကို အတိတ်ကောက်၍ ချဲထီထိုးသူများထဲမှ အကြောင်းတိုက်ဆိုင်၍ ချဲထီ နှစ်လုံးထီပေါက်သူများလည်း ရှိသည်ဟု ဆိုသည်။

တစ်ခါက ဦးဇင်းက အချိုရည်ပုလင်းတစ်လုံးကို စားပွဲပေါ်တင်လိုက်ရာ အချိုရည်ပုလင်းတွင် ပါရှိးပါစဉ် 285ml ဆိုသော ဂဏန်းကို သတိထားမိလိုက်သူများက မှတ်ထားပြီး ၎င်းဂဏန်းဖြင့် သုံးလုံးထိုးကြသည်။ တိုက်ဆိုင်၍ပင်ဖြစ်ပါလိမ့်မည်။ ၎င်းရက်ပိုင်းတွင် ၂၈၅ ဖြင့် သုံးလုံးထီထွက်လာသဖြင့် ဦးဇင်းတပည့်တချို့ ငွေရလိုက်ကြပြီး ဦးဇင်းလည်း နာမည်ကြီးသွားခဲ့သည်။ နောက်ပိုင်းတွင် သက်ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အစည်းများက သတင်းရယူ စုံစမ်းမှုများရှိလာ၍ဟုဆိုကာ ဦးဇင်းက လူထွက်လိုက်သည်။

လူဝတ်ကြောင်နှင့်လည်း ကိုသဲနီက တရားပွဲတွေ ဆက်ဟောသည်။ ပရိသတ်မှာ အနည်းငယ်သာ လျော့သွားသည်။ ကိုသဲနီတစ်ယောက် အိမ်ထောင်ရက်သားကျပြီးနောက်တွင်လည်း တရားပွဲကရှိဆဲ၊ ပရိသတ်ကရှိဆဲပင်ဖြစ်သည်။ စာရေးသူတို့နှင့် နှစ်ပေါက်အောင် အဆက်ပြတ်နေရာမှ ကိုသဲနီ သမီးလေးမွေးထား၍ ထိုသမီးလေး၏ တစ်နှစ်ပြည့် မွေးနေ့ကို မြို့နယ်ခန်းမတစ်ခု၌ ကျင်းပမည်ဖြစ်သဖြင့် မွေးနေ့ပွဲကို ဗီဒီယိုရိုက်ကူးပေးရန် ဆက်သွယ်လာ၍ ထိုခန်းမသို့ ရိုက်ကူးရေးအဖွဲ့နှင့်အတူ သွားရောက်ခဲ့သည်။ ဆရာသဲနီ၏ တပည့်များ ခန်းမအပြည့် လာရောက်ကြသည်။ မွေးနေ့ပွဲတွင် စင်တင်တေးဂီတပါရှိပြီး ခန်းမမှတေးသံရှင်များ တစ်ယောက်ပြီးတစ်ယောက် ဖျော်ဖြေသီဆိုကြသည်။ ကိုသဲနီက “အခုချိန်ကစပြီး တေးသံရှင်ကြယ်စင်က မိုးကောင်းကင်သီချင်းကို သီဆိုပါလိမ့်မယ်”ဟု ကြေညာလိုက်လျှင် ပရိသတ်ကြီးက ကြယ်စင်နှင့် မိုးကောင်းကင်စကားလုံးကို လိုက်လံမှတ်သားပြီး အတိတ်ကောက်ကြသည်။ တစ်ဖန် ကိုသဲနီက “ခုတစ်ခါမှာတော့တေးသံရှင် ကလျာက ပန်းစံအိမ်သီချင်းကိုသီဆိုပါလိမ့်မယ်”ဟုကြေညာလိုက်ပြန်ရာ ပရိသတ်က အလျင်အမြန် လိုက်မှတ်ကြသည်ကို မှတ်တမ်းတင်ပေးကြရသည်။

တစ်ကြိမ်မှာတော့ ကိုသဲနီက တပည့်များလိုက်ပါလျက် ဘတ်စ်ကားနှစ်စီးဖြင့် ပဲခူးသို့ဘုရားဖူးခရီးစဉ်သွားရောက်ရာတွင် လိုက်ပါပြီး ဗီဒီယိုမှတ်တမ်းတင်ခဲ့ရသည်။ ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်၊ ရွှေသာလျောင်းဘုရား၊ ကလျာဏီသိမ် စသည်တို့တွင် ကိုသဲနီ အမွေးတိုင်ထွန်းလျှင် သုံးတိုင် ငါးတိုင်၊ ဖယောင်းတိုင်ထွန်းလျှင် သုံးတိုင် ခြောက်တိုင်၊ ပန်းကပ်လျှင် ပန်းနှစ်စည်း သုံးစည်း ငါးစည်း စသည်ဖြင့် ပရိသတ်က မှတ်သား အတိတ်ကောက်ကြသည်။ နှစ်ကာလတွေ အတော်ကြာသွားခဲ့ပြီး ကိုသဲနီ၏ ချဲထီ အတိတ်ပေးတရားပွဲတွေ ဆက်ရှိနေသလားဆိုတာလည်း မသိရတော့ပါချေ။

၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းလောက်မှာတော့ ရန်ကုန်မြို့ တစ်နေရာမှာ ကိုသဲနီကို တက္ကစီသမားတစ်ဦးအဖြစ် ပြန်ဆုံရသည်။ သားသမီးတွေလည်း ဆယ်တန်းအောင်ကုန်ပြီဟု ဆိုသည်။ အိမ်ကြီးကြီးကိုရောင်း၊ အိမ်သေးသေးတစ်လုံးနှင့် ကားတစ်စီးပြန်ဝယ်ပြီး တက္ကစီဆွဲနေသည်ဟု သိရသည်။ လက်ရှိ သူ့အခြေအနေကိုကြည့်ရင်း စာရေးသူတွေးမိလိုက်သည်က ကိုသဲနီ၏ နှစ်လုံး သုံးလုံး ဂဏန်းခန့်မှန်းချက်များက တကယ်မှန်ခဲ့လျှင် သူကိုယ်တိုင် ထိုဂဏန်းများအတိုင်း ချဲထီထိုးပြီး ထီထိုးတိုင်းပေါက်၍ အခုလောက်ဆိုလျှင် ကားလေးငါးစီး၊ တိုက်လေးငါးလုံးလောက် ပိုင်ဆိုင်နေလောက်ပါပြီ။

သူ့ပရိသတ်တွေအားလုံးလည်း နှစ်လုံး သုံးလုံးတွေပေါက်လို့ သူ့အနားမှာ ဝိုင်းဝိုင်းလည်တိုးမပေါက်ဖြစ်နေပါလိမ့်မည်။ အခုတော့ မူရင်းခန့်မှန်းသူကိုယ်တိုင် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည်ဖြစ်ရာ သူ့တပည့်တွေလည်း ဒုံရင်း ဒုံရင်းသာ ရှိခြိမ့်မည် သို့မဟုတ် နှစ်လုံး သုံးလုံးနှိပ်စက်၍ ဘဝပျက်နေလောက်ပြီ။

**လောင်းကစားသံသရာမှလွတ်စေချင်**

အမှန်တော့ လေးကောင်ဂျင်၊ ကြက်တိုက်၊ ဖဲရိုက်၊ နှစ်လုံး၊ သုံးလုံး၊ ဘောလုံးစသည့် လောင်းကစားအားလုံးသည် လောင်းကစားသူတို့ကို စီးပွားပျက် ဘဝပျက်စေသည်သာမက ဥပဒေအရ အရေးယူခံရ၍ ပြစ်ဒဏ်ကျခံရခြင်းများလည်း ကြုံတွေ့ရနိုင်သည်ဖြစ်၍ လောင်းကစားသံသရာမှ လွတ်ကင်းအောင် ရုန်းထွက်နိုင်ကြပြီး လူမှုဒုက္ခကင်းဝေးစေချင်ပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သက်ဆိုင်ရာက လောင်းကစားဒိုင်များကို နှိမ်နင်းဖမ်းဆီး အရေးယူလျက်ရှိသော်လည်း ချဲ၊ ထီ လောင်းကစားဒိုင်များ အပါအဝင် ဖဲဝိုင်း၊ ကြက်ဝိုင်းများရှိနေဆဲဟု ကြားသိရသည်။ မိမိတို့ ပတ်ဝန်းကျင်တွင် ဖုန်းဆက်၍ ချဲထိုးသူများ၊ ချဲတွက်သူများ၊ ချဲနံပါတ်မျှဝေဖလှယ်သူများ၊ ချဲထိုးရင်း မွဲပြာကျသူများ တွေ့နေရဆဲဖြစ်သည်။ အပျော်ကစားရာမှ စွဲလမ်းသွားပြီး လောင်းကစားသမား ဖြစ်ရခြင်းမျိုးမှလည်း ရှောင်ရှားကြစေချင်ပါသည်။ မိမိကုသိုလ်ကံကို စမ်းသပ်လိုပါက နိုင်ငံတော်အစိုးရက လစဉ်ဖွင့်လှစ်ပေးနေသော အောင်ဘာလေသိန်းထီကိုသာ ဝယ်ယူကံစမ်းကြစေလိုပါသည်။ အပူအပင်အကြောင့်အကြကင်းရှင်းသော၊ လောင်းကစားကင်းရှင်းသော မြန်မာ့လူ့ဘောင်ဖြစ်စေချင်လှပါပြီ ခင်ဗျာ။ ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လှော်ကားဥယျာဉ်မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဒီဇင်ဘာ ၃ ရက်က ကျူးကျော်များ ရှင်းလင်းပြီး လမ်းပြန်လည်ဖောက်လုပ်နေမှု၊ လှော်ကားဥယျာဉ် ဖွင့်လှစ်ရန် မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အင်းစိန်မြို့နယ် ကြိုကုန်းအရှေ့နှင့် စော်ဘွားကြီး ကုန်းရပ်ကွက် မင်းဓမ္မလမ်းနှင့် ပြည်လမ်းကို ဆက်သွယ်ထားသည့် အရှည်ပေ ၂၈၀၀ ရှိ ဇင်ဇီယာလမ်းဘေးဝဲယာတွင် ကျူးကျော်နေသည့် အဆောက်အအုံ ၃၀၃ လုံးကို ဖယ်ရှားရှင်းလင်းပြီး အဆိုပါလမ်းကို မင်းဓမ္မလမ်း ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရန် ကွန်ကရစ်လမ်း ခင်းနိုင်ရေး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ်မွမ်းမံပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတက်တိုးနှင့် ဥယျာဉ်တာဝန်ခံ ဦးရာဇာထွေးက ဧရိယာ ဧက ၁၅၄၀ ပေါ်တွင် တိရစ္ဆာန်မျိုးစိတ် ခုနစ်မျိုးရှိပြီး အကောင်ရေ ၁၇၆၈ ကောင်၏ အစာနှင့်ကျန်းမာရေးအတွက် ဆရာဝန်များ ညွှန်ကြားချက်ဖြင့် အစာကျွေးမွေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ဥယျာဉ်အတွင်း ပြုပြင်ပြီးလုပ်ငန်းများဖြစ်သည့် ကန်ပတ်လမ်း၊ ကြိုးတံတား၊ စက်ဘီးစီးပတ်လမ်း၊ တောတွင်း လျှောက်လမ်းနှင့် ဧည့်နားနေဆောင်များကို ပြန်လည်အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး တိရစ္ဆာန်များကို တစ်နေ့တာ အစာကျွေးမွေးရေးအတွက် ငွေကျပ်ငါးသိန်းကို လှူဒါန်းကြောင်း သိရသည်။ (ဝဲပုံ)

ဆန်းကျော်ဦး(ပြန်/ဆက်)





ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့နယ်၌ ဒီဇင်ဘာ ၄ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဦးစီးမှူး ဦးစောသန်းမြင့်၊ ဒုလဝကမှူးဦးကျော်စွာတင့်နှင့် ဝန်ထမ်းများက ကွမ်းလုံမြို့နယ် ကာမိန်းကျေးရွာအုပ်စုနှင့် ဖာပိန်ကျေးရွာအုပ်စုများရှိ မြောင်ဇီးတိုင်းရင်းသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ညောင်ဦးခရိုင်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ၂၂၉၈၇၃ ဦးအား ထိုးပေးနိုင်ပြီဖြစ်

**ညောင်ဦး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦးခရိုင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်မှုမှာ ဒီဇင်ဘာ ၂ ရက်အထိ ၂၂၉၈၇၃ ဦး ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ညောင်ဦးခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ရန် ကျောက်ပန်းတောင်းမြို့နယ်၌ သတ်မှတ်စုရပ် ၁၂ နေရာ၊ ညောင်ဦးမြို့နယ်၌ သတ်မှတ်စုရပ် ၁၂ နေရာဖြင့် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ညောင်ဦးမြို့နယ်တွင် ပထမအကြိမ် ဆီနိုဖမ်း ကိုဗစ်ကာကွယ်ဆေးထိုးပေးနိုင်မှု ၅၅၆၉၀၊ ဒုတိယအကြိမ် ဆီနိုဖမ်း ၃၉၈၉၅ ဦး၊ ပထမအကြိမ် ဆီနိုဗက် ၃၃၁၆ ဦး၊ ဒုတိယအကြိမ် ဆီနိုဗက် ထိုးပေးနိုင်မှု ၂၄၁၄ ဦး ထိုးပေးနိုင်ခဲ့ပြီးဖြစ်ကာ ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ဆီနိုဖမ်းထိုးပေးနိုင်မှု ၆၉၄၆၅ဦး၊ ဒုတိယအကြိမ် ဆီနိုဖမ်းထိုးပေးနိုင်မှု ၅၀၄၅၇ ဦး၊ ပထမအကြိမ် ဆီနိုဗက် ထိုးပေးနိုင်မှု ၄၄၉၄ ဦး၊ ဒုတိယအကြိမ် ဆီနိုဗက် ၄၂၀၂ ဦး ထိုးပေးနိုင်ပြီဖြစ်ကြောင်း၊ ဆေးခွဲတမ်းရရှိမှုအပေါ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်ထံက သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ဂန့်ဂေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ဂန့်ဂေါ ဒီဇင်ဘာ ၅**

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံခဲ့သူများအား ဒုတိယအကြိမ် ကာကွယ်ဆေးများကို ဂန့်ဂေါအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ထိုးနှံပေးလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၁၀၆၆၅၂ ဦး ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးသူ ၁၈၂၃၁ ဦးရှိနေပြီဖြစ်ကြောင်းနှင့် ဂန့်ဂေါမြို့နယ်၌ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ၏ ၁၇ ဒသမ ၁ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်ဆွေကျော်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးမြို့မှ ဝါးလက်မှုပညာရှင်တစ်ဦး စွန့်ဦးတီထွင်ဖန်တီးသည့် ဒေါင်းလန်းများနှင့် အာလိန်မီးအိမ်များကို မှာယူမှုများပြားလာ

မန္တလေး ဒီဇင်ဘာ ၅

**မန္တလေးမြို့ ဝါးလုပ်ငန်းများကထုတ်လုပ်သော မြန်မာ့ဒေါင်းလန်းနှင့် တီထွင်ဖန်တီးထားသည့် အာလိန်မီးအိမ်များကို ပြည်တွင်းဈေးကွက်အတွင်း လူကြိုက်များလျက်ရှိသည်ဟု ဘိုးသိကြားမင်း အနုပညာလုပ်ငန်းမှ သိရသည်။**



ဝါးလက်မှုပညာဖြင့် ဖန်တီးထားသည့် ဒီဇိုင်းဆန်းသစ်သော အာလိန်မီးအိမ်များ။

မြန်မာ့ရိုးရာ ဒေါင်းလန်းနှင့် အာလိန်မီးအိမ် ဒီဇိုင်းအသစ်များကို ကိုယ်ပိုင်ဒီဇိုင်းဖြင့် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကမ္ဘာ့ဈေးကွက်အတွင်း မရှိသေးသော ကိုယ်ပိုင်တီထွင်ဆန်းသစ် ဖန်တီးမှုဖြစ်သောကြောင့် ပြည်တွင်းဈေးကွက်အတွင်း လူကြိုက်များလာခြင်း ဖြစ်သည်ဟု ဘိုးသိကြားမင်း အနုပညာလုပ်ငန်းမှ ဝါးလက်မှုပညာရှင် ဦးဝင်းမော်ငြိမ်းက ပြောသည်။

အဆိုပါ အာလိန်မီးအိမ်များကို ယခင်က မျက်နှာကြက်တွင် ချိတ်ဆွဲသည့်ဒီဇိုင်းများ တီထွင်ခဲ့ပြီး ယခုအခါ လတ်တလောတွင် မှာယူမှုပေါ်မူတည်ပြီး ချိတ်ဆွဲနိုင်သည့် ပုံစံအမျိုးမျိုးကိုတီထွင်ဖန်တီးထုတ်လုပ်ပေးလျက် ရှိသည်ဟု သိရသည်။



ဝါးဖြင့်ဖန်တီးထားသည့် ရေခွက်များ။

အဆိုပါ အာလိန်မီးအိမ်ဒီဇိုင်းများမှာ ကမ္ဘာ့ဝါးပစ္စည်းဈေးကွက်တွင် မရှိသေးသောကြောင့် လူကြိုက်များလာခြင်းဖြစ်သည်ဟု သိရသည်။

အာလိန်မီးအိမ် ဈေးနှုန်းများမှာ ပြုလုပ်ချက်နှင့် လက်ရာသေသပ်မှု အရည်အသွေးတို့ပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားသည်ဟု သိရသည်။

မြန်မာ့လက်မှု ဝါးပစ္စည်းထုတ်ကုန်များဖြစ်သည့် အဆင့်မြင့်ဝါးအလှကုန်ပစ္စည်းလေးများကို နိုင်ငံတကာဈေးကွက် ရရှိရန်နှင့် ပြည်တွင်း ဝါးဈေးကွက်ပေါ်မူတည်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရည်မှန်းချက်ထားဆောင်ရွက်သွားမည် ဖြစ်သည်ဟု သိရသည်။

ထို့ပြင် မြန်မာ့ဝါးလက်မှုပညာကဏ္ဍကိုမြန်မာတစ်နိုင်ငံလုံးရှိ ဝါးလောက ကဏ္ဍမိတ်ဆွေများနှင့်ပူးပေါင်းကာ ဖော်ထုတ်မြှင့်တင်မည်ဖြစ်ပြီး မြန်မာ့ရိုးရာ ဝါးလက်မှုပညာ ရိုးရာမှတ်တမ်းများ စုံလင်သော ပြတိုက်ကြီးဖြစ်ရန် ရည်မှန်းချက်ထား ကြိုးစားလျက်ရှိသည်ဟု သိရသည်။

နိုင်ငံတကာက မြန်မာ့ဝါးလက်မှုပညာများကို လက်ခံလာအောင် နိုင်ငံတကာ နည်းစနစ်များနှင့်အညီ နိုင်ငံတကာက လေးစားရသည့်နည်းစနစ်များ၊ ဒီဇိုင်းသစ်များ၊ ပုံစံသစ်များကို နေ့စဉ်သုတေသနပြု ထုတ်လုပ်လျက်ရှိနေသည်ဟု ၎င်းက ပြောသည်။

ပြည်တွင်း ဈေးကွက်တွင် ဒေါင်းလန်းများနှင့် အာလိန်မီးအိမ်မျိုးစုံတို့ကို ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများမှ အကြို အော်ဒါမှာယူမှုများ ရှိနေကြောင်း သိရသည်။ **အိမွန်ဆွေ**

# အသေးစားဓာတ်အားပေးစနစ်ဖြင့် ကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲနေမှုကို ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဒီဇင်ဘာ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကမ်းတောကျေးရွာ၌ Mega Gobal Green ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းခွင်နှင့် ပြည်သူများ ဓာတ်အား အသုံးပြုနေမှုကို ကော့သောင်းခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဒီဇင်ဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးစိုးဝေ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်နှင့် တာဝန်ရှိသူများက ကမ်းတောကျေးရွာမှ မီးလင်းရေးကော်မတီဝင်များ၊ အသေးစားစက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရေရှည်တည်တံ့ရေးနှင့် ကျေးလက်ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါကမ်းတောကျေးရွာသည် ပင်လယ်ကျွန်းရွာတစ်ရွာဖြစ်ပြီး ကျေးရွာနေပြည်သူများမှာ ယခင်က ပုဂ္ဂလိကမီးစက်မှ လျှပ်စစ်ဓာတ်အား သုံးစွဲနေခဲ့ရာမှ ယခုအခါ ဆိုလာစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိကြပြီဖြစ်ရာ ယခင်ကထက် ဓာတ်အားခကုန်ကျစရိတ်သက်သာပြီး လူနေမှုအဆင့်အတန်းမှာလည်း တိုးတက်လာကြောင်း သိရသည်။ အဆိုပါမီးလင်းရေးစနစ်ကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဦးစီးဌာနနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်း)**

# မုံရွာမြို့အဝင် အလုံစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေး

**မုံရွာ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးနိုင်ရေးအတွက် မုံရွာမြို့အဝင် အလုံစစ်ဆေးရေးဂိတ်တွင် ဒီဇင်ဘာ ၄ ရက် နံနက် ၈ နာရီမှ စတင်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အခမဲ့ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ပတ်သက်၍ မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညီညီလွင်က အသက် ၁၈နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရန်အတွက် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မုံရွာမြို့တွင်းမှ လူဦးရေသာမက ဆေးတစ်ကြိမ်မှ မထိုးရသေးသည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအား မှတ်ပုံတင်စာရင်းရေးသွင်းပြီး ပထမအကြိမ်အဖြစ် ယနေ့စတင်ထိုးနှံပေးခြင်းဖြစ်ကာ ၂၈ ရက်ခြား၍ ဒုတိယအကြိမ်ကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ယခု ဖြစ်ပေါ်နေသော မျိုးကွဲဗီဇပြောင်း အိုမီခရွန်သည် ပတ်ဝန်းကျင်နိုင်ငံများတွင် ပျံ့နှံ့နေပြီဖြစ်ကာ ရောဂါကာကွယ်ဆေးထိုးနှံထားပါက ရောဂါပြင်းထန်မှုကို လျော့နည်းစေပြီး အထိုက်အလျောက် ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ကြောင်း ပြောကြားသည်။

မုံရွာမြို့အဝင် အလုံစစ်ဆေးရေးဂိတ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မုံရွာခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မုံရွာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် အမှတ်(၄)တပ်မတော်ဆေးရုံ ခုတင်(၃၀၀) မှ ဝန်ထမ်းများက ဆေးထိုးပေးရာ တစ်ရက်တည်းတွင် ခရီးသွားပြည်သူ ၇၀၀ ကျော်အား ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘောဇသာဒီနန်းတော်ရာတွင် လာရောက်လည်ပတ်သူများ စည်ကားလျက်ရှိ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီ နန်းတော်သို့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်လေ့လာအပန်းဖြေ အနားယူနေကြလျက်ရှိသည်ကို ဒီဇင်ဘာ ၄ ရက်က တွေ့ရသည်။

ကမ္ဘောဇသာဒီ နန်းတော်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးအား စုစည်းတည်ထောင်နိုင်ခဲ့သူ ဘုရင့်နောင်မင်းတရားကြီး ထီးနန်းစိုက်ခဲ့ရာ သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များရှိရာ နေရာတစ်ခုလည်း ဖြစ်သည်။



ကမ္ဘောဇသာဒီနန်းတော်သို့ လာရောက်လေ့လာနေကြသည့် ပြည်သူများ။

“ရုံးဖွင့်ရက်တွေမှာ လာရောက် လေ့လာအပန်းဖြေ အနားယူကြသူတွေနည်းပေမယ့် ရုံးပိတ်ရက်တွေ၊ အခါကြီးနေ့ကြီးရက်တွေဆို လာရောက်သူတွေ များပါတယ်။ လာရောက် လေ့လာအပန်းဖြေ အနားယူကြသူတွေ ရောက်ရှိတဲ့ အခိုက်အတန့်မှာ စိတ်အေးချမ်းသာစေဖို့ အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးထားပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘောဇသာဒီ နန်းတော်သို့ လာရောက် လေ့လာအပန်းဖြေ အနားယူကြသူများ အဆင်ပြေစေရန် ထိုင်းရိုးရာစားသောက်ဆိုင်၊ မြန်မာရိုးရာစားသောက်ဆိုင်၊ အကင်မျိုးစုံရောင်းချသည့်ဆိုင်၊ ကော်ဖီလက်ဖက်ရည်၊ အအေးမျိုးစုံရောင်းချသည့်ဆိုင်နှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ပေးထားသည့် အပြင် နားနေရင်း စာဖတ်လိုသူများအတွက် သုတ ရသ စာအုပ်၊ စာစောင်မျိုးစုံလည်း ထားရှိပေးထားကြောင်း သိရသည်။

ကမ္ဘောဇသာဒီ နန်းတော်သို့ လာရောက်လေ့လာ အပန်းဖြေ အနားယူကြသူများ စားသုံးမှုပိုမိုအဆင်ပြေစေရန် စားသောက်ဆိုင်များ ထပ်မံထားရှိပေးရန် စီမံထားကြောင်းလည်း သိရသည်။

ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီ နန်းတော်ရာတွင် ရှေးမြန်မာရှင်ဘုရင်များ အသုံးပြုခဲ့သည့် ရှေးဟောင်းပစ္စည်းများ၊ နန်းတော်တိုင်များအဖြစ် အသုံးပြုခဲ့သည့် တူးဖော်ပြီး ကျွန်းတိုင်လုံးကြီးများ၊ ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြန်မာမင်းစီးရထား၏ ပုံစံငယ်နှင့် မူလအတိုင်းအတာများအပြင် အခြားသော လေ့လာစရာ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကိုလည်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ပြသထားရာ လေ့လာမှတ်သားစရာများစွာရှိသည့် နေရာတစ်ခုဖြစ်သည်။

**မောင်ယဉ်ဦး**

# တာမွေမြို့နယ်ရှိ ဒဂုဏ်ညွန့်ဈေးတွင် ပါးစပ်၊ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့က တာမွေမြို့နယ်ရှိ ဒဂုဏ်ညွန့်ဈေးတွင် ပါးစပ်၊ နှာခေါင်းစည်းစနစ်တကျတပ်ဆင်ရေး အသိပညာပေး လှုပ်ရှားမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သည်။

ဈေးရောင်းချနေသူများ၊ ဈေးလာရောက်ဝယ်ယူကြသူများနှင့် လမ်းသွားလမ်းလာများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် ပါးစပ်၊ နှာခေါင်းစည်းများ၊ မျက်နှာကာများ ၊ ခေါင်းစွပ်များနှင့် လက်အိတ်များကို အခမဲ့ဖြန့်ဝေပေးပြီး ဈေးရောင်း ဈေးဝယ် ပြုလုပ်ကြရာတွင် နှာခေါင်းစည်းနှင့် မျက်နှာကာများ တပ်ဆင်ပြီးမှ ဈေးရောင်း ဈေးဝယ်ပြုလုပ်ကြရန်၊ နေအိမ်ပြင်ပမှ ပြန်လာသည့်အခါတိုင်း၊ အရာဝတ္ထုများကိုင်တွယ်ပြီးတိုင်း လက်ကို လက်သန့်ဆေးရည်သို့မဟုတ် လက်ဆေးဆပ်ပြာနှင့် စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောကြရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ ဈေးရောင်း ဈေးဝယ်ပြုလုပ်ကြရန်၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ နေထိုင်သွားလာစားသောက်ကြရန်နှင့် လတ်တလော ပြည်ပနိုင်ငံတွင် ဖြစ်ပွားနေသော အိုမီခရွန် အပါအဝင် ကိုဗစ်-၁၉ မျိုးဗီဇပြောင်း ရောဂါပိုးများနှင့် ပတ်သက်၍လည်း အသိပညာပေးနှိုးဆော်ခဲ့ကာ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် ဈေးသည်များအား အမြန်ဆုံး ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

တာမွေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအပါအဝင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ရောဂါကူးစက်မှု ကျဆင်းလာသည်နှင့်အမျှ မြို့နယ်အတွင်း နှာခေါင်းစည်းမတပ်ဆင်သူများ များပြားလာသဖြင့် အသိပညာပေး လှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# မိုးနဲမြို့ရှိ မြို့မဈေးကို ကိုဗစ်- ၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**မိုးနဲ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်တွင် နိုဝင်ဘာ ၂၀ ရက်မှ ယာယီပိတ်ထားသော မြို့မဈေးကြီးကို ယမန်နေ့က ကိုဗစ်-၁၉ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချခွင့် ပြုခဲ့ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ဈေးများဖွင့်လှစ်ရောင်းချခွင့်ပြုရာတွင် ဈေးရောင်းသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိသူများကိုသာ ဖွင့်လှစ်ရောင်းချခွင့်ပြုခြင်း၊ သတ်မှတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများကိုသာ ဈေးအတွင်း ဈေးဝယ်ယူခွင့်ပြုခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၊ မြို့နယ်ကျန်းမာရေးဌာန၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ ဈေးသို့လာရောက်သူများအား ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်များစစ်ဆေးခြင်း၊ ကာကွယ်ဆေး မထိုးနှံရသေးသူများအား ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကာ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ



ထိန်းချုပ်နိုင်ရေးအတွက် မြို့မဈေးကြီးကို အပတ်စဉ် ဈေးနေ့ တစ်ရက်တည်းသာ ရောင်းချခွင့် ဖွင့်လှစ် ပြုသွားမည်ဖြစ် ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (ပြန်/ဆက်)**

# ရန်ကုန်မြို့အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့နှင့်ဆွေးနွေးနိုင်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြို့တွင် စက်မှုဇုန်များအပါအဝင် လူနေအထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာ၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်စီမံထားရှိမှုကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ဆွေးနွေးနိုင်ကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့အနေဖြင့် အထပ်မြင့်အဆောက်အအုံများ၌ မီးလောင်မှုဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်နှင့် မြေလျှင်လှုပ်မှုဖြစ်ပေါ်ပါက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တပ်ဖွဲ့တစ်ဖွဲ့လျှင် ၁၁၅ ဦးပါဝင်သော အထူးကယ်ဆယ်ရေးအဖွဲ့ ၁၅ ဖွဲ့ကို ဖွဲ့စည်းထားပြီး မြို့နယ်တစ်မြို့နယ်လျှင် ၃၅ ဦးပါဝင်သော အထူးကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဌာနချုပ် အထူးကယ်ဆယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူများ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် IT နည်းပညာဖြင့် 191 report app ကို ရေးဆွဲထားပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဝက်ဘ်ဆိုက်တွင် တင်ပေးထားသည်။

"၁၉၉၀ ပြည့်နှစ်နောက်ပိုင်း မြန်မာနိုင်ငံမှာ ဟောင်ကောင်ပုံစံ အထပ်မြင့်တိုက်ခန်းတွေ ဆောက်လာကြတယ်။ ဒါပေမယ့် အထပ်မြင့်မီးဘေးကာကွယ်ရေးနဲ့ပတ်သက်ပြီး အားနည်းခဲ့တယ်။ နောက်ပိုင်းမှာ အထပ်မြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှာ အင်ဂျင်နီယာအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့မှာ အထပ်မြင့်မီးဘေးကာကွယ်ရေးနဲ့ပတ်သက်ပြီး တာဝန်ထမ်းဆောင်နေတဲ့ အင်ဂျင်နီယာအရာရှိ ၁၀၀ ကျော် ရှိပါတယ်။ ဒါကြောင့် အထပ်မြင့်အဆောက်အအုံနဲ့ စက်မှုဇုန်တွေ မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ သဘာဝဘေးအန္တရာယ်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နဲ့ တိုင်ပင်ဆွေးနွေးနိုင်ပါတယ်"ဟု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး (ဦးစီး) ဦးသိန်းထွန်းဦးက ပြောသည်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ပါက ထိရောက်သော ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပြည်ပနိုင်ငံများသို့ လေ့ကျင့်ရေးသင်တန်းများ စေလွှတ်ခြင်းနှင့် ဂျပန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ Fire Code များကို လေ့လာ၍ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာ၌ လိုက်နာရမည့် အချက်များ၊ ဘေးအန္တရာယ်ဖြစ်ပေါ်ပါက အထပ်မြင့်များတွင် နေထိုင်ကြသည့် ပြည်သူများ ဆောင်ရွက်ရမည့်အချက်များပါဝင်သော နိုင်ငံတကာအဆင့်မီ Myanmar Fire Code ကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေအရ သုံးထပ်နှင့်အထက် အဆောက်အအုံများ တည်ဆောက်ရာတွင် အဆောက်အအုံပုံစံကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ထံ ဦးစွာတင်ပြပြီး ဆက်လက်၍ မြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြရကြောင်းနှင့် အဆိုပါ အထပ်မြင့်အဆောက်အအုံများတွင် နေထိုင်ကြသည့် ပြည်သူများ မီးဘေးနှင့် သဘာဝဘေးရင်ဆိုင်ရပါက အန္တရာယ်ကင်းဝေးစေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ အန္တရာယ်ကင်းစွာ နေထိုင်နိုင်စေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**



ကရင်ပြည်နယ် ဘားအံမြို့တွင် ဒီဇင်ဘာအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများက ဘားအံမြို့ သီရိကွင်း၌ ဒီဇင်ဘာ ၄ ရက်က စုပေါင်းဆင်နွှဲကြစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ပုံပါကျင်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၇၀၀ နီးပါး ပြုလုပ်ပေးပြီးဖြစ်

**ပုံပါကျင် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ပုံပါကျင်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပုံပါကျင်ရှေ့တန်းရုံးက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ယမန်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ် ၄၇၀၀ နီးပါး ပြုလုပ်ပေးပြီးဖြစ်သည်။

ယခုနှစ် မေလ ၃ ရက်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရာ ယမန်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၆၈၅ ခု နှင့် အိမ်ထောင်စု ၁၂၀၆ စု အတွက် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြို့ပေါ် ရပ်ကွက် (၄) ရပ်ကွက်၊ ကျေးရွာငါးရွာနှင့် 'ဝ' အထူးဒေသမှ ကျေးရွာ နှစ်ရွာရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားအသစ်ပြုလုပ်ပေးခြင်း၊ ပျက်စီး/ပျောက်ဆုံးသူများကို မိတ္တူပြုလုပ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/ သေဆုံးစာရင်းဆောင်ရွက်ပေးခြင်းနှင့် တိုး/လျှော့/ပြောင်းဝင်/ပြောင်းထွက် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သန္တာ(ပြန်/ဆက်)**

# ကော်ဖီအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ရွှာင် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်တွင် ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် ကော်ဖီ အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဒီဇင်ဘာ ၄ ရက်က အင်းကုန်းကျေးရွာ ချယ်ရီရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ရွာင်ဒေသမှာ ကော်ဖီလုပ်ငန်းကို ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လိုအပ်သော စက်ကိရိယာများ၊ နည်းပညာများ၊ ရင်းနှီးငွေ ဆောင်ရွက်ပေးမှု ဆိုင်ရာများ၊ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်ဖြစ်သည့် အခြောက်ခံခြင်း၊ အခွံချွတ်ခြင်း၊ လှော်ခြင်း၊ အမှုန့်ကြိတ်ခြင်း လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ချယ်ရီသီးဆိုက်ခွဲစက်၊ သီးလုံးစိုအခွံချွတ်စက်၊ အခြောက်ကြိတ်ခွဲစက်၊ ကော်ဖီလှော်စက်နှင့် Solar Dryer တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နည်းပညာပံ့ပိုးမှုအဖြစ် ခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပေးခြင်းများ၊ သင်တန်းသားများအနေဖြင့် မိမိတို့အိမ်သုံးအတွက် မုန့်ဖုတ်ရခြင်းမျိုး မဟုတ်ဘဲ စီးပွားဖြစ်ထုတ်ကုန်အဖြစ် ထုတ်လုပ် ရောင်းချသွားရန်၊ လိုအပ်သည့် ရင်းနှီးငွေရရှိရေးအတွက် မြစိမ်းရောင်စီမံကိန်းဖြင့် ချိတ်ဆက် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

**သင်ကြားပေးမည်**

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးခွန်အေးနိုင်တို့က သင်တန်းမှ နည်းပညာများကို လက်တွေ့အသုံးချပြီး မိသားစုဝင်ငွေတိုးတက်လာအောင် ကြိုးစားဆောင်ရွက်သွားရန် ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရွာင်မြို့နယ်အတွင်းရှိ ကော်ဖီအစုအဖွဲ့လုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများမှ သင်တန်းသား ၂၀ အား ကော်ဖီကိုအခြေခံထားသည့် ကော်ဖီဘတ်တာကိတ်၊ ကော်ဖီကွတ်ကီး ၊ ကော်ဖီလျှာပေါင်ဝဲ၊ ကော်ဖီနံကထိုင်၊ ကော်ဖီပူတင်း၊ ကော်ဖီကျောက်ကျော၊ ကော်ဖီ ပလိန်းကိတ်၊ ကော်ဖီသီးစုံကိတ်၊ ကော်ဖီကိတ်ခြောက်နှင့် ကော်ဖီဝိုင် စသည့်မုန့်အမျိုးမျိုးနှင့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများကို ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွံတေး၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေး

**တွံတေး ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ယမန်နေ့က စမ်းရွာကျေးရွာနှင့် ထော်သိုကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံများ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ၂၀၂၁ ခုနှစ် မေလ ၃ ရက်မှစတင်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တွံတေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၇၃ အုပ်စုတွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား ပြည်သူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရမည့် လူဦးရေစုစုပေါင်း ၂၁၈၄၇ ဦးအနက် ယမန်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပြီးစီးသူ ၈၇၃၅ ဦးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျေးရွာအုပ်စု ၅၅ အုပ်စုကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသော ကျေးရွာအုပ်စု ၁၈ အုပ်စုကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ်တစ်စီးအား အကြမ်းဖက်သူ အမျိုးသားလေးဦးက သေနတ်ဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၅

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ်တစ်စီးအား အကြမ်းဖက်သူ အမျိုးသားလေးဦးက သေနတ်ဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)**




ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၃နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၀) ရပ်ကွက် ရေဝဏ်လမ်း YP စက်သုံးဆီဆိုင်ရှေ့ သဘာဝဓာတ်ငွေ့ဆိုင်၌ ဂက်စ်ဖြည့်ရန် စောင့်ဆိုင်းနေသည့် YBS ခရီးသည်တင်ယာဉ် တစ်စီးအား အကြမ်းဖက်သူ အမျိုးသားလေးဦး (စိစစ်ဆဲ)က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် လှိုင်သာယာ-ဒဂုံ တောင်ပြေးဆွဲသည့် YBS -99 ယာဉ်လိုင်းမှ ဦးမောင်မောင်(၄၈) နှစ် (ဘ)ဦးအောင်သိုက် မောင်းနှင်သော ယာဉ်အမှတ် 9P-1143 ယာဉ်နှင့်အခြား YBS ခရီးသည်တင်ယာဉ်များသည် ဂက်စ်ဖြည့်ရန် ရေဝဏ်လမ်းပေါ်တန်းစီစောင့်ဆိုင်းနေစဉ် အကြမ်းဖက်သူ အမျိုးသားလေးဦး (စိစစ်ဆဲ)က ကားအနီးသို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ယာဉ်မောင်း ဦးမောင်မောင်အား သေနတ်ပြခြိမ်းခြောက်ကာ ယာဉ်တံခါးအား ဖွင့်ခိုင်း၍ ယာဉ်ပေါ်သို့ တက်ရောက်လာပြီး အဆိုပါ အမျိုးသားလေးဦးအနက် တစ်ဦးက ကားရှေ့ ခရီးသည်အတက် ခြေနင်းခုံအား သေနတ်ဖြင့် တစ်ချက်ပစ်ခတ်၍ တစ်ဦးမှာ ဓာတ်ဆီပါသည့် ရေသန့်ဘူးအား ယာဉ်ပေါ် လိုက်လံဖျန်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုသို့အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုကြောင့် မော်တော်ယာဉ်တွင် ယာဉ်မောင်းအနီး ဒတ်ချ်ဘုတ်အနည်းငယ်၊ ယာဉ်၏အလယ်ရှိ ထိုင်ခုံ တစ်ပေခန့်၊ ယာဉ်နောက်ထိုင်ခုံအရှည် တစ်ပေခန့်နှင့် ခရီးသည်ဆင်းသည့် အပေါက်အနီး ပလတ်စတစ်ထိုင်ခုံ ခြောက်လက်မခန့် အနည်းငယ် မီးလောင်ပျက်စီးခဲ့ပြီး အခင်းဖြစ်နေရာ အနီးမှ THAI ARMS 380 ကျည်ခွံ တစ်ခုနှင့် ရေသန့်ဘူးခွံတစ်ခု တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ခရီးသည်တင်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူသုံးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မန်ကျီးတန်းတောင်အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းထောင့်၌ ယနေ့နံနက်ပိုင်းတွင် လက်လုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး မိုင်းစထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနီးရှိ YBS-89 ယာဉ်လိုင်းမှ မော်တော်ယာဉ်လေးစီး မိုင်းစထိမှန်၍ ဘေးပြတင်းမှန်အချို့ပျက်စီးခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး မိုင်းစထိမှန် ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခဲ့သူများ ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်း ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း(တောင်/အနောက်)ရပ်ကွက် ပန်းပင်ကြီးလမ်း၌ ယနေ့နံနက်ပိုင်းက တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှ ဆူပူအော်ဟစ်မှုများ ပြုလုပ်နေကြောင်း ဆူပူမှုကိုမလိုလားသော ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်၍ လူစုခွဲ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါ ခွင့်ပြုချက်မဲ့ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲ ထိန်းသိမ်းဆောင်ရွက်ခဲ့ရာတွင် ကျား ရှစ်ဦး၊ မ သုံး ဦး စုစုပေါင်း ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျား နှစ်ဦးတွင် မစိုးရိမ်ရ ဒဏ်ရာများနှင့် မ တစ်ဦးတွင် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သည်။ ဖမ်းဆီးရရှိသူများအား တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအားနီးစပ်ရာ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျော့ဖုံးမှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းတောဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ သွပ်မိုး/ထရံကာ/ဝါးကြမ်းခင်း စာသင်ဆောင်ကို PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်းဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ ပရိဘောဂများ၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်၌ တစ်ဧက ဝါပိဿာ ၁၀၀၀ထွက်ရှိရေး စံပြကွက်များစိုက်ပျိုးလျက်ရှိ

**ခင်ဦး ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် တစ်ဧက ဝါပိဿာ ၁၀၀၀ ထွက်ရှိရေးအတွက် ရွာသစ်ကျေးရွာအုပ်စု ရွှေပြည်သာကျေးရွာတွင် ဝါကုန်ထုတ်အသင်းဖွဲ့စည်း၍ မိုးနှောင်းဝါ စံပြကွက်များ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဝါစိုက်ပျိုးမှုတိုးတက်ရေးအတွက် ရွှေပြည်သာကျေးရွာတွင် ဝါကုန်ထုတ်အသင်းဖွဲ့စည်းခဲ့ပြီး အသင်းသား ဦးရေ ၂၁ဦးနှင့် ဖွဲ့စည်းထားကာ ဝါစိုက်ဧက ၇၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ တစ်ဧကလျှင် ဝါ ပိဿာ ၁၀၀၀ ထွက်ရှိရေးနည်းပညာပေး စံပြကွက်အနေဖြင့် ၂၅ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင်စိုက်ပျိုးစရိတ် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် မျိုးစေ့များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့ပေးခဲ့ကြောင်း၊ အသင်းမှ ဝါဈေးကွက်ဖော်ဆောင်ရေးအတွက် ကြိုးစားဆောင်ရွက်ပြီး ဝါများကို တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး လာမည့်နှစ်တွင် ဝါမျိုးစေ့ထုတ်လုပ်ရောင်းချနိုင်ရေးအထိ ဆောင်ရွက် သွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်၏ ပြောကြားချက်အရ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**



# မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေအနီး) တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ရွေ့လျား ခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၁၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၄၉၀ ခန့်၊ အိန္ဒိယနိုင်ငံ ဆာဂါကျွန်း၏ တောင်-အနောက် တောင်ဘက် ရေမိုင် ၁၂၀ ခန့်၊ ပူရီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၆၀ ခန့်နှင့် ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။ မုန်တိုင်းငယ်သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၂၀ ဒသမ ၁ ဒီဂရီနှင့်အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားပြီး ဒီဇင်ဘာ ၆ ရက်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့ကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မြောင်မြို့နယ်တွင် လယ်ယာမြေဧက ၁၅၀၀ အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းနှင့် ကျောက်စီရေကျော်နှစ်ခု တည်ဆောက်သွားမည်

**မြောင် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဖွားစောကျေးရွာအုပ်စု ဆွဲလဲအိုကျေးရွာရှိ လယ်ယာမြေဧက ၁၅၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းနှင့် ကျောက်စီရေကျော်နှစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



ဆွဲလဲအိုကျေးရွာတွင်အရှည် ၁/၀၄၂၄ မိုင်၊ မြေသားအကျယ် ၁၂ပေ၊ ထု ၁ ပေ၊ ဂျင်းကျောက်အကျယ် ၁၂ပေ၊ ထု ၉ လက်မ ခင်းခြင်း၊ ကျောက်စီရေကျော်နှစ်ခု တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၅သန်းကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျေးရွာရှိ ကုန်ထုတ်လမ်းနှင့် ကျောက်စီရေကျော် နှစ်ခု တည်ဆောက်ပြီးစီးသွားပါက ကျေးရွာရှိအိမ်ခြေ ၃၆ ဝမှ လူဦးရေ ၁၆၁၆ ဦးတို့၏ လယ်ယာမြေဧက ၁၅၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိတော့မည် ဖြစ်ကြောင်း မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ပြောပြသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျောက်စီရေကျော်နှစ်ခု တည်ဆောက်နိုင်ရေးအတွက် မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများကကျေးရွာ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ဖောက်လုပ်မည့် မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုစစ်ဆေးတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲအပေါ်ပုံ)**

**ငြိမ်းသူ**

# ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း စင်ကာပူကို အရေးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၅**

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှစ၍ စင်ကာပူနိုင်ငံ၌ စတင်ကျင်းပရာ အိမ်ရှင်စင်ကာပူနှင့် ထိုင်းအသင်း ပွဲဦးထွက်အနိုင်ရခဲ့ပြီး မြန်မာနှင့် တီမောအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

အုပ်စု (က) ပထမနေ့တွင် ထိုင်းအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အိမ်ရှင်စင်ကာပူအသင်းက မြန်မာအသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၃၀ ဝန်းကျင်အထိသာ စင်ကာပူအသင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး အဖွင့်ဂိုးပေးလိုက်ရပြီးနောက်ပိုင်း ပြိုဆင်းသွားကာ ပထမပိုင်းမှာပင် သုံးဂိုးပြတ် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအနေဖြင့် အိမ်ရှင်စင်ကာပူအသင်းကို အရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရေး ဖိအားများသွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ပွဲထွက်လူစာရင်း၌ မောင်မောင်လွင် (အသင်းခေါင်းဆောင်)၊ ဒေးဗစ်ထန်း၊ ရန်နိုင်ဦး၊ မျိုးမင်းလတ် (ဂိုး)၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန်၊ ငြိမ်းချမ်း၊ ဇော်ရဲထွန်း၊ ဝင်းမိုးကျော်၊ လှိုင်းဘိုဘို၊ ဆွမ်လမန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး မြန်မာအသင်း ဂိုးရနိုင်သည့်အခွင့်အရေး ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ စင်ကာပူအတွက် ပထမဂိုးကို ၃၄ မိနစ်တွင် ဘာဟာရူဒင်က ထောင့်ကန်ဘောမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် စင်ကာပူအသင်း စိတ်ကြိုက်ကစားလာနိုင်ပြီး တိုက်စစ်မှူး ဖန်ဒီက ၃၉၊ ၄၅+၁ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၈ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၁၅ ဒသမ ၉၅ တင်းနှုန်းထွက်ရှိ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ခရိုင်အဆင့်မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၄ ရက်က မနောယျမအုပ်စု ကွင်းအမှတ် (၄၅၆) ရှိ တောင်သူဦးလှစိုး၏ စိုက်ခင်း၌ ပြုလုပ်ရာ တစ်ဧကပျမ်းမျှ ၁၁၅ ဒသမ ၉၅ တင်းနှုန်းထွက်ရှိသည်။

စံကွက်ရိတ်သိမ်းရာသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးများ၊ မန္တလေးခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဆွေဦး၊ လယ်ယာမြေနှင့်စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြင့်မော်၊ မြို့နယ်စိုက်ပျိုးရေး၊ လယ်ယာမြေနှင့်စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**




## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# မန်စီးတီးတို့ ဝက်ဖို့ဒ်ကိုအနိုင်ယူကာ အမှတ်ပေးဇယားကို ဦးဆောင် မန်ယူနှင့် စပါးတို့ ပြိုင်ဘက်အသင်းများကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၅) အဖြစ် ဝက်ဖို့ဒ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ဝက်ဖို့ဒ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ချယ်ဆီးအသင်း ရှုံးပွဲကြုံတွေ့မှုကို အခွင့်ကောင်းယူကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို စတားလင်း၊ ဆေးလ်ဗားတို့က သွင်းယူပေးပြီး ဝက်ဖို့ဒ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဟာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်စီးတီးအသင်းသည် ပွဲချိန်လေးမိနစ်တွင် ရရှိခဲ့သော စတားလင်း၏ ဂိုးဖြင့် ပွဲကို ဦးဆောင်နိုင်ခဲ့ပြီး ဝက်ဖို့ဒ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဝက်ဖို့ဒ်အသင်းက ခံစစ်အားပြုသည့် ကစားဟန်ဖြင့် ရင်ဆိုင်လာခဲ့သော်လည်း မန်စီးတီးအသင်း၏ တိုက်စစ်ကို ထိန်းချုပ်နိုင်စွမ်းမရှိသည့်အတွက် ဦးဆောင်ဂိုးများ ဆက်တိုက်ခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ ပွဲချိန် ၃၁ မိနစ်တွင် မန်စီးတီးအသင်း ဒုတိယဂိုး ရရှိခဲ့ပြီး ဆေးလ်ဗားက သွင်းယူပေးနိုင်ခဲ့သလို အသင်းအတွက် တတိယဂိုးကိုလည်း ပွဲချိန် ၆၃ မိနစ်တွင် ဆေးလ်ဗားကပင် သွင်းယူပေးနိုင်ခဲ့သည်။

ဝက်ဖို့ဒ် အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ရရှိခဲ့ပြီး ဟာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပွဲအပြီးတွင် မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် လိဒ်နှင့် ဘရန့်ဖို့ဒ်တို့ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ စပါးက နေ့ဝှစ်ကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။ မန်ယူက ပဲလေ့စ်ကို ၇၇ မိနစ်တွင် ဖရက်ဒ် သွင်းယူပေးသော တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘောလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနနှင့်ဌာနအောက်ရှိ ခုတင်(၁၀၀)နှင့် အထက် ပြည်သူ့ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ပူးတွဲပါ ဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

- တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)
- တင်ဒါလျှောက်လွှာပိတ်ရက်နှင့်အချိန် - ၃၀-၁၂-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးနှင့်ဆေးပစ္စည်းအချက် အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့ (ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၁၁၄၄)တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးဆေးဝါးတင်ဒါခေါ်ယူရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ သတ္တုများအား ဒေသအလိုက်၊ Lotအလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချ သွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်ထရစ်တန်) | (F.O.B) | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|---|
| ၁။ | ခဲမဖြူသတ္တုစင် (ERT) | ၃၉.၄၁၃၅ | သန်လျင် | ၅.၁.၂၀၂၂ (၁၂:၀၀)နာရီ |
| ၂။ | ခဲမဖြူသတ္တုစင် (PRT) | ၅၈.၅၂၅၅ | | |
| ၃။ | ခဲမဖြူသတ္တုသန့်စင် | ၆၁.၈၇၁ | ထားဝယ် | |
| ၄။ | ခဲမဖြူအဖြိုက်နက်ရောရာသတ္တုသန့်စင် | ၄၇.၁၁၇ | | |
| ၅။ | ခဲမဖြူ(အဆင့်နိမ့်) | ၅.၀၈၅ | ပျဉ်းမနား | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီး ဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**


ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊၈၇လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

## မိခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (ကျိုက်ပိ) ဒသမတန်းမှ မောင်နိုင်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာဝင်း ၁၄/မမက (နိုင်) ၂၆၁၃၄၇ ဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာဝင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်- ၅၁၉[က](ညောင်အုပ်ကြီးအရှေ့ကွင်း)၊ ဦးပိုင်အမှတ်- ၇/၂ဟုခေါ်တွင်သော အကျယ်အဝန်း (၃ဒသမ၀၅)ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမင်းမှ ယနေ့တိုင်လက်ရှိထားပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းအဆိုပြုပြောဆို၍ ရောင်းချရန် ကမ်း လှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ် သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စိုးစိုးမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၂၄)**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၇၈၃၀**

## မစိုးစိုးထိုက် ၁၂/မဘန(နိုင်)၁၀၇၃၉၁ သိစေရန် အသိပေးကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ သပြေချောင်းရွာရှိ အမှတ်(၇) အလုပ်ရုံတပ်စု(လျှပ်/စစ်)မှ ကိုယ်ပိုင်အမှတ် တ/၅၄၈၈၃၆ တပ်သားရဲမင်းဦး နှင့် မစိုးစိုးထိုက် ၁၂/မဘန(နိုင်)၁၀၇၃၉၁ တို့သည် ၂၂-၃-၂၀၁၉ရက်နေ့မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ပြီး ကျွန်တော်တပ်သားရဲမင်းဦးမှာ ၁-၆-၂၀၂၀ရက်တွင် ပြင်ဦးလွင်သို့ သင်တန်းတက်ရောက်ရန် စေလွှတ်ခံရစဉ် ကျွန်တော်၏ဇနီး မစိုးစိုး ထိုက်မှ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ ကိုးလုံးကွင်းကျောင်းပိုင်ရှိ ၎င်းမိဘများနေအိမ်၌ ခေတ္တထားခဲ့ရန် ကျွန်တော့်အားပြောသဖြင့် ထားခဲ့ရာ ကျွန်တော်သင်တန်းမှပြန်လာစဉ် ဇနီးဖြစ်သူမှာ ၎င်း၏မိဘနေအိမ်၌ မရှိတော့သဖြင့် လိုက်လံရှာဖွေခဲ့သော်လည်း တွေ့ရှိခဲ့ခြင်းမရှိသည့်အပြင် ၎င်းနှင့်အဆက်အသွယ်လည်းရရှိခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဇနီးဖြစ်သူ အနေဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ဆက် သွယ်ပါရန်နှင့် လာရောက်ဆက်သွယ်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာတရား ရုံးတွင် တစ်ဖက်သတ် ကွာရှင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**တပ်သားရဲမင်းဦး**
**ကိုယ်ပိုင်အမှတ် တ/၅၄၈၈၃၆**
**ဖုန်း-၀၉-၂၅၁၀၇၂၈၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7365,Mitsubishi Canter F653EB, Truck (4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးမောင်ကျော် ၆/လလန (နိုင်)၀၁၉၅၇၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၅၄၂၉, Honda Dream 125, M/C ယာဉ်လက် ဝယ်ရှိသူ ဦးချစ်ဝင်း ၆/မအရ(နိုင်) ၁၀၄၂၁၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မြိတ်)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂-၂၃-၂၄၊ မြေကွက်အမှတ် ၂၃/ပ-၁၁၊ ဧရိယာ ၀ဒသမ ၁၈၀ ဧကရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ် များအားလုံးတို့ အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးကြည်စိန် ၂/လကန(နိုင်)၀၄၅၁၄၈ ၏ ကိုယ်စား တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန် ခံပြောဆိုလာသည့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်တင်ခိုင် ၉/မရမ(နိုင်)၀၂၇၉၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါ၍ အဆိုပါ ပစ္စည်း အရပ်ရပ်တို့နှင့် ပတ်သက် ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း(စဉ်-၆၀၈၂) B.A, H.G.P, C.B.L,D.B.L, D.M.L**
**အထက်တန်းရှေ့နေ**
**တိုက်အမှတ် ၃(အေ)၊ သုံးလွှာ(ခေါင်းရင်းခန်း)**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၅၀၇၀၆၇၇၊ ၀၉-၇၈၇၉၂၇၁၉၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1A/9710 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေး ရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## တစ်ဦးတည်းဖြစ်ကြောင်း

သထုံမြို့၊ မရမ်းကုန်းကျေးရွာ အထက နဝမတန်းမှ မမေမြင့်စံ၏ ဖခင် ဦးကျော်ထိုက်(ခ)စောကျော်ထိုက် ၁၀/ သထန(နိုင်)၁၀၅၈၉၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်ကြီးမဏ္ဍိုင်မြို့၊ အလက (ပြည်ကြီးမဏ္ဍိုင်) Grade- 7 သင်ရိုး သစ်မှ မောင်မြင့်ဇော်၏ဖခင်အမည်မှန်မှာ အိမ်ထောင် စု စာရင်းအရ ဦးရဲအောင် ၆/ပကမ(နိုင်)၀၀၁၂၈၂ ဖြစ်ပါကြောင်း။

**ဦးရဲအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၃) လမ်း၊ အမှတ်(I/၁၈)အမည်တွင်သည့် ပေ(၄၀x၆၀)အကျယ်ရှိ ဦးခင်စိုးအမည်ဖြင့် စလစ် ပြေစာအမည်ပေါက်ခြံမြေအနက်မှ မြောက်ဘက်ခြမ်း ပေ(၁၀ x ၆၀)အကျယ်ရှိခြံမြေ နှင့် ယင်းပေါ်ရှိ အုတ်ခံတစ်ထပ်အိမ်တစ်လုံး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုစံက ဝယ်ယူရန်အတွက်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆို၍ ရောင်းချသော ဒေါ်သန်းသန်းစိုးအား ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသပေး ချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ATRIUM CONDOMINIUM နှင့်ပတ်သက်၍ မြန်မာရွှေဥဒေါင်းမင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ မန်နေဂျင်းဒါရိုက်တာဦးနိုင်ဝင်း (ခ)ရှစ်တာကာနီ၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသည့် ဦးချစ်ကိုကိုပါ ၄ဦးမှ ရတနာမြိုင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးနိုင်ဝင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့ ၁၄-၁၁-၂၀၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ အကြောင်းကြားတောင်းဆိုခြင်း၊ အကြောင်းကြားစာပေးပို့ အကြောင်းကြားသိစေခြင်းနှင့်ပတ်သက်၍ ပြန်လည်ကြေညာခြင်း

မန်နေဂျင်းဒါရိုက်တာ ဦးနိုင်ဝင်းအောင်၊ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်ကြား သိစေအပ်သည်မှာ-

၁။ အကြောင်းကြားစာအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာခြင်းသည် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ဂုဏ်သိက္ခာနှင့် စီးပွားရေးလုပ်ငန်းကို နှောင့်ယှက်ထိခိုက်စေရန် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူမိကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

၂။ Atrium Condominium စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံသူ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လုပ်ငန်းလက်ခံသူ မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည် ၂၇-၄-၂၀၁၂ရက်တွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့သော်လည်း ယင်းသဘောတူစာချုပ်ကို ပယ်ဖျက်ပြီး လုပ်ငန်းအပ်နှံသူ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လုပ်ငန်းလက်ခံသူ (၁) မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ (၂) ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည် ၉-၉-၂၀၁၃ရက်စွဲ ပါ လုပ်ငန်းဆောင်ရွက်မှု သဘောတူပြင်ဆင်စာချုပ်ကို ချုပ်ဆိုခဲ့သောကြောင့် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည်လည်း လုပ်ငန်းလက်ခံသူတစ်ဦးဖြစ်ကြောင်း စာချုပ်များနှင့် ညွှန်ကြားချက်အရ သိရပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မှု သဘောတူပြင်ဆင်စာချုပ် မချုပ်ဆိုမီက မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည် ၁၆-၅-၂၀၁၂ရက်စွဲပါ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆို၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ကို ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ၇၅%၊ မြန်မာရွှေဥဒေါင်းမင်းကုမ္ပဏီလီမိတက်မှ ၂၅%ကျခံရန်၊ ရရှိလာမည့် အကျိုးအမြတ်ကိုလည်း ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်မှ ၇၅%၊ မြန်မာရွှေဥဒေါင်းမင်း ကုမ္ပဏီလီမိတက်မှ ၂၅%ခွဲဝေခံစားရန်၊ စီမံကိန်းလုပ်ငန်းကို ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်ရန် သဘောတူခဲ့ကြကြောင်း စာချုပ်နှင့် ညွှန်ကြားချက်အရ သိရပါသည်။

၄။ ကုမ္ပဏီနှစ်ခု သဘောတူစာချုပ် မချုပ်မီက မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ဆောင်ရွက်ကုန်ကျစရိတ်(၎င်း၏အကျိုးအမြတ်)ကို တန်ဖိုးကျပ်သိန်း ၃၀၀၀၀သတ်မှတ်၍ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ကျခံရမည့် ၇၅%အချိုးကျငွေ ကျပ်သိန်း ၂၂၅၀၀ကို မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ပေးအပ်ပြီးဖြစ်ကြောင်း စာချုပ်များနှင့် ညွှန်ကြားချက်အရ သိရပါသည်။

၅။ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်ချိန်တွင် မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ထည့်ဝင်ရမည့် တည်ဆောက်ကုန်ကျစရိတ် ၂၅%ကို လုံးဝထည့်ဝင်ခြင်းမရှိသည်သာမက လုပ်ငန်းသို့လည်း လာရောက်ခြင်းမရှိ၊ ၎င်းနှင့်မသက်ဆိုင်သလိုနေခဲ့၍ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကသာ ကုန်ကျစရိတ်များကိုကျခံ၍ စီမံကိန်းလုပ်ငန်းအောင်မြင်ရေး အတွက် အထက်ဌာနများထံ တင်ပြဆောင် ရွက်ခဲ့ရကြောင်း ညွှန်ကြားချက်အရ သိရပါသည်။

၆။ စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်နေစဉ်မှာပင် မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အမြတ်ငွေကိုကြိုတင်ပေးရန် အကြိမ်ကြိမ်တောင်းဆို၍ ၂၀၁၆ ခုနှစ်ထိ ကြိုတင်အမြတ်ငွေ စုစုပေါင်းကျပ်သိန်း ၉၅၀၀ ကို ရတနာမြိုင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ပေးခဲ့ရပြီးဖြစ်ကြောင်း စာချုပ်များနှင့် ညွှန်ကြားချက်အရ သိရပါသည်။

၇။ ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် စီမံကိန်းလုပ်ငန်းကို မိမိကုန်ကျစရိတ်ဖြင့် တာဝန်ယူတည်ဆောက်နေရသောကြောင့် ၁၇-၃-၂၀၁၇ ရက်စွဲဖြင့် အဆောက်အအုံတည်ဆောက်စရိတ် PAE သတ်မှတ်ခြင်းဆိုင်ရာ နှစ်ဖက် သဘောတူနောက်ဆက်တွဲစာချုပ် ချုပ်ဆိုပြီး ကုန်ကျမှုအဝဝကို တာဝန်ယူတည်ဆောက်သည့် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှသာ အရောင်းအဝယ်ပြု၍ ၎င်းငွေများနှင့် လိုအပ်ပါက ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အစီအစဉ် ဖြင့်သာ အဆောက်အအုံကို ပြီးစီးအောင်တာဝန်ယူတည်ဆောက်ရန်၊ ရရှိသောအခန်းများကို ရောင်းချပြီးနောက် စရိတ်တို့ကိုနုတ်ပြီး ပိုလျှံသောအမြတ်ငွေများကို ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ၇၅ %၊ မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ၂၅ % ခွဲဝေခံစားကြရန် နှစ်ဖက်သဘောတူခဲ့ကြောင်းကို စာချုပ်နှင့် ညွှန်ကြားချက်အရ သိရပါသည်။

**၈။ စီမံကိန်းလုပ်ငန်း မပြီးသေးသော်လည်း ကုမ္ပဏီနှစ်ခု စာရင်းညှိနှိုင်းခြင်းကို အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အရင်းအနှီးထည့်ဝင်ခြင်းလည်းမရှိ၊ လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်း လည်းမရှိဘဲ တောင်းဆိုသောငွေများကို ရပြီးဖြစ်သော်လည်း မတန်တဆရလိုမှုသာရှိနေ၍ ညှိနှိုင်းမှုအောင်မြင်ခြင်းလည်း မရှိခဲ့ကြောင်း ညွှန်ကြားချက်အရ သိရပါသည်။**

၉။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရရှိသည့်အခန်းများကို ရောင်းချရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရွှေရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့သည် သီးခြားသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ချက်ဖြစ်ပါသည်။ ရွှေရတနာမြိုင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ကသာ အခန်းဖိုးငွေများ ပေးသွင်းဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ မြန်မာရွှေဥဒေါင်းမင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း စာချုပ်နှင့်ညွှန်ကြားချက်အရ သိရပါသည်။

၁၀။ ၁၄-၁၁-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ တောင်းဆိုမှုကို ရထိုက်သည်ဆိုပါက မြန်မာရွှေဥဒေါင်းမင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တရားစွဲတောင်းဆိုခြင်းကို ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဥပဒေနှင့်အညီ ခုခံချေပရန် အသင့်ရှိကြောင်းနှင့် မြန်မာရွှေဥဒေါင်းမင်းကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးဆပ်ရန် အကြောင်းပေါ်ပေါက်ပါကလည်း ခံယူရန်ဖြစ်ကြောင်း ညွှန်ကြားချက်အရ ပြန်လည်ကြေညာအပ်ပါသည်။

၁၁။ Atrium Condominium မှ အခန်းဝယ်ယူထားသူများသည် ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တရားဝင်ရောင်းချထားခြင်းဖြစ်သောကြောင့် စိုးရိမ်မှုမရှိစေရန် ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | ညွှန်ကြားချက်အရ- |
|---|---|
| U NAING WIN AUNG | ဦးသိန်းဟန် |
| MANAGING DIRECTOR | B.A(Law), LL.B(ADVOCATE) |
| GOLDEN YADANAR MYAING | တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၄၃/၁၆-၈-၁၉၉၃) |
| CONSTRUCTION CO.,LTD | ၁၂၀၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ |
| | ဒဂုံမြို့သစ်(မြောက်ပိုင်း) |
| | ဖုန်း-၀၉-၄၃၀၉၀၀၅၅ |

## ဘဒ္ဒန္တဉာဏ

### (မူလဓမ္မာစရိယ၊ ကသစ်ဝိုင်ကမ္မဋ္ဌာနာစရိယ)

### သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ပေတောကျောင်းပဓာန နာယက၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏ မဟာထေရ်မြတ်ကြီးသည် (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်) ၁-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ဖ:၄၅နာရီတွင် ဘဝနတ်ကျောင်းရွှေ့ပြောင်းသွားတော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တန်ဆောင်မုန်းလကွယ်နေ့) ၃-၁၂-၂၀၂၁ရက်(သောကြာနေ့)တွင် တောင်အင်းမြောက်အင်း သုသာန်၌ မီးသင်္ဂြိုဟ်ပူဇော်ပြီး ဖြစ်၍ ကြွင်းကျန်ရစ်သော အရိုးပြာများကို မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဇာတိပန်းစွာရွာသို့ ပင့်ဆောင်ကာ သမိုင်းကမ္ပည်းမှတ် တမ်းရေးထိုးပြီး အပူဇော်ခံထားရှိမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**တပည့် သံဃာတော်များ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်ကေသီငွေ
## ကလေးအထူးကုဆရာဝန်ကြီး
## အသက်(၅၉)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်၊ ဗဟိုလမ်း၊ အမှတ်(၁၂၂)နေ (ဦးငွေ)-ဒေါ်ကျင်ဝမ်တို့၏သမီးကြီး၊ ဦးပြေငြိမ်း-ဒေါ်လေးလေးသန်း၊ ဒေါ်သန္တာငွေတို့၏ အစ်မကြီး၊ တူသုံးယောက်တို့၏အန်တီကြီးသည်၅-၁၂-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉:၂၀နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၂၁ရက်(တနင်္လာနေ့) နံနက်၁၀နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ တိုက်အမှတ်(၁၃)၊ ပထမထပ်နေ ဦးမင်းညို ထင်(ဘ)ဦးခိုင်ဦး ၁၂/လမန(နိုင်) ၁၀၁၅၂၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းညိုထင်သည် "ZABU THAPYAY"ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ရုပ်နှင့်စိတ်ကို မွေးကြိုင်လန်းဆန်း သဟဇာတဖြစ်စေသော နံ့သာအခြေပြုထုတ်ကုန်တို့တွင် အသုံးပြုလျက်ရှိပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ် တံဆိပ် မှတ်ပုံတင်အမှတ် ၄၁၉၅/၂၀၂၁(၁၆-၁၁-၂၀၂၁)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဖော်ပြပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ လှပကျော့ရှင်းနုပျိုကျန်းမာ ပြည့်စုံပွင့်လန်းခြင်းဖြစ်စေသော နံ့သာအခြေပြုကုန်ပစ္စည်းများ၊ ကျန်းမာလှပစေသော အလှအပနှင့်စပ်ဆိုင်သော အလှကုန်ပစ္စည်းများကို ထုတ်လုပ်လျက် မြန်မာပြည် တစ်ဝန်းလုံးကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ထိုသို့ ထုတ်လုပ်ဖြန့်ချိရောင်းချရာ၌ အထက်ပါကုန်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်ကို အရွယ်စားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အသားတံဆိပ်နှိပ်၍ဖြစ်စေ၊ အသင့်ပြု လုပ်ပြီး တံဆိပ်ကပ်နှိပ်၍ဖြစ်စေ၊ အခြားသော ထင်ရှားစေမည့် နည်းလမ်းတစ်မျိုးမျိုးဖြင့်ဖော်ပြ၍ဖြစ်စေ အသုံးပြုနေပါသည်။ ၎င်းအပြင် လုပ်ငန်းနှင့်သက်ဆိုင်သော ဆိုင်းဘုတ်နှင့် မီဒီယာကြော်ငြာအမျိုးမျိုးတို့၌လည်းကောင်း၊ စာရွက်စာတမ်းများ၊ ဘ လောက်တုံး၊ တံဆိပ်တုံးများ၊ လက်ကမ်းကြော်ငြာများ၊ ရုပ်သံ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ Website အစရှိသည်တို့ပေါ်တွင်လည်း အဆိုပါကုန် အမှတ်တံဆိပ် အမှတ်အသားကိုပင် တစ်နည်းနည်းဖြင့်ဖော်ပြ၍အသုံးပြုနေပါသည်။ သို့ဖြစ်ပါ၍ " ZABU THAPYAY"ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိတစ်ဦးတည်းကမှသာလျှင် ပိုင်ရှင်အဖြစ် သုံးစွဲသွားမည်ဖြစ်ပြီး မိမိမှ လွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းသုံးစွဲခွင့်ပြုထားခြင်း လုံးဝမရှိပါ။ အကယ်၍ဖော်ပြပါ "ZABU THAPYAY"ကုန်အ မှတ်တံဆိပ်အမှတ်အသားကို ဦးမင်းညိုထင်၏တရားဝင်ခွင့်ပြုချက်မရရှိဘဲ ပုံတူပုံမှား၊ ထင်ယောင် ထင်မှား၊ ဆင်တူယိုးမှား၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်ထားခြင်းမျိုးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးချစ်ကိုကို(ရွှေစာရေး)**
**LL.B,WIPO-101(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၉၄)**
**အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၁၆၃၇၊၀၉-၄၅၀၁၇၀၀၀၁**

## ဒေါ်စန်းစန်း(ခ)Pancy Ba Maung ကျောက်ဆည်
### (MAYMYO St. MIECHAL ကျောင်းသူဟောင်း)
### အသက်(၉၀)

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်နေ (ဦးဘမောင်-ဒေါ်အေး)တို့၏သမီး၊ ဆီဆုံရပ်နေ (ဦးဘိုးထွန်း-ဒေါ်စု)တို့၏သမီးချွေးမ၊ (အငြိမ်းစား ရဲမှူးကြီး ဦးခင်မောင်)၏ဇနီး၊ ဦးခင်မောင်ဦး-ဒေါ်ခင်မာစိုး၊ ဦးခင်မောင်ထူး-ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်နှင်းနှင်းဦး-ဦးမျိုးဝင်း၊ဦးခင်မောင်ဝင်း -ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်စန်းစန်း-ဦးဝင်းနိုင်ညွှန့်၊(ဦးခင်မောင်ဘို)-ဒေါ်ဥမ္မာစိန်၊(ဒေါ်မူမူခင်)၊ (ဦးခင်မောင်အေး)၊(ဦးခင်မောင်ဌေး)-ဒေါ်ဝင်းဝင်းနွယ်၊(ခင်မောင်ထွေး) တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၁၂-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၄၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်(A-6)၊ အခန်း(၄၀၂)၊ ငါးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ အုပ်စု(၃)အောင်သစ္စာလမ်းသွယ်၊ အမှတ်(၈/၁၁၀)ဟုခေါ်တွင်သော မြေဧရိယာ အကျယ်အဝန်း (အလျား ၄၈ ပေ x အနံ ၁၁၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ဒေါ်မြင့်မြင့်စိုး ၁၂/အလန(နိုင်) ၀၁၂၉၃၃ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဝယ်ယူမှုနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးအပ်ပါသည်။

**လွှဲအပ်ချက်အရ- ဒေါ်အေးမင်းသန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)**
**ရုံး-အမှတ်(၃၄)၊ ပထမထပ်၊ အလံပြဘုရားလမ်း၊**
**စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ် (၂၀၂-ခ)၊ပေ(၁၅x ၄၅) အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်အမာကြည် အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်ကို မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ပါဝါလွှဲစာ (၄၀၁၉/၂၀၁၂)ဖြင့် လက်ခံရရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းမြေကွက်၏ ဒေါ်အမာကြည်အမည်ပါ မြေချထားမိန့် စာရွက်မူရင်းမှာ အသိမ်းဆည်းလွန်ကာ ပျောက်ဆုံးသွားပါသည်။

စာရွက်စာတမ်းမူရင်းများနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထွေထွေကိုယ်စားလှယ် လက်ခံရရှိသူ ဦးသိန်းထိုက်မှ ဂရန်သက်တမ်းတိုး အမည်ပြောင်းကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးသိန်းထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မေ(LL.B,D.B.L, D.I.L)** **ဒေါ်ယဉ်ယဉ်ငွေ(LL.B,D.B.L, D.I.L)**
**(တရားလွှတ်တော်ရှေ့နေ)** **(အထက်တန်းရှေ့နေ)**
**၅၇လမ်း၊(၁၁၃)၊ ပိတောက်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ဒက္ခိဏခရိုင်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၁

ဒေါ်ကြည်တီ(ခ)ဒေါ်ကင်တီ နှင့် ၁။ ဦးဂွန်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမျိုးဝင်း) ၂။ ဒေါ်ခင်မြခိုင်
၃။ ဦးအောင်နိုင်ဦး
၄။ ဒေါ်ချယ်ရီလှ
၅။ ဦးသက်မြင့်ဦး
၆။ ဒေါ်ကေသီလှ
၇။ ဒေါ်သွယ်ဇွန်အောင်
တရားလို တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာ ၂လမ်း၊ အမှတ် ၂၈နေ ဒေါ်ခင်မြခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာ၊ အပါချီ ဘိလပ်မြေစက်ရုံဝန်ထမ်းအိမ်ရာနေ ဦးအောင်နိုင်ဦး၊ ဒေါ်ချယ်ရီလှ၊ ဦးသက်မြင့်ဦး၊ ဒေါ်ကေသီလှ(ယခုနေရပ်လိပ်စာ မသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလိုကအမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဒက္ခိဏခရိုင်တရားရုံး**

## မနန်းမြင့်မြင့်အေးနှင့်အများသိစေရန်ကြော်ငြာခြင်း

မူဆယ်မြို့၊ အမှတ်(ဟန/၅၄၅-ဃ)နေ ကျွန်တော် ဦးစိုင်းယီစံ(ဘ)ဦးစိုင်းယီသည် ဇနီးမနန်းမြင့်မြင့်အေး ၁၃/မဆတ (နိုင်) ၀၄၁၁၆၉(ဘ)ဦးထွန်းစေ(ခ)ဦးစိုင်းကျော်ဦးနှင့်အကြင်လင်မယားအဖြစ် လွန်ခဲ့သော (၁၃)နှစ်က ပေါင်းသင်းနေထိုင်ပြီး မောင်ရဲလင်းရှိန် အသက်(၁၂)နှစ်အရွယ်သားတစ်ဦးရရှိခဲ့ပါသည်။ သို့သော်လည်း ကျွန်တော့်ဇနီးမနန်းမြင့်မြင့်အေးသည် လုံလောက်သော အကြောင်းမရှိပါဘဲ (၁၃-၁၁-၂၀၁၈)ရက်တွင် နေအိမ်မှဆင်းသွားပါသည်။ မိမိအနေဖြင့် မိမိဇနီးဖြစ်ကြောင်းနှင့်သားမောင်ရဲလင်းရှိန်၏ နောင်ရေးအတွက် ၎င်း၏မိဘအိမ်ဖြစ်သော (တ/၁၀၇)တောင်ရပ်ကွက်၊ မူဆယ်မြို့သို့အကြိမ်ကြိမ်သွားရောက်ခေါ်ဆောင်သော်လည်း အတွေ့မခံဘဲရှောင်နေခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိမိအနေဖြင့် (၁၀-၁-၂၀၁၉)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ တစ်ဆင့်နေအိမ်သို့ပြန် လာရန် အသိပေးခဲ့ရပါသည်။ ထိုသို့အသိပေးခြင်း၊ လူကိုယ်တိုင်သွားရောက်ခေါ်ခြင်းပြုသော်လည်း အတွေ့မခံ၊ ရှောင်နေမြဲဖြစ်၍က တစ်ကြောင်း၊ ယနေ့အထိပြန်၍ပေါင်းသင်းလိုခြင်းမရှိ၍လား မည်သည့်အကြောင်းပြချက်မရှိဘဲ နေအိမ်မှ ဆင်းသွားသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ထို့ကြောင့် အကြင်ဇနီးဖြစ်သော ဒေါ်နန်းမြင့်မြင့်အေးသည် ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခင်ပွန်းဖြစ် သူထံသို့ ပြန်လည်လာရောက်ပါရန် အများသိစေရန်ကြော်ငြာအပ်ပါသည်။ သွေးဆောင်သူအား ဥပဒေအတိုင်းအရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုင်းယီစံ ၁၃/မဆတ(နိုင်)၀၄၁၂၄၂၏ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူဝင်း (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၆၆)**
**မူဆယ်မြို့၊ ဖုန်း-၀၉-၂၅၉၁၄၅၅၂၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈x၈၉ကြား၊ ၂၃x၂၄ကြား၊ ယုဇနလမ်းသွယ်၊ သီရိ မာလာအိမ်ရာစခန်း၊ တိုက်အမှတ်(၄)၊ ဒုတိယထပ်၊ အခန်း(၅)၊ ဧရိယာ(၂၅x၅၀)ပေ အကျယ်အဝန်းရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝင်းဝင်းခိုင်(ဘ)ဦးတင်သောင်း ၁၀/ရမန(နိုင်) ၀၀၃၂၈၂ထံမှ ကျွန်ုပ်တို့မှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**၁။ ဒေါ်ရွှန်းလဲ့အောင်(ဘ)ဦးမောင်ဇော်** **၂။ ဦးဆွေလှိုင်ထူး(ဘ)ဦးမောင်ဇော်**
**၇/ညလပ(နိုင်)၁၃၉၁၅၈** **၇/ညလပ(နိုင်)၁၈၅၃၅၅**
**၂၂-လမ်း၊ လမ်း ၉၀-ဘီထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၇၇၀၁၅၃၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၂/ရပ်ကွက်၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၁၀၉၁)၊ မြေပေ အကျယ်အဝန်း(၄၀ပေx ၆၀ပေ) ပါမစ်မြေနှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမင်းသိန်း ၅/ယမပ(နိုင်) ၀၆၃၂၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့် ၈/မလန(နိုင်)၀၁၆၆၄၇က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံ သော မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပပလင်း(LL.B)** **ဒေါ်အိစန္ဒာဖြိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၇၂)** **အထက်တန်းရှေ့နေ(စဉ်-၅၂၃၅၀)**
**ဖုန်း- ၀၉- ၄၂၀၃၇၈၀၃၊ ၀၉-၂၆၀၉၇၀၂၁၉ ၊ ဖုန်း-၀၉-၄၂၀၅၅၄၄၉၊**
**၀၉-၄၂၀၇၆၁၄၀၄**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမလမ်းနေ မဇင်မာထွန်း(ခ)မနှင်းအေးခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၇၃၁)၊ ဧရိယာ(၀ဒသမ၁၀၀)ကေရှိ မြေကွက်အား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိန် ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းဟေမာန်ဦးထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများ ဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇင်မင်းထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၂၁)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## မော်လဝီရှတီသွလ္လာဟ်(ခ)ဦးစိုးမင်းဦး
## ၁၂/တကန(နိုင်)၁၇၈၀၅၈ နှင့် အများသိစေရန် ကြေညာခြင်း

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ သိမ်ဆိပ်ရပ်ကွက်၊ ရွှေလှေတန်းလမ်းနေ ဒေါ်ခိုင်ဇာဦး(ခ) ရှဟီဒါဘီ ၁၀/သတန(နိုင်)၂၂၁၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးစိုးမင်းဦး နှင့် ဒေါ်ခိုင်ဇာဦးတို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အစ္စလာမ်သာသနာတရားတော် နှင့်လျော်ညီစွာ နီကာဟ်ထိမ်းမြားစာချုပ်ချုပ်ဆို၍ ပေါင်းသင်းခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်ခိုင်ဇာဦး ကလေးမွေးဖွားပြီး နောက်ပိုင်းတွင် ဦးစိုးမင်းဦးမှ စိတ်ငြိုငြင်အောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် မကြာခဏ စကားများရန်ဖြစ်ခဲ့ကြပါသည်။ ဦးစိုးမင်းဦးသည် သားဖြစ်သူ (၅)လ ခွဲ၌ နေအိမ်တွင် မနေနိုင်ကြောင်း ပြောဆိုကာ ထွက်သွားပြီးနောက် ကလေးနှင့် မယားစရိတ်များ ထောက်ပံ့ပေးအပ်ခြင်းမရှိသည့်အပြင် တစ်ကြိမ်တစ်ခါမျှ ဆက်သွယ်ခြင်းမရှိခဲ့ဘဲ အကြောင်းမဲ့စွန့်ပစ်ခဲ့သည်မှာ ယခုသား(၄)နှစ်ခွဲရောက်သည် အထိဖြစ်ပါသည်။ထို့ကြောင့် စွန့်ပစ်ခံရသူ ဒေါ်ခိုင်ဇာဦးအနေဖြင့် စွန့်ပစ်သူဦးစိုးမင်းဦးအား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ လင်ခန်း၊ မယားခန်း ပြတ်စဲကြောင်းကို ဦးစိုးမင်းဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ထိုသို့ အစ္စလာမ်သာသနာ့ တရားတော်နှင့်အညီ ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးပပဝင်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၇၅)၊**
**အမှတ် ၇၄၀၊ ရွှေဟသ်ာလမ်း၊ ကျိုက္ကော်ရပ်ကွက်၊ သုဝဏ္ဏဝတီမြို့၊ သထုံမြို့နယ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးရှိ အဆိုပါ ဓာတ်အားပေးစက်ရုံ စီမံကိန်း၌ ကျင်းပသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ သပြေဝနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစဉ်။

## မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်း အသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❏




မြန်မာ့မီးရထားမှ ပြေးဆွဲပေးနေသည့် လူစီးအမြန်ရထားတစ်စင်းကို တွေ့ရစဉ်။

## မြို့နယ်အချို့ရှိ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၅**

မြို့နယ်အချို့ရှိ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းအား အကြမ်းဖက်လက်နက်ကိုင် အဖွဲ့များက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိရာတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ မြို့မ (၁) ရပ်ကွက်ရှိ မြို့နယ်တရားရုံးအား CDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့ အင်အား (စိစစ်ဆဲ) က မီးရှို့ဖျက်ဆီးခဲ့ရာ မွန်းလွဲ ၁၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် (၇၀ x ၃၀ x ၁၅) ပေ သွပ်မိုး/အုတ်ကာ တစ်ထပ် အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက် အရောက် CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၂၀ ခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့်

*စာမျက်နှာ ၂၅ ကော်လံ ၅* ❍

**ယနေ့** သတင်းအညွှန်း

**အင်ဒိုနီးရှားနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရ**

စာမျက်နှာ - ၁၃

**ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းဆောင်ရွက်**

စာမျက်နှာ - ၂၅

**မန်စီးတီးတို့ ဝက်ဖို့ဒ်ကိုအနိုင်ယူကာ အမှတ်ပေးဇယားကို ဦးဆောင်၊ မန်ယူနှင့် စပါးတို့ ပြိုင်ဘက်အသင်းများကို အနိုင်ယူ**

စာမျက်နှာ - ၂၆

**၅-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ**

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၂၈၅ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၆ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၈၃ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၄၂ |